
www.burmeseclassic.com

လမင်းလန့်တုန်း ကြယ်တွေခင်းခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents


PRICE - 1500 Ks.

# ရည်း

## လဖင်းလန့်တုန်း ကြယ်တွေခင်းခဲ့တယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**. . A . .**

သူက တက္ကသိုလ်မှာတော့ အဖြေရှာရခက်ခဲတဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး ကျောင်းသူ၊ ကျောင်းသားတွေ အားကိုးအားထားပြုရလောက်တဲ့ ခေတ်သစ်ရှားလော့ဟုမ်း တစ်ယောက်ပါ . . .

စိတ်ပညာရှင်ကြီး John Holland(ဂျွန်ဟော်လန်) ပြောတဲ့ လူ့ပင်ကို အရည်အသွေး စရိုက်လက္ခဏာ (၆) မျိုးထဲမှာမှ Investigative type ထဲမှာ ပါတဲ့သူ။

အပျင်းထူပြီး တစ်ခါတစ်ရံ ထင်ရာစိုင်းတတ်၊ ဗရုတ်ကျတတ်တာလောက်ကလွဲရင် ပြဿနာ တော်တော်များများကို အပေါ်စီးကကြည့်တတ်၊ ရှုးရှူးရှရှတွေးခေါ် အခြေထုတ်တတ်တဲ့ ပါရမီရှင် တစ်ယောက်ဆိုလည်း မမှားဘူးပေါ့ . . .

သူ့ နာမည်ကလည်း နှစ်လုံးတည်းနဲ့ ထိထိမိမိ ရိုးရိုးရှင်းရှင်း ရှိလှပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လေးနက်…တဲ့။

ဒသသနိက ဂုဏ်ထူးတန်း ကျောင်းသားတစ်ယောက်‥

ကမ္ဘာ့အနောက်ခြမ်း နာမည်ကြီး တက္ကသိုလ်တစ်ခုက ပေးအပ်လာမယ့် ဒီပလိုမာ ပရောဖက်ဆာဘွဲ့အတွက် ဂန္ထာရီသိပ္ပံ ပညာရပ်ကို သုတေသန စာတမ်းပြုစုသူတစ်ယောက်‥။

"လေးနက်‥လေးနက်ကိုတွေ့မိကြလား…."

"အေး‥တွေ့တော့တွေ့လိုက်တယ် ကန်တင်းဘက်သွားတယ်နဲ့ တူတယ်‥"

ကျောင်းသားတစ်ယောက်က သူ့ကို အူယားဖားယားလိုက်ရာပြီဆိုကတည်းက ဒီကောင်ပြာကိုင်နေပြီမှန်း အားလုံးက ရိပ်စားမိနေကြပြီ‥

"သူငယ်ချင်း ထိုင်မယ်နော်…"

သူငယ်ချင်းဆိုလို့ ဘယ်သူများလည်း မှတ်တယ်။ တစ်ခါမှလည်းမမြင်ဖူး‥။

"ထိုင်ပါဗျာ…"

သူက ခေါင်းတစ်ချက်ညိတ်ကာ ထိုင်ခွင့်ပြုလိုက်တယ်ဆိုရင်ပဲ အဲဒီကျောင်းသားက‥

"ကိုယ်က သချ်ာက သက်ထူးဇော်ပါ‥"

နံပြားထောပတ်သုတ်တစ်ခုကို ဝါးရင်း သူခေါင်းညိတ်ပြလိုက်သည်။

"သူငယ်ချင်းကို အကူအညီလေးတစ်ခုလောက် တောင်းချင်လို့…"



"အင်း‥ပြောပါဦး‥"

"ကိုယ်တောင်းချင်တဲ့အကူအညီဆိုတာက အကြံဉာဏ်ဆိုပါတော့ကွာ… ကိုယ်အခုတလော ဘာတွေ ဖြစ်နေမှန်းကို မသိဘူး‥"

ပြောရင်း သက်ထူးဇော်က ခေါင်းကို တဗျင်းဗျင်း ကုတ်သည်။

ဟုတ်တော့ ဟုတ်မယ့်ပုံ…သူ့ကြည့်ရတာ ကိုယ်တောင် ဂယောင်ဂယင် ဖြစ်ချင်လာသည်။

"ကိုယ် သတိထားမိတာ နှစ်လလောက်ရှိနေပြီ‥တစ်ရက်က အခွေငှားပြီး အိမ်ပြန်တော့ တစ်ခါမှ မဖြစ်စဖူး ခွေးလိုက်ဆွဲခံရတယ်…"

"သြော်…"

"နောက် သိပ်မကြာပါဘူး… ညီတစ်ဝမ်းကွဲက သူ့မွေးနေ့ကဲရအောင် ကလပ်လိုက်ခဲ့ပါဆိုလို့ လိုက်သွားတာ ဟိုရောက်တော့ ချာတိတ်တစ်ယောက် မလည်ရှုပ်ဝင်လုပ်တာ ရိုက်ပွဲဖြစ်ပြီး ကြားချောင်ကနေ ကိုယ်ပါ ခေါင်းကွဲရော…"

"အင်း…"

"ပြဿနာက အဲဒီလောက်နဲ့ မပြီးဘူး ငါ့ကောင်ရေ… ပုဂ္ဂလိကဆေးရုံတစ်ခုမှာ ခေါင်းကို လေးချက်ချုပ်၊ ဆေးတွေဘာတွေထိုးပြီး ပြန်လည်းလာရော…လမ်းကြတော့ မျက်လုံးတွေပြာဝေပြီး သတိလစ်မတတ်ဖြစ်လာလို့ ဆေးခန်းပြန်ပြေးရပြန်ရော…"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မတည့်တဲ့ဆေးထိုးမိလို့နဲ့တူပါရဲ့..."

"အစစ်ပေါ့ကွာ...။ အဲလိုနဲ့ ခေါင်းက ချုပ်ရိုးလေးမှ ပျောက်မယ်ကြံကာရှိသေး ရည်းစားဟောင်းက ဖုန်းဆက်ပြီး ကြမ်းတော့တာပဲ... အမျိုးသမီးရေးရာတွေ ဘာတွေ တိုင်မယ်လုပ်တာ..."

"ဟောဗျာ...ဘာဖြစ်လို့တုန်း..."

"ဘယ်အကောင်က ဝင်ချွန်သွားမှန်း မသိပါဘူးကွာ... သူ့အခု တွဲနေတဲ့ ရည်းစားကို ငါက သူနဲ့ ငါ ရည်းစားတုန်းက ကဲခဲ့တဲ့အကြောင်းတွေ ပြောတယ်ဆိုပြီး...ဘယ်အကောင် ဝင်ချွန်သွားမှန်းမသိတဲ့ ကိစ္စကြီးကို ငါ့မှာ ဝင်ဖြေရှင်းလိုက်ရတာ အမြှုပ်ထွက်ပြီး သေမတတ်ပဲ..."

သူလည်းရယ်ချင်ချင် ဖြစ်လာကာ လက်ဖက်ရည် တစ်ငုံမော့သောက်လိုက်ပြီး သက်ထူးဇော် စကားကို ဆက်နားထောင်နေလိုက်သည်။

"အဲဒီကိစ္စဖြစ်ပြီးတော့ ငါလည်း စိတ်ပြေလက်ပျောက် ခရီးထွက်ရင် ကောင်းမလားဆိုပြီး ချောင်းသာသွားလိုက်တယ်ကွာ..."

"စီးလာတဲ့ကားက လမ်းမှာ ဘီးပေါက်ရောလား..."

"အဲဒီထက်ဆိုးတယ်ဟေ့...ငါလည်း ဘုမသိ ဘမသိနဲ့ ဒီရေကျတဲ့အချိန် ရေထဲဆင်းမိတာ ရေဆွဲနဲ့ ပါသွားပြီး ရေနစ်ပါရော..."

ကြာတော့ လေးနက်လည်း နည်းနည်းကြောက်လာပြီး



သက်ထူးဇော်ကို ပြူးတူးပြဲတဲကြည့်ကာ နှာခေါင်းကို ပွရှုံ့ပွရှုံ့လုပ် အနံ့ခံလိုက်ပြီး...

"ဟမ်...ဒါ...ဒါဆို...ခင်ဗျားက အခု သရဲဖြစ်ပြီး ကျုပ်ကို လာကျပ်ပြီး ခြောက်နေတာပေါ့...ဟုတ်လား..."

"အာ...မဟုတ်ဘူး...မဟုတ်ဘူး...ငါမသေဘူး... ခင်းကွာ...တော်တော် ပေါက်တတ်ကရပြောတတ်တာပဲ...ကံဆိုးနေရတဲ့ကြားထဲ မကောင်းတဲ့နိမိတ်တွေ ကြိုမဖတ်စမ်းပါနဲ့...ရှိကြီးခိုးပါရဲ့ကွာ...ငါရေနစ်နေတာကို ရွာသားတစ်ယောက် တွေ့သွားပြီး ဆင်းဆယ်ကြတာနဲ့ ငါလည်း သေဘေးက လွတ်လာခဲ့တာ..."

သက်ထူးဇော်မှာ နည်းနည်းမောသွားသလို ရှိသွားပြီး ရေနွေးငုံကာ တစ်ငုံမော့လိုက်ပြီးကာမှ...

"အဲလိုနဲ့ ညရောက်လာရော..."

"အင်း..."

"နီးတစ်ဝက် အိပ်တစ်ဝက်အချိန်လောက်ရောက်တော့ မိန်းမတစ်ယောက် ဆံပင်ဖားလျားချပြီး ငါ့ခုတင်နား ကပ်လာပါရော..."

"ဖြစ်တော့ဖြစ်တတ်ပါတယ်...တစ်ချို့ ဟိုတယ်တွေက နည်းနည်းရှုပ်တယ်ဗျ၊ ဒါထက် မိန်းကလေးက ချောရဲ့လား..."

"မင်းအဘ...သရဲမဟော့...သရဲမဟ...သရဲအခြောက်ခံရတာဟ..."

"သိတယ်...ခင်ဗျားရဲ့ ကံကြမ္မာကို သောက်ညင်ကပ်ပြီး ရွှံ့ပြောနေတာ..."

www.burmeseclassic.com



“မင်းက သောက်ညင်ကပ်နေ…ငါ့မှာ ကြောက်ကြောက်နဲ့ သရဲမနဲ့ နှစ်ပါးသွားခဲ့ရတာ…။ သိပ်မကြာပါဘူး…ခုတင်ပေါ်တက်ပြီး ငါ့ကို ခွတော့တာပဲ…”

“ဘုရား…ဘုရား…”

သူက စိတ်မသက်သာဟန်နဲ့ သက်ထူးဇော်ရဲ့ မိုက်ကို မယုံကြည်သလို စိုက်ကြည့်လိုက်တာမို့ ဟိုခမျာမှာလည်း မလုံမလဲဖြစ်သွားပြီး…

“မင်းနော်…ငါက ယောကျာ်းလေး…ဘာဖြစ်ရမှာတုံး…”

“အေးလေ…ကျုပ်က ဘာပြောနေရလို့တုံး…”

“မင်းက ငါ့မိုက်ကို စိုက်ကြည့်နေတာကိုးလို့…”

“ခြုံငုံပြီး အကဲခတ်နေတာပေါ့ဗျ…ခင်ဗျား ကိစ္စတွေက သွေးရိုးသားရိုးမှ မဟုတ်တော့ဘဲ…အကူအညီလည်း လာတောင်းသေးတယ်…”

ဒီတော့မှ သက်ထူးဇော်က လေသံနည်းနည်း ပြင်လိုက်ပြီး…

“ဟုတ်ပါတယ် သူငယ်ချင်းရာ…ငါ ဘာဖြစ်နေသလဲဆိုတာ မင်းရဲ့ဂန္ဓာရီသိပ္ပံရှုထောင့်တို့၊ ဂမ္ဘီရသိပ္ပံရှုထောင့်တို့ကနေ တွက်ချက်အဖြေရှာကြည့် ပေးပါဦးကွာ…ငါလည်း အခုတလော ဆက်တိုက်ကြီးကို ကံဆိုးနေတာ…ပြဿနာတွေကလည်း တစ်ခုပြီးတစ်ခုကွာ… ကြာတော့ နင်းထားတဲ့မြေကြီးတောင် ကျွံကျသွားမလား ကြောက်နေမိတယ်…”



အဲဒီလို ပြောလို့မှ မဆုံးသေး…‘ဂျွတ်’ ဆိုတဲ့ အသံနဲ့အတူ သက်ထူးဇော်ထိုင်နေတဲ့ သစ်သားခွေးခြေထိုင်ခုံပုကလေးမှာ ကျိုးထွက်သွားပြီး သက်ထူးဇော်ခမျာမှာလည်း မြေကြီးပေါ် ဖင်ထိုင်ရက် ပြုတ်ကျသွားလေတော့သည်။

ဒီတော့မှ သူလည်း သက်ထူးဇော်ကို ကောင်းကောင်း ခြုံငုံသုံးသပ်မိသွားပြီး…

“ခင်ဗျား…စိတ်မပူနဲ့တော့…။ ကျုပ် သဲလွန်စ ခြေရာ ခံမိပြီ….”

* * *

www.burmeseclassic.com

www.burmeseclassic.com

..B..

"လေးနက်...ဟာကွာ...ရှာလိုက်ရတာ..."

တစ်ယောက်ကိစ္စက မပြီးပြတ်သေး...။ နောက်တစ်ယောက်က သူ့ဝိုင်းသို့ ရောက်လာလေတော့သည်။

အဲဒါကြီးကိုတော့ သူတို့ သူငယ်ချင်းတွေ စိတ်အညစ်ဆုံးပင်...။

နာမည်အရင်းကိုတော့ မသိ။ ကလောင်နာမည်ကတော့ မောင်နွေရိုး (နေဖြူ)...တဲ့။ မြန်မာစာ ဂုဏ်ထူးတန်းက ကျောင်းသားတစ်ယောက်။ လေးနက်တို့ကတော့ သူ့ကို မောင်မွေအိုး (အဏုမြူ)လို့ နာမည်ပြောင်ပေးထားကြသည်။

သူက မွေလည်း အင်မတန် မွေပါသည်။ သူမွေတာက ယောကျ်ားလေးများကို မဟုတ်။ မနူးမနပ် ပထမနှစ်ကျောင်းသူလေးများကို ပစ်မှတ်ထား မွေတတ်၏။

အဏုမြူဆိုတာက သိတယ်မဟုတ်လား...။ ညှုးကလီးယားလေ...မိန်းကလေးတွေနဲ့တွေ့ရင် မညာဘဲကို မနေနိုင်...ဒီကြားထဲ စာတိုပေစက မတောက်တခေါက်ရေးတတ်တော့ ပိုဆိုး



ကုန်တာပေါ့...

ပြီးတော့ သူမွေလိုက်ရင်လည်း သူ့ငွေးသမီး ပေါက်စလေးတွေချည်းပဲ...။ နောက်တော့ အဲဒီမိန်းကလေးတွေ အားလုံးက သူ့ဝတ္ထုထဲရောက်လာကြရော...။ လောကမှာ ပိုက်ဆံမရှိတဲ့ အတက်လိုက်ကမှ ရိုးသားတယ်လို့များ သူ့ကိုယ်သူပြဋ္ဌာန်းထားလေသလား မသိပါဘူး....သူ့ဝတ္ထုထဲမှာ ပိုက်ဆံရှိတဲ့ ယောကျ်ားဆိုးသိန်နေရာက မညှာမတာရေးတတ်သည်။

သူ့ဝတ္ထုတို တစ်ပုဒ် နှစ်ပုဒ်ကို ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်းတွေမှာ လေးနက်တို့ ဖတ်ဖူးနေပြီမို့ ဇာတ်လမ်းတွေကို နောကျေနေပြီ...။

အပြင်မှာလည်း ဘာမှန်းကိုမသိ...။ ကျော်သူတို့ခေတ်တုန်းကလို လွယ်အိတ်ကြိုးကို ထုံးချည်၊ ခပ်တိုတို လွယ်တတ်ပြီး အညိုကတုံးအင်္ကျီနဲ့ကချင်ပုဆိုး ဝတ်တတ်သည်။

ငါးစိမ်းမြင် ငါးကင်ပစ်ချင်လျှင် မျက်နှာပြောင်တိုက်ပြီး ကိုယ့်လို ငမွဲကိုမေ့လိုက်ပါတွေ ဘာတွေလုပ်တတ်သည်။ အရုပ်တော့ အရှုပ်ထုပ်ကြီး...။

"အဟဲ...လေးနက်...ဘယ်လိုလဲ... ငါရှာခိုင်းထားတဲ့ဟာ ပါလာပြီလား..."

"အဲ...ကိုမွေ..အဲ..ကိုနွေ ကျွန်တော့်ကို ဟိုဟာ..ဟိုဟာ..ရှာခိုင်းထားတယ်နော်.."

"အေးလေ...ဟိုဟာလေ.."

"လေးနက်..နေဦးလေ..ကိုယ့်ကိစ္စ သဲလွန်စရနေပြီဗျို..။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါအရင်ပြောဦး...တော်ကြာ မင်းမပြောလိုက်ရသေးခင် မြေထပ်ကျုံပြီး ကိုယ်အစီစီရောက်သွားဦးမယ်..''

''မရောက်ပါဘူး...ခင်ဗျားသိပ်ကြောက်နေရင် ဟောဒီက သူတော်ကောင်းကြီးရဲ့ လက်ကိုဆွဲထား...သူက ဘုရားတရားလည်း အင်မတန် လုပ်တာ...ကိုနွေရှိုး..သူ့ကို ခင်ဗျားလက်ခဏာပေးကိုင်လိုက်နော်...''

''ဟင်..ဘာတွေတုံး''

သူက အမွှေအိုးနဲ့ ဂြိုဟ်ဆိုးရဲ့လက်ကို တွဲပေးလိုက်ပြီး ကျောပိုးအိတ်ထဲက မှတ်စုတွေကို ဟိုရှာဒီရှာ ရှာကြည့်နေသည်။

တစ်ရက်က အာချောင်ပြီး၊ သူ့မှာ နှစ်အလိုက် ရည်းစားများများရမည်၊ ရည်စားရှားမည်ကို ကြိုတင်တွက်ချက်လို့ရတဲ့ ရည်စားရှာပုံတော်ဂါထာကြီးတစ်ခုရှိကြောင်း ပြောလိုက်မိရင်းမှ မောင်မွှေအိုး(အဏုမြူ)တို့ တွေ့တိုင်း နားပူနှာဆာလုပ်တော့ သည်။

''ဟို..သိပ်ယုံကြည်လွန်းလို့တော့ မဟုတ်ဘူးပေါ့ လေးနက်ရယ်..ယောကျ်ားဆိုတော့ ဘာရယ်မှတော့ မဟုတ်ဘူးပေါ့..အဟင်း..''

''အင်းပါ...အင်းပါ...''

တော်ပါသေး...ဒီနေ့တော့ အဲဒီဂါထာတကယ်ပါလာပေလို့။

''ရော့...ဟောဒီမှာ...ဂါထာကြည့်ပြီး တွက်ပေတော့''

အမွှေအိုးက လေးနက်ပေးလာသော ဂါထာစာရွက်ကို အသံထွက်ဖတ် လိုက်သည်။



''သက္ကရာဇ် တည်ထုတ်
ရှစ်ခု နှုတ်
စားဖြတ် ခြောက်ခုမှာ...
ကြွင်းကြွင်း တစ်ခု ဆင်ခြင်ပြု
နှစ်ခု လေးမျက်နှာ
သုံးမှာ တစ်ကျိပ်
လေးဆို ထိပ်
ငါးပိတ် မစွမ်းသာ
သုန်းလေ တိမ်ဖုံး
ပြုတ်ပြုတ်ပြုန်း
ခင်းမှုကြီးငယ်ရာ...ဟိတ်ကောင် ရှင်းဦး... အဲဒါ ဘာတွေတုံး...''

''သြော်...ဗျာ...လွယ်ပါတယ် ကိုနွေရှိုးရဲ့...အခု ပေါက်နေတဲ့ သက္ကရာဇ်ထဲကနေ ရှစ်ကို နှုတ်လိုက်ဗျာ...။ ရလဒ်ကို တည်ပြီး ခြောက်နဲ့စား...အကြွင်းက အဓိကပဲ... တစ်ကြွင်းရင် ချစ်မှုရေးရာမှာ ဆင်ခြင်ရမယ်။ သဘောပေါက်လား...''

''သြော်...ဂလိုကိုး...''

''နှစ်ကြွင်းခဲ့ရင် ရည်းစားက လေးယောက်တော့ အသာလေး...တဲ့''

''အဲ...အဟီး...''

''သုံးကြွင်းတဲ့ နှစ်ဆို ရှယ်ပဲ...ဆယ်ယောက်တောင် ရှော...''

www.burmeseclassic.com

www.burmeseclassic.com



"အိုး…ဟိုး…ဟိုး…"

"လေးကြွင်းရင် လုံး၀ အထွင့်အထိပ်ပဲဗျ…။ un-countable ရေတွက်လို့တောင် မရဘူးတဲ့။ အဲ ငါးကြွင်းရင်တော့ အဲဒီနှစ်မှာ နည်းနည်း ဘူပိတ်မယ် ကိုယ့်လူ…သုန်းလေ တိမ်ဖုံး ပြတ်ပြတ်ပြန်း ခင်းမှူကြီးငယ်ရာကျတော့…သုံးညကြွင်းရင် အဝိဇ္ဇာ တိမ်ဖုံးမယ်ဗျာ…။ ရည်းစားသနာကိစ္စနဲ့ အရက်တွေ ဘာတွေကွဲ ရုံးရောက် ဂတ်ရောက် အမျိုးသမီးရေးရာရောက် ရောက်မဲ့ နှစ်ပဲ ဗျ…ကိုမွေ့အိုးကြီးရေ… အဲလေ…ကိုနွေ့ရိုးကြီးရ…"

"အေး…မင်းဂါထာမဆိုးဘူးကွ…နေပါဦး… အခုက ၂၀၁၃ ဆိုတော့ ၈ ကိုနုတ်တော့ ၂၀၀၅ ကွာ…၆ နဲ့စားတော့ ဘယ် လောက်ကြွင်းမလဲ…အဲ…အဲ…ဟိတ်ကောင်ရေ…၁ ကြွင်းတယ်ကွ။ ဒီနှစ်က ဆင်ခြေရမယ့် နှစ်ပဲ… များနေတာ လေးတွေ နည်းနည်းလျှော့မှ…။ ရှေ့နှစ်ကျမှပဲ လေးယောက်ထား တော့မယ်။ နောက်တစ်နှစ်ကျော်မှ ဆယ်ယောက်ထဲကနေ ဂေါင် ခေါက်ရွေးပြီး အိမ်သူသက်ထားရာထူး ချီးမြှင့်တော့မယ်…အဟေး …"

အဲဒါတွေက တစ်မှောင့်…။

"ကဲ…ကဲ…ရပြီမဟုတ်လား… လိုချင်တာရပြီဆိုရင် …သွားတော့…။ ဒီမှာ ကိစ္စတွေက မပြီးပြတ်သေးဘူး…"

"အေးပါ လေးနက်ရာ…။ သိုင်းကျူးပါ…။ ရှဲရှဲပါ…။ လဒ်ထိုးတယ်မထင်ပါနဲ့…။ ဒီဝိုင်းကိုယ်ပြုစုပါရစေ…ဟေး… ချာတိတ်…ဒီဝိုင်း ဘယ်လောက်ကျလဲပြော…"



အဏုမြူ အမွေ့အိုးက ပျော်ရွှင်ခုန်ပေါက်ပြီး ကျသင့်ငွေရှင်း ပေးကာ စားဝိုင်းမှ ထွက်သွားလေတော့ သက်ထူးဇော်ခမျာ သူ့ ရဲ့ လာရင်းကိစ္စကို ခဏမေ့သွားပြီး…

"အဲ…အဲဒီလူက ဘယ်သူလဲဟင်…"

"မောင်နွေ့ရိုး (နေမြူ) တဲ့…။ အားလုံးကတော့ သူ့ကို ခောင်မွေ့အိုး (အဏုမြူ) လို့ခေါ်ကြတယ်…"

"ဪ…အဏုမြူဆိုတော့ သူက Physics ဘာလား…"

"မြန်မာစာကဗျ…ကျောင်းမဂ္ဂဇင်းမှာ စာတိုပေစလေး တွေ ရေးတယ်လေဗျာ…။ ဘုရားစာမှန်သမျှ အလွတ်ရတယ်။ ရည်းစားဆိုလည်း လာထားပဲ…။ ပြောလိုက်ရင်လည်း သူ့ကိုယ် သူ ငမွဲတစ်ယောက်ပါ။ လူဖျင်းတစ်ယောက်ပါ ဘာညာနဲ့…။ တော်ကီတော့ သွားမစမ်းနဲ့…။ စမ်းတဲ့သူ ငွမ်းသွားမယ်…"

"အင် အဲဒီလောက်တောင်လား…။ ကိုယ်တောင် သူ့ ဆီတွေ ကဗျာတွေ ဖတ်ကြည့်ချင်လာပြီ…။ သူငယ်ချင်းမှာ ရှိ လားဟင်…"

"ရှိပါ့…သူ့များကို ကဲ့ရဲ့တာတော့ မဟုတ်ပါဘူး…။ သူ့ကဗျာတစ်ပုဒ်က နည်းနည်းရယ်ရလို့ ကျွန်တော်လည်း ဘာ ရယ်မဟုတ်ဘူး သိမ်းထားတာ…"

"ဟုတ်လား…ပါရင် ပေးဖတ်ပါလား…"

* * *

www.burmeseclassic.com

www.burmeseclassic.com

**. . C . .**

မောင် Google မသုံးတော့ပါဘူး
နောင် အပူသည် မမုန်းလိုတာမို့
Online ဝင် သတိနဲ့ ဆင်ခြင်
အိုဘယ့်…ခင်
Chatting မှာ နှစ်ပါးတူ ယှဉ်ခွင့်
ဘယ်…ဘယ်အခါ တအားအပူအပင်လင့်အောင်ပ
facebook မှာ သခင့်ဓာတ်ပုံ download ချပါရယ်လို့
မောင်ရင့်ဝယ် ယှုယပိုက်ထွေးဖို့အရေး
Connection နှေးရင် ဆွေးစိတ်ဘဝင်မရွှင်သာဘူးရယ်မို့
သြော်…
အေးရိပ်သခင် သိပါစေဖို့
မှေးမှိတ် အစဉ် ချစ်မယ်လေး…



ဖတ်ပြီး သက်ထူးဇော်တို့ အူလှိုက်အသည်းလှိုက် ရယ်ပစ်လိုက်တာ နှပ်တွေတောင်ထွက်လို့…

"ပေါက်ပေါက်ရှာရှာဗျာ…။ ကြံကြံဖန်ဖန်ရေးလည်း ရေးတတ်တယ်။ ကဗျာနာမည်က Online သခင်မောင့်ချစ်သဇင် တဲ့…ဒီလူ မလွယ်တော့ မလွယ်ကြောပဲ…"

"နှလုံးသားကို Overtime ဆင်းခိုင်းဖို့ လူ့လောကထဲ ရောက်လာကြတဲ့ လူတွေပဲဗျာ…တွေ့လား… တောင်းသွားတဲ့ ဂါထာက ရည်းစားရှာပုံတော်ဂါထာ လာတောင်းသွားတာ…"

"အေးဗျ…သူ့ကဗျာကလည်း အဆန်းပဲ…ဒွေးချိုးလား လေးချိုးလား…ရတုလား တေးထပ်လား…ဘောလယ်လား… တစ်ခုခုတော့ တစ်ခုခုပဲ…။

"ဘောလယ်မလယ်တော့ မသိဘူး… လာတာကတော့ မနေ့ဖြူနွားက ဘောမဲကြီးစံပြကျေးရွာကလာတာပဲ…အဟုတ်…"

"အာ…ပေါက်တီးပေါက်ရှာ…"

ပြောပြီး သက်ထူးဇော်တို့ သေးထွက်မတတ် ရယ်ကြပြန်သည်။

"သူငယ်ချင်းနဲ့ စကားပြောရတာ ခဏလေးနဲ့ကို ရယ်လည်းရယ်ရတယ်။ ဗဟုသုတလည်း ရတယ်။ ဒါ့ကြောင့်လည်း ကျောင်းမှာ လေးနက် လေးနက်နဲ့ နာမည်ကြီးနေတာကိုး….။ မနေ့ဖြူနွားက ဘောမဲကြီး စံပြကျေးရွာတော့ မကြားဖူးပါဘူးကွာ… ပဲခူးနွားက ဘောနက်ကြီးရွာတော့ ကြားဖူးတယ်…"

"ကဲပါ…သူ့ဘာသာသူ မည်းချင်မည်း၊ နက်ချင်နက်…

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ…။ ကိုယ့်လူလာရင်း ကိစ္စ မေ့နေပြီနော်…"

"အဲ…"

အဲဒီတော့မှာ သက်ထူးဇော်တစ်ယောက် သူ့လာရင်းကိစ္စကို ပြန်လည် သတိရသွားပြီး…

"ပြောပါဦး…စောစောတုန်းက မင်းခြေရာခံမိပြီဆိုတဲ့ သဲလွန်စ ကို…"

သူက သက်ထူးဇော် ဘယ်ဘက်လက်မှာ ဝတ်ထားတဲ့ လက်စွပ်နှစ်ကွင်းကို မေးဆတ်ပြလိုက်ပြီး…

"အဲဒီ လက်စွပ်တွေက ဘာလက်စွပ်တွေလဲ…"

"တစ်ကွင်းက ဆင်မြီးလက်စွပ်ပါ…၊ နောက်တစ်ကွင်း ကကျတော့…အင်း…"

ဆင်မြီးလက်စွပ်ဆန်ဆန် နောက်ထပ်လက်စွပ်တစ်ကွင်းကို သက်ထူးဇော် ကြည့်ပြီး သူ့ဘာသာသူလည်း ဝေခွဲမရ…။

"ဒါလည်း ဆင်မြီးလက်စွပ်လား…"

"အဲ…နေဦးကွ…ဖြစ်ပုံက ဒီလို…ဟိုး…တလောတုန်းက ကိုယ့်အတိုးလေးအခန်းကို မွှေနှောက်ရှာရင်းနဲ့ ဒီလက်စွပ်ကလေးတွေတာနဲ့ ကိုယ်လည်း ဘာရယ်မဟုတ်ဘူး… ကိုယ့်လက်နဲ့ တော်နေလို့ စွပ်ထားလိုက်တာ…"

"ဒီနှစ်ကွင်း တွဲစွပ်တာ ကြာပြီလား…၊ ဘယ်လောက်ရှိပြီလဲ…"

"အဲ… နှစ်လ သုံးလ ဆိုပါတော့ကွာ…"

လေးနက် သက်ပြင်းအသာအယာချလိုက်ပြီး…



"အင်း…ခင်ဗျားအခု ဖြစ်နေတဲ့ ပြဿနာတွေရဲ့ တရားခံက တခြားမဟုတ်ဘူး…၊ အဲဒီလက်စွပ်နှစ်ကွင်းကြောင့်ပဲ…"

"ဟင်…"

"တစ်ကွင်းက ဆင်မြီးလက်စွပ်ဆိုတာ ဟုတ်တယ်… နောက်တစ်ကွင်းက ဆင်မြီးလက်စွပ်မဟုတ်ဘူးဗျ…ကျားနူတ်ခမ်းမွေးလက်စွပ်ကြီး…"

"ဘာရယ်…"

သူက ခေါင်းတချက် ဆတ်ပြလိုက်ပြီး…

"ကျားနူတ်ခမ်းမွေးကို နူတ်ပြီး လက်စွပ်လုပ်ထားတာလေ…သေချာချင်ရင် ခင်ဗျားအတိုးလေးကို ပြန်မေးကြည့်ပါဦး…။ ကျားနူတ်ခမ်းမွေးလက်စွပ်က သူ့တစ်ကွင်းထဲ ဝတ်ရင် အရမ်းအစွမ်းထက်တယ်။ သိန္နိအောင်တယ်…အဲ…ဆင်မြီးလက်စွပ်နဲ့ တွဲဝတ်လိုက်လို့ကတော့ ဝတ်တဲ့သူ ဂြိုဟ်ဝင်ပြီပဲ…ခင်ဗျား ဒီလက်စွပ်နှစ်ကွင်းဝတ်ပြီးမှ ပြဿနာတွေ ဆက်တိုက်ဖြစ်လာတယ် မဟုတ်ဘူးလား…"

ဒီတော့မှ ကိုယ့်စီးတဲ့မြင်း အထီးလားအမလား မသိရှာတဲ့ သက်ထူးဇော်တစ်ယောက် ကောင်းကောင်းသဘောပေါက်သွားပြီး

"ဟာ…ဟုတ်လိုက်လေကွာ…လေးနက်ရာ…။ မင်းမှာ တကယ်နတ်မျက်စိရှိတာပဲ…။ ဟုတ်တယ်…။ ငါ မင်းနဲ့များ မတွေ့ခဲ့ရင် ဘယ်လောက်တောင် ဂြိုဟ်ဝင်နေဦးမယ် မသိဘူး…"

"ဓာတ်သဘောဆိုပါတော့ဗျာ… တချို့ကိစ္စတွေမှာ အပ္ပ

www.burmeseclassic.com



နည်းနဲ့ တိုင်းထွာ တွက်ချက်လို့ မရတဲ့ ဂမ္ဘီရဆန်ဆန် ဓာတ်သဘောတွေရှိနေတတ်တာကိုး…“ကဲ…ကဲ…အဲဒီလက်စွပ်နှစ်ကွင်းထဲက တစ်ကွင်းကို အမြန်ချွတ်လိုက်…။ ခင်ဗျား အေးဆေးဖြစ်သွားလိမ့်မယ်…”

“အေး…အေး…ကျေးဇူးကွာ…ဘယ်လိုတောင် ကျေးဇူးဆပ်ရမလဲ မသိဘူး…”

“မလိုပါဘူး…ထပ်ပြီး ထူးတယ်ဆိုလည်း သတင်းလာပေးဦး…”

သက်ထူးဇော် သူ့ဝိုင်းက ထပြန်မယ်လုပ်တော့ သူ့ရဲ့ ဘော်ဒါနှစ်ယောက်ဖြစ်တဲ့ ဟိန်းထက်သူနဲ့ ဖြိုးဝေအောင် တို့ ရှေ့ဆင့် နောက်ဆင့်ရောက်လာကြပြီး…

“ဟီတ်ကောင်…ဝိုင်းတွေကကောင်းလှချည်လား…အဲဒီလူ သင်္ချိုကမဟုတ်လား…ဘာဖြစ်လာလို့ တဲ့လဲ…”

သူက နံပြားထောပတ်သုတ်ကို အဆုံးသတ်လိုက်ပြီး…

“မိုးမျှော်သီးနဲ့ ကုလားအော်သီးကို သူ့ဘာသာရောစားပြီး ရေတ်သီးဘာ့ကြောင့် စပ်ရသလဲ ဆိုတာ ငါ့လာမေးနေတာပေါ…”

“အမ်…”

ဟိုနှစ်ကောင်လည်း သူ့စကားကြောင့် ကြောင်စီကွေးဖြစ်သွားကြလေတော့၏…။

＊ ＊ ＊

. . D . .

ဆည်းလည်းသံတချွင်ချွင်နဲ့မို့ ဘုရားရင်ပြင်တော်က စိတ်ကို တလွင်လွင်အေးမြစေလှသည်။

မွန်းလွဲကျော်ခဲ့ပြီမို့ သူရိယနေမင်းမှာလည်း အလျှံညီးညီး တောက်လောင်လျက်ရှိပြီး ရင်ပြင်ကျောက်ပြားများမှာလည်း အတော့်ကို ပူနေသေးသည်။

သုံးကောင်ပေါင်းပြီး ဘုရားကို နေ့ခင်းကြောင်တောင် တက်လာတာမို့ အချိုးမွမ်းလည်း မစောစေလို့ပါ…ဝတ်ပြုရှိခိုးပြီးသည်နှင့် view ကောင်းကောင်း ဇရပ်တစ်ခုမှာ ထိုင်ပြီး ဆည်းလည်းသံတချွင်ချွင်၊ ခေါင်းလောင်းထိုးသံ တဒူဒူကို နားထောင်ကာ ရင်ပြင်ပေါ် လက်ဝဲရစ်၊ လက်ယာရစ် ပူဇော်လမ်းလျှောက်ကုန်ကြသော ကောင်မလေးများကို ရုပ်တည်ကြီးတွေနဲ့ ငေးမောကြည့်ရင်း ဘုရားလည်းဖူး၊ မျက်လုံးပါ တစ်ခါတည်း ဗီတာမင်ကျွေးပစ်လိုက်ကြသည်။

“အေး…အဲဒါလေး မဆိုးဘူး…ပြေပြစ်တယ်နော်…အ

www.burmeseclassic.com

www.burmeseclassic.com



ပြီး…”

“ဒါကြီးကျတော့ နည်းနည်းထူတယ်…”

“ဟိုမှာ…အပါးလေး လာနေပြီ…”

ယောက်ျားလေးတွေဆိုတော့ အဲလို…အဲလိုပေါ့လေ…။

စိတ်တွေ ယိမ်းယိုင်ပစ်မှားမိတိုင်းသာ အကုသိုလ်များ ရမယ်ဆို ဒီကောင်တွေ သိန္နိုင်း…တို့ ကာလသုတ်တို့၊ သဃာ်တတို့၊ အဝီစိတို့မှာ ဂျိုးကပ်ကြမှာ မလွဲ…။

အခုတော့လည်း ရှိတဲ့ကုသိုလ်လက်ကျန်လေးနဲ့ လူ့ပြည်မှာ ဂုဏ်သိက္ခာရှိရှိ လူပျိုလေးတွေတော့ ဖြစ်နေကြသေးသည်။ သေတော့မှ ယမမင်းကို ကြည့်ကြပ် ရွှီးတော့မည်။

အခုဒီတစ်ခါ ဘုရားကိုလာတော့ သူတို့ စိတ်ဝင်စားမိသွားတာက နေကသိုဏ်းကျင့်စဉ်နှင့် ဘုရားကို ဝတ်ပြုနေသော အဘိုးအိုတစ်ယောက်ကိုပါ…

ကျောက်ပြားပူခြစ်ခြစ်မှာ ထိုင်ရင်း ဘုရားကို ဦးခိုက်ပူဇော်လိုက်၊ ရှေ့မှာ အသင့်ချထားတဲ့ ရွှေခေါင်းလောင်းလေးသုံးလုံးကို အလှည့်ကျ တီးလိုက်၊ နေမင်းကို တိုင်တည်ကာ လက်နှစ်ဖက်မြှောက်ဆန့်ပြီး ပုတီးစိပ်လိုက်၊ နေကသိုဏ်းရှုလိုက်နှင့် အဘိုးအိုမှာ ပတ်ဝန်းကျင်မှ လူများကို ရှိတယ်လို့တောင်မထင်…

“မျက်လုံးတွေ မပျက်စီးဘူးလားမသိဘူးကွာ…ပြင်းထန်တဲ့ ကျင့်စဉ်တွေ ဆက်တိုက်ကျင့်လာခဲ့လို့နဲ့တူတယ်။ တကိုယ်လုံး မွဲခြောက်ပြီး မျက်လုံးမှာလည်း မျက်ရည်ပူတွေနဲ့…”

“မင်းတို့က အခွံပဲ မြင်တာကိုး… သူ့အတွင်းထဲမှာ



ဘယ်လောက်တောင် စင်ကြယ်မွန်မြတ်ပြီး လှနေမလဲဆိုတာ တို့မသိရတာ…”

“ငါတို့တွေ အဲဒီအဘိုးကြီး အပြန်အထိစောင့်ပြီး နောက်ယောင်ခံလိုက်သွားကြရင် မကောင်းဘူးလား”

ဟိန်းထက်သူရဲ့ ခပ်ကြောင်ကြောင်စကားကြောင့် လေးနက် နည်းနည်းမျက်မှောင် ကြုတ်သွားမိပြီး

“လိုက်သွားပြီး မင်းက ဘာလုပ်မလို့တုံး…”

“ဘယ်လိုနေတယ် ထိုင်တယ် စားတယ် သောက်တယ်…ဘာ့ကြောင့် ဒီကျင့်စဉ်တွေ ကျင့်နေတယ်ဆိုတာတွေ သိချင်လို့ပေါ့ကွ…အဟီး…”

“တစ်ခုခုကို အဓိဋ္ဌာန်နဲ့ ယုံယုံကြည်ကြည် လုပ်နေတယ်ဆိုတာတော့ ထင်ရှားပါတယ်။ နေကို ကြည့်နေတာဟာ ပူလောင်တဲ့ မီးလုံးကြီးကို ကြည့်နေတာနဲ့ မတူဘူးနော်…ရေကန်ထဲက ငါးလေးတွေ၊ ကြာပန်းလေးတွေရဲ့ အရောင်အဆင်းကို လိုက်ကြည့်နေသလိုပဲ…သူ့မျက်နှာမှာ အရိပ်အယောင်တွေ တမျိုးပြီး တမျိုးဖြတ်ပြေးနေတယ်… ပီတိလည်း ဖြစ်နေတဲ့ပုံပဲ…”

ရွှေတိဂုံဘုရားမှာ ဒီလို နေကို အကြာကြီး စိုက်ကြည့်တတ်ကြတဲ့ နေကသိုဏ်းရှုသူတွေကို အုပ်စုလိုက်၊ ဒါမှမဟုတ်လည်း တစ်ယောက်ချင်းဆိုသလို မကြာခဏ တွေ့ရတတ်ပါသည်။

နောက်တော့ သူတို့သူငယ်ချင်းသုံးယောက် အဲဒီအဘိုးကြီးကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြပြီး ဟိုဟိုဒီဒီကြည့်ရှုကာ ဝေဖန်လေကန်ရေးတွေ စတင်လုပ်ဆောင်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ…ကျောင်းစိမ်းလေးတွေနဲ့…တကာယ့်ကောင်တွေပဲ…ဟမ်… ကျောင်းပြေးပြီး ဘုရားပေါ် ရောက်လာကြတယ်…”

သူတို့လေးတွေကို တွေ့တော့ ကိုယ့်ငယ်ဘဝလေးတွေကို ပြန်လည်မြင်ယောင်လိုက်မိပြီး စာသင်ခန်းများထဲက အခါဆီ အငေါ်မတည့်ခဲ့မှုများကို တွေးမိကာ ရယ်ချင်လာမိသည်။

“ကလေးတော်တော်များများဟာ စာသင်ခန်းတွေထဲမှာ မပျော်ကြဘူးကွ…International School တွေမှာတော့ ကလေးတွေ အရမ်းပျော်ကြတယ်ကြားတယ်။ သင်ကြားရေးစနစ်ကွာခြားတာတွေကြောင့်လည်း ပါမှာပေါ့လေ…စာကို စာလို သင်တော့ ကလေးတွေ ငြီးငွေ့ကြမှာတော့ အမှန်ပဲ…”

“ငါ ငယ်ငယ်ကလည်း အဲဒီလိုပါပဲ…သင်္ချာဆို အရမ်းကြောက်တယ် ငါ ဘယ်အချိန်မှာ သင်္ချာကို စပြီး စိတ်ဝင်စားသွားတယ် မင်းတို့ထင်လဲ…”

လေးနက်စကားကြောင့် သူငယ်ချင်းများက

“ဘယ်အချိန်မှာလဲ…”

“နွေရာသီ ကျောင်းပိတ်ရက်တစ်ရက်မှာ အမှတ်တမဲ့ ဖတ်လိုက်ရတဲ့ ကျောင်းသင်ခန်းစာနဲ့ မသက်ဆိုင်လှတဲ့ စာအုပ်တစ်အုပ်ကြောင့်ပဲ…ရေးထားတာကတော့ ပိုက်သဂိုးရအကြောင်း အဓိက ထားရေးထားတာ…”

“သြော်…ဆက်ပါဦး…”

“ပိုက်သဂိုးရ အကြောင်းဆိုတော့ အချိန်အားဖြင့်ကတော့ ဘီစီ ငါးရာဝန်းကျင်…မဇ္ဈိမမှာ တို့ ဂေါတမပွင့်တော်မူတဲ့ အချိန်



ပေါ့…အရမ်းကြီးလျှောက်ပြောလိုက်ရင် မင်းတို့ နားရှုပ်ကုန်ကြလိမ့်မယ်…တိုတိုနဲ့ လိုရင်းပြောရရင် ပိုက်သဂိုးရကြီးက ဂိုဏ်းတစ်ခု (ပိုက်သဂိုးရီးယန်းဂိုဏ်း) ထူထောင်ပြီး နိုင်ငံရေး၊ သိပ္ပံ၊ သင်္ချာ၊ ဂီတ၊ အင်းအိုင်ခလှဲ့၊ ဆေးပညာနဲ့ ဘာသာရေးတွေ ရှုးစမ်းလေ့လာရင်း တစ်ဆင့်ပြန် သင်ကြားပေးတယ်ဆိုပါတော့ကွာ…”

“အင်း…”

“သြော်…ဒါထက်…ဗဟုသုတတစ်ခုပြောရဦးမယ် … မင်းတို့တွေ ဂျီသြမေတြီရဲ့အစက ဘယ်ကလို့ ထင်ကြလဲ…”

“သိဘူးလေ…”

“ထားပါတော့…တို့လူသားတွေဟာ ဂျီသြမေတြီကို မသိဟန်ဆောင်လို့ကို မရနိုင်တဲ့ အချက်တွေရှိတယ်။ ဆိုပါတော့ ဘီစီ တစ်ထောင့်သုံးရာလောက်က အီဂျစ်မှာ နန်းတက်တဲ့ ဒုတိယ ရမ်ဆီးဘုရင်လက်ထက်မှာ နိုင်ငံသားတွေကို နှစ်စဉ် အခွန်ဘဏ္ဍာ ကောက်ခံနိုင်စေဖို့ လယ်မြေတွေကို ထောင့်မှန်စတုဂံပုံတွေနဲ့ အညီအမျှပိုင်းပေးခဲ့တယ်…တဲ့။ အဲလိုနဲ့ နိုင်းလ်မြစ်က ရေလျှံပါလေရော…။ ရေပြန်ကျချိန်ရောက်တော့ ဘယ်လယ်မြေကွက်ဟာ ဘယ်သူ့ဟာပါဆိုတာ သိနိုင်စေဖို့ မြေတိုင်းစာရေးတွေငှားပြီး အတိုင်းအတာတွက်ချက်မှုတွေ လုပ်လာကြရတယ်။ အဲဒါဟာ ဂျီသြမေတြီရဲ့ အစပဲ…”

“သြော်…ဒါဆို ဘီစီ ၁၃၀၀မှာကတည်းက အီဂျစ်တွေဟာ ဂျီသြမေတြီကို လက်တွေ့ကျကျ အသုံးချတတ်နေကြပြီပေါ့

www.burmeseclassic.com


www.burmeseclassic.com



...''

''မင်းတို့ကို ရယ်စရာတစ်ခုပြောရဦးမယ်။ သေးလ်ဆိုတဲ့ ဉာဏ်ကြီးရှင်ကြီးဟာ သင်္ချာနဲ့ပတ်သက်ပြီး သီအိုရီငါးမျိုးကို ဖော်ထုတ်ခဲ့နိုင်သတဲ့...ငါ့အထင်ပြောရမယ်ဆိုရင် အဲဒီ သီအိုရီငါးမျိုးကို ငါတို့ ငါးတန်းမှာ သင်ခဲ့ကြရမယ်ထင်တယ်...ထားပါတော့။ ငါပြောချင်တာက သူ့ရဲ့ ဒုတိယသီအိုရီ..။

စက်ဝိုင်း ခြမ်းတစ်ခုအတွင်းမှာရှိတဲ့ ဘယ်ထောင့်မဆို ၉၀ ဒီဂရီရှိတယ်ဆိုတဲ့ အချက်ပေါ့ကွာ...အဲဒီအချက်ကို သူတွေ့တုန်းက ပျော်လွန်းလို့ ဆိုပြီး နွားသိုးတစ်ကောင်ကို သတ်ပြီးတော့ တောင် ယစ်ပူဇော်ပွဲ ကျင်းပခဲ့သေးတယ်...တဲ့။




ငါတို့ကောင်တွေ...ဂျီသြမေတြီနဲ့ပတ်သက်ပြီး ကျောင်းမှာ ဆရာတွေ၊ ဆရာမတွေသင်ကြရင် အိပ်ချင်တာနဲ့ ပျင်းတာ နှစ်ခုပဲရှိတယ်...။

ဘယ်အကောင်မှ ဒီလောက် စိတ်ဝင်စားဖွယ်ကောင်းတဲ့ အချက်ကြီးကို သိလိုက်ရပြီဆိုပြီး ပျော်သွားပြီး ဘာမှထ မလုပ်ကြဘူး...''

''အဟား..ဟား..အဲဒါတော့ ဟုတ်တယ်...''


''ငါကတော့ လုပ်တယ်..''



လေးနက်စကားကို ဟိန်းထက်သူက ထောက်ခံပြီး ဖြိုးဝေအောင်ကတော့ ဆင်ခြေတက်သည်။

''ဟော..မင်းက ဘာထလုပ်တာတုန်း...''

''ငါ ငါးတန်းတုန်းက စက်ဝိုင်းတစ်ခုကို ယင်း၏ အချင်းဝက် ထက်ဝက်ပိုင်းသည်ဆိုတဲ့ သီအိုရီလည်းသင်ရရော ပျော်လွန်းလို့ဆိုပြီး ကျောင်းလည်းဆင်းရော လမ်းထိပ်က အအေးဆိုင်မှာ ငါ့အမေကို ရှာလပတ်ရည်တိုက်ဖို့ ပူဆာခဲ့ပါရော...''



''ကောင်းရော...ဂန္ထဝင်တွင်မယ့် သမိုင်းပဲ...''

ဖြိုးဝေအောင် စကားကြောင့် သူတို့တွေ ရယ်မောလိုက်ကြရင်း...

''အဲဒီခေတ်တုန်းက ပိုက်သဂိုးရဆီမှာ ပညာသင်ချင်ရင် ကျောင်းစိမ်းအင်္ကျီလေး ဝတ်သွားလို့မရဘူး။ ဘာပညာမှသင်မပေးဘဲ သမာဓိနဲ့အကျင့်သိက္ခာ မွန်မြတ်ကောင်းမွန်စေဖို့ အရင်ဦးဆုံး လုပ်ရတာက သုံးနှစ်ကနေ ငါးနှစ်အထိ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရတာခင်ဗျ..''

''အမလေး...''

''အားပါးပါး...''

''အရမ်းတင်းကျပ်တဲ့ စည်းကမ်းတွေကို တပည့်တွေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်နာကြရတယ်။ အဲဒီအထဲမှာမှ ခပ်ကြောင်ကြောင် စည်းကမ်းတွေကို ပြောရမယ်ဆိုရင် ပဲများကိုရှောင်ရမည်··တဲ့”

“အဲ···”

“ကျသောအရာကို မကောက်ရ···”

“အမ်···”

“ကြက်ဖြူတစ်ဖကို မထိရ···”

“ဟိုက်···”

“ပေါင်မုန့်ကို မချိုးဖဲ့ရ···”

“ဘယ်လို···ဘယ်လို··”

“သံဖြင့် မီးကို မဆွရ···”

“ဟောဗျာ···”

“အတုံးအခဲတစ်ခုလုံးမှ မစားရ။ ပန်းကုံးတစ်ခုကို မခူးခြွေရ။ တစ်ကွပ်အတိုင်းအတာပေါ် မထိုင်ရ။ အသည်းမစားရ···”

“အာ···ဘာတွေတုန်းဟာ···”

“ကျန်သေးတယ်ဆရာ··· အဝေးသို့ လမ်းမလျှောက်ရ··”

“ယာဉ်စည်းကမ်းထိန်းသိမ်းရေး လှည့်ကင်းနဲ့ တွေ့မှာစိုးလို့နဲ့တူပါရဲ့”

“တစ်ဦး၏ အမိုးကို မဝါးမျိုရ···”

“အေဒီ ၂၀၀၀ကျော်မှာ အများဆုံးဖြစ်လေ့ရှိတဲ့ လယ်ယာမြေ အခွန်သိမ်းယူမှုတွေကို ကြိုတွေးမိပုံရတယ်··”

“အိုးကို မီးမှ ဆယ်သောအခါ ပြာထဲ၌အရာမထင်စေ



ရ။ သို့ရာတွင် ၎င်းတို့နှစ်ခုကို ရောဆွပါ··”

“ဟော···အဲဒါတော့ လိုက်လို့ကို မမီတော့ဘူးဟေ··”

“အလင်းရောင် တစ်ခုဘေးက မှန်ကို ချောမွေ့စွာထားပါ···တဲ့ ငါ့ကောင်တွေရ···”

“မင်းကွာ···ပေါက်တီးပေါက်ရှာ··အဲလို စာအုပ်တွေမင်းဘယ်ကနေ ရှာတွေ့ပြီး ဖတ်လာခဲ့တာတုန်း···”

“ငါ့ရဲ့ သုတေသနစာတမ်းအတွက် ဒီလိုပဲ reference တွေ ဖတ်ရင်း တွေ့လာတာပေါ့···။

ပိုက်သဂိုးရဲ့ အဲလိုစကားဝှက်တွေပါတဲ့ စည်းကမ်းချက်တွေဟာ ဒီနေ့အထိ လူတွေအပေါ် ပဟေဠိဖြစ်နေဆဲပဲ···တဲ့။ ငါပြောချင်တဲ့ အဓိက အကြောင်းအရာက အခုမှလာမှာ···”

“အင်း···ဆက်စမ်းပါဦး···”

“ပိုက်သဂိုးရကြီးမှာ ကောင်းတဲ့အချက်တွေရှိသလို မကောင်းတဲ့အချက်တွေလည်း ရှိတယ်။ အဲဒီထဲကမှ တစ်ခုကို ပြောရမယ်ဆိုရင် ဂိုဏ်းသားတွေဟာ အချက်အလက် တွေ့ရှိချက်တွေကို ဘယ်သူကပဲ ရှာတွေ့တွေ့ မိမိတွေ့ပါတယ်ဆိုတာကို ပြင်ပကမ္ဘာကို ထုတ်ဖော်မကြေညာရဘူးတဲ့···ဘယ်သူကပဲ ဘာပဲတွေ့တွေ့ ပိုက်သဂိုးရက တွေ့ပါတယ်လို့ပဲ ကြေညာရတယ်။ အဲဒီအတွက်လည်း သစ္စာနာခံပါ့မယ်လို့ ဂိုဏ်းသားအားလုံးက ကျိန်ဆိုကြရတယ်···။

အဲ···အဲလိုနဲ့ တစ်ချိန်မှာတော့ သင်္ချာတွေ့ရှိချက်တစ်ခုကို ဂိုဏ်းသားတစ်ယောက်က သူတွေ့ရှိပါတယ်လို့ သစ္စာဖောက်

www.burmeseclassic.com

www.burmeseclassic.com




ပြီး ပြင်ပကမ္ဘာကို ကြေညာလိုက်တယ်။ သိပ်မကြာပါဘူး…အဲဒီလူဟာ တကယ်ပဲ ကျိန်စာသင့်ပြီး အသေဆိုးနဲ့ သေဆုံးခဲ့ရတယ်”

“ဟင်…”

သူ့စကားကြောင့် ဟိန်းထက်သူရော၊ ဖြိုးဝေအောင်ပါ မျက်လုံးပြူးသွားကြလေတော့သည်။

“ဟုတ်တယ်…‘ဟိပဆ’ဆိုတဲ့ လူတစ် ယောက်ဟာ ဥသုံညီ ပဥ္စဂံဆယ်ခုနဲ့ တည်ဆောက်ထားတဲ့ “ဒိုဒီကာဟီဒရွန်” ကို သူ့ပညာနဲ့ ဖော်ထုတ်နိုင်ခဲ့ကြောင်း အများကို ဖွင့်ချကြေညာခဲ့တယ်။ အဲလို ကြေညာပြီး သိပ်မကြာဘူး မြေထဲ ပင်လယ်ကမ်းစပ်မှာ ရေချိုးရင်း ရေနစ်သေဆုံးသွားခဲ့ရတယ်”



“ဟင်…”

“နောက်တစ်ယောက်က အာခီတဆိုတဲ့သူ။ သူလည်း နှစ်ရဲ့နှစ်ထပ်ကိန်းရင်းဟာ မတိကျတဲ့တန်ဖိုးကို ဆောင်နေတယ်လို့ ပြင်ကမ္ဘာကို သစ္စာဖောက်ပြီး သူ့ရဲ့တွေ့ရှိချက်ကို ကြေညာခဲ့တယ်။ သူကလည်း သိပ်မကြာပါဘူး။ ဟိပဆနည်းတူ အသေဆိုးနဲ့ ကျိန်စာသင့်ပြီး သေသွားရတော့တာပဲ…”

“ဟေ…”



“အဲဒီမှာ ငါ သင်္ချာကိုစပြီး စိတ်ဝင်စားလာတော့တာပဲ။ သင်္ချာရဲ့ကိန်းဂဏန်းတွေဟာ အဲဒီလောက်တောင် နတ်ကြီးသလား…။ လူတွေအပေါ် အဲလောက်တောင် ဆိုးကျိုးသက်ရောက်ရသလား…။ ကိန်းဂဏန်းတွေနဲ့ ကျိန်စာဟာ တစ်ခုနဲ့တစ်ခု အဆက်အစပ်ရှိလေမလားဆိုတာ ငါ လေးလေးနက်နက် စဉ်းစားလာမိတယ်…”

“ဆက်ပါဦး…မင်းစကားက အရမ်းကို စိတ်ဝင်စားဖို့ကောင်းလာပြီ…”

“မင်းတို့ ငါတို့ အခုအချိန်မှာ ဥပဒ်ကင်းကင်းနဲ့ အေးအေးချမ်းချမ်း လေ့လာသင်ကြားနေရတဲ့ သင်္ချာဟာ ဟိုးအရင်တုန်းက မွန်မြတ်သန့်စင်စွာနဲ့ ပေါက်ဖွားလာတာတော့ မဟုတ်ဘူး။ ကိန်းဂဏန်းတွေရဲ့ ပေါင်းခြင်း၊ နုတ်ခြင်း ရလဒ်တွေကို အချို့က ကိုးကွယ်ကြတယ်။ တချို့က ကြောက်ရွံ့ကြတယ်။ သင်္ချာဟာ အောက်လမ်းတို့၊ ကျိန်စာတို့၊ မှော်စွမ်းအားတို့နဲ့ ဆက်စပ်ပြီး သန့်ရှင်းမှုသဘောကိုဆောင်လိုက် ညစ်နွမ်းမှုသဘောကို ဆောင်လိုက်ဖြစ်နေတာ…”

“ဩော်…”

“အခု ငါလုပ်နေတဲ့ ဂမ္ဘီရသိပ္ပံ သုတေသနစာတမ်းမှာ Episode တော်တော်များများက ရေးပြီးနေပါပြီ။ ဒါပေမဲ့ Episode တစ်ခုကတော့ ခေါင်းစဉ်ပဲတပ်နိုင်ပြီး လုံးဝမရေးရသေးဘူး။ အဲဒီ Episode က ငါကိုယ်တိုင်ပါဝင်ပတ်သက်ပြီး လက်တွေ့စမ်းသပ်မှုနဲ့ အကောင်အထည်ဖော်ရမယ့် အခန်းပဲ…။ Episode ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစဉ်က "ကိန်းသဘောသဘာဝနဲ့ ဂမ္ဘီရဆန်ဆန် ကိန္နရာသင့်မှု ပတ်သက်ဆက်နွယ်ခြင်း…"တဲ့"

"မင်းအခုလုပ်နေတဲ့ ပရော်ဖက်ဆာတွဲ့အတွက် သုတေသနစာတမ်းက အရမ်းတော့ မြင့်တယ်နော် ဟိတ်ကောင်…အဲဒီအတွက် လိုအပ်မယ့် Fieldကို မင်းဘယ်မှာ သွားဆင်းမလဲ…"

"ငါလည်း ရှာနေဆဲပဲ…"

"အဘတစ်ခုလောက် အကြံပြုချင်တယ်…အမုန်းမြို့ကို သွားပါလား သား…"

"ခင်ဗျာ…"

"ဟင်…"

သူတို့ သုံးယောက်သား အသံလာရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။

လုံးဝ လုံးဝကို ထင်မှတ်မထား…။

ထိုသူကတော့ ဘယ်အချိန်ကတည်းက သူတို့နားကို ရောက်နေမှန်းမသိတဲ့ ရင်ပြင်မှာ နေကသိုဏ်းရှုနေသူ အဘိုးအိုပင်…။

* * *

..E..

ဘုရားလာဖူးရင်း မထင်မှတ်ဘဲ လိပ်ဥတစ်ဥတော့ တူးမိလျက်သား ဖြစ်နေလေပြီ။ သူတို့သုံးယောက်သား အဘိုးအိုကမ်းပေးတဲ့ ဝါကြန့်ကြန့်စာရွက်တစ်ရွက်ကို ဖြန့်ကြည့်လိုက်ကြတော့

"မြို့တစ်မြို့ရဲ့ မြေပုံတစ်ခုပဲ…"

အမုန်းမြို့…တဲ့…တစ်ခါမှတောင် မကြားဖူး…။

မြေပုံကလည်း တစ်နိုင်ငံလုံး၊ ဒါမှဟုတ်လည်း တိုင်းတစ်တိုင်း၊ ခရိုင်တစ်ခုစာ ပြည့်ပြည့်စုံစုံ ဖော်ပြထားသလိုမျိုးမဟုတ်ဘဲ အမုန်းမြို့အနီးတစ်ဝိုက်ကို ခပ်သော့သော့ညွှန်းထားသည့် မြေပုံခပ်ချွေးချွေးတစ်ချပ်ပင်…။ အနားသတ်များ ကွာကျမည်စိုးသဖြင့် ခပ်ဖွဖွကလေး ကိုင်ထားရသည်။

"ဒီမှာ…တောင်တန်းတွေရော၊ မြစ်ချောင်းတွေရော၊ ရေတံခွန်တွေပါပြထားတယ်။ ဒီဘေးနားမှာရှိတဲ့ မထင်မရှားမြို့နာမည်တွေတော့ ငါကြားဖူးတယ်ကွ…။ နယ်စပ်နားမှာရှိတဲ့

www.burmeseclassic.com



လမ်းပန်း ဆက်သွယ်ရေးနည်းနည်း ခက်ခဲတဲ့မြို့ပဲ…။ ဒါပေမဲ့ အမုန်းမြို့ ကိုတော့ ငါ တစ်ခါမျှ မကြားဖူးဘူး‥"

ဖြိုးဝေအောင်က ထိုသို့ဆိုလေတော့ လေးနက်က အဘိုးကြီးဘက်သို့ လှည့်ကာ…

"အဘ…ဒီမြို့နာမည်က အမုန်းမြို့ပဲလား…တခြားနာမည်တစ်မျိုးမျိုးရော မရှိတော့ဘူးလား‥"

သူ့စကားကြောင့် အဘိုးကြီးမှာ နေကိုအကြာကြီးကြည့်ခဲ့သဖြင့် ကျိန်းစပ်နေသည့် မျက်ဝန်းများကို အသာမှေးကျဉ်းလိုက်ပြီး…

"ရှိတော့ရှိပါတယ်။ ဒါပေမဲ့ အဘတို့က အဲဒီမြို့ကို အမုန်းမြို့ဆိုတာကလွဲလို့ တခြားနာမည်မခေါ်ဝံ့ကြပါဘူး…"

အဘိုးကြီးစကားကြောင့် သူ ကျောထဲနည်းနည်း စိမ့်သွားပြီး…

"ဘာ့ကြောင့်များလဲ…အဘရဲ့‥"

"အဘတို့က အဲဒီမြို့ကနေ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးလာကြတဲ့ ကျိန်စာသင့် လူတွေမို့လို့ပါ…"

"ဟင်…"

အဘိုးကြီးစကားကြောင့် သူတို့သုံးယောက်သား မျက်လုံးပြူးသွားကြလေတော့သည်။

ဒီအဘိုးကြီးကို ခုနတုန်းကတော့ သူတို့သုံးယောက်သား တန်ခိုးတစ်မျိုးမျိုးရှိနေသူ၊ ပါဝါရနေသူ၊ အင်းပြီးအိုင်ပြီး ပြီးနေသူဟု ထင်မှတ်မှားပြီး အထင်ကြီးထားကြသည်။ ဘယ်သူမှမကြည့်



နိုင်၊ မကြည့်ဝံ့ကြတဲ့ နေကိုတောင် အကြာကြီးကြည့်တဲ့ ကျင့်စဉ်ကို လေ့ကျင့်နေတဲ့ အဘိုးကြီးမဟုတ်ပါလား… အခုတော့ အဲဒီအဘိုးကြီးက ကျိန်စာသင့်နေသတဲ့…။ စိတ်တော့ စိတ်ဝင်စားစရာပါပဲ…။

"ကျိန်စာ…ဟုတ်လား‥။ အဲဒီမြို့က ကျိန်စာအတိုက်ခံထားရတဲ့ မြို့လား…"

"ဟုတ်တယ်…။ အဲဒီမြို့ကို အဘတို့က သခင်မအလိုကျ အမုန်းမြို့လို့ပဲ ခေါ်ဝံ့ပါတယ်"

"ဩော်…သခင်မ ဆိုတာက…"

"ပဒေသရာဇ်ခေတ်တုန်းက မင်းဧကရာဇ်တစ်ပါးရဲ့ မထင်မရှား မိဘုရားတစ်ပါးပေါ့ကွယ်…။ သခင်မရဲ့ ကျိန်စာဟာ နှစ်ပေါင်းကိုးရာကြာတဲ့အထိကို အမုန်းမြို့အပေါ် စူးရှသက်ရောက်နေတုန်းပါပဲ‥"

အဘိုးကြီးစကားကြောင့် လေးနက်တံတွေးကို အနိုင်နိုင်မျိုချလိုက်ပြီး ဝါကြန့်ကြန့်မြေပုံကို နောက်တစ်ခေါက် ပြန်ကြည့်မိလိုက်သည်။

မြေပုံကို ကိုင်ထားတဲ့ ကိုယ့်လက်တွေတောင် လျှပ်စီးဝင်လာသလိုလို…။ မြေပုံရဲ့အလယ်တည့်တည့်နားလောက်က အမုန်းမြို့လို့ ရေးထားတဲ့ အစက်အပြောက်ကလေးက ရုတ်ခြည်းဆိုသလို ကိုယ့်ကို ညှို့ငင်လာသလိုလို ခံစားလာရသည်။

"အဲဒီမြို့ကို ဘယ်လမ်းကနေ အနီးစပ်ဆုံးသွားလို့ ရသလဲ အဘ…"

www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"... ... ..."

အနောက်မှာရောက်နေတဲ့ အဘိုးကြီးဆီက ဖြေသံမကြားရတော့...။ ဒီတော့မှ သုံးယောက်သား မြေပုံကို သည်းကြီးမည်းကြီး ကြည့်နေရင်းကနေ အဘိုးကြီးဘက်ကို သမင်လည်ပြန် လှည့်ကြည့်လိုက်ကြသည်။

"ဟင်..."

"အဲ ..."

သူတို့သုံးယောက်သား ကြောင်စီစီပင် ဖြစ်သွားရတော့သည်။

အဘိုးကြီး မရှိတော့...။

တဆုံးအထိ မြင်ရတဲ့ ဘုရားပုရပိုဏ်ကို ဟိုဟိုဒီဒီ အကြည့်ဝဲပြီး ရှာလိုက်တော့ အဘိုးကြီးရဲ့ အရိပ်အယောင်မျှပင် မတွေ့ရတော့...။

လျှပ်တပြက်အချိန်တိုလေးအတွင်းမှာ ဒီအဘိုးကြီး ဒီနေရာက ဖျတ်ခနဲ ပျောက်သွားသည်မှာ သိပ္ပံနည်းကျ စဉ်းစားကြည့်လျှင် ဘယ်လိုမှကို အဖြေရှာလို့မရ...။

ဝိဇ္ဇာနည်းနှင့် စဉ်းစားကြည့်လျှင်တော့ အဖြေတွေက တစ်သီတစ်တန်းကြီး ထွက်လာပေလိမ့်မည်...။

သေချာတာ တစ်ခုက သူတို့သုံးယောက်လက်ထဲက ဝါကြန့်ကြန့်မြေပုံကလေးကတော့ အဘိုးအိုလို ပျောက်ကွယ်မသွား..။

* * *

# အမုန်းမြို့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁

နယ်စပ်မှာရှိတဲ့ အထင်ကရ မြို့တစ်မြို့ကိုသွားမည့် Express ကားတစ်စီးက လမ်းခွဲတစ်ခုမှာ ထိုးရပ်လိုက်တော့ လူရွယ်တစ်ယောက် ဆင်းလာသည်…။ အရင်ဆုံး နှာဝကို တိုးလာသည်က လတ်ဆတ်တဲ့ လေနုအေးတွေ…

အိုး… လှပလိုက်တဲ့ ရှုမျှော်ခင်းတွေ…။ လိမ္မော်စိုက်ခင်းတွေက တမျှော်တခေါ်။ တောင်တစ်လုံးနဲ့တစ်လုံးကြားမှာလည်း တောပန်းတွေပွင့်လို့…။ အဆုံးမရှိကျယ်ပြန့်တဲ့ ဟင်းလင်းပြင်ကျယ်ကြီးမှာ ငှက်တွေ ပျံဝဲလို့…။

"… … …"

ချွန်အားတစ်မျိုးပါပြီး နားထောင်လို့ ကောင်းလှတဲ့ ငှက်တွေရဲ့ အမဲလိုက်အော်မြည်သံတွေ….

ကိုယ့်ကိုယ်ကိုယ်တောင် ကမ္ဘာဦးက လူသားတစ်ယောက် စားကျက်မြေအသစ်တစ်ခုကို ရောက်ရှိသွားသလိုမျိုး ခံစားလိုက်ရသည်။



"ဒီကနေသာ ရပ်စောင့်နေပါ…ဟိုဘက်ကမြို့ကို အာလူးတွေ ပို့ပြီးပြန်လာတဲ့ ထော်လာဂျီတွေ နှစ်နာရီခြားတစ်ခါလောက် ဒီဘက်ကိုဖြတ်တယ်။ လမ်းကြုံတားပြီး စီးသွား…။ အမုန်းမြို့ကို ရောက်လိမ့်မယ်…"

ကားစပယ်ယာက ထိုသို့ပြောပြီး ကားတံခါးကို ဆွဲပိတ်လိုက်သည်။ ပြီးတော့မှ တစ်ခုခုပြောဖို့ မေ့ကျန်ခဲ့ဟန်ဖြင့် ကားတံခါးကို ဆွဲဖွင့်လိုက်ပြီး…

"စေတနာနဲ့ သတိတစ်ခုပေးမလို့ပါ…ကိုယ်နှုတ်အမူအသာ အားလုံးတော့ ဆင်ခြင်ပေါ့ဗျာ…"

အဲလိုပြောပြီး Express ကားကြီး သူ့ရှေ့က ဝူးကနဲ ထွက်သွားတော့ သူပခုံးတစ်ချက် တွန့်လိုက်မိသည်။

မြို့ကြီးသားဆန်တဲ့ မျက်နှာကျနဲ့ ကိုယ်ဟန်အမူအရာ၊ ဝတ်စားဆင်ယင်ပုံတွေကိုကြည့်ပြီး အမုန်းမြို့က လူမဖြစ်နိုင်မှန်း အားလုံးကရိပ်စားမိနေကြပုံ ပေါ်ပါသည်။

တကယ်တော့ အမုန်းမြို့ရှိရာ ဒီနားအထိ သူလွယ်လင့်တကူတော့ ရောက်လာခဲ့ခြင်းမဟုတ်။

ဘုရားပေါ်က အဘိုးကြီးပေးခဲ့တဲ့ မြေပုံကို ယနေ့ခေတ်မြေပုံတွေမှာ ရှာကြည့်တော့ အမုန်းမြို့နေရာတွင် မည်သို့မျှညွှန်းဆိုမထား…။

ဒါနဲ့ ဒုတိယကမ္ဘာစစ်မတိုင်မီက မြေပုံတွေနဲ့ ရှာဖွေတိုက်စစ်ကြည့်လိုက်တော့ အဲဒီနေရာနားမှာ 'ရွှေတာလုတ်' ဆိုတဲ့ မြို့ကလေးတစ်မြို့ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ သူငယ်ချင်းတွေ ထိုမြို့နဲ့ပတ်သက်ပြီး အတော်လေး ခေါင်းချင်းဆိုင် တိုင်ပင်လိုက်ရသေးသည်။ ပတ်ဝန်းကျင်အနေအထားကို အကဲခတ်ရပုံအရဆိုရင်တော့ အမုန်းမြို့ရဲ့ နာမည်ရင်းဟာ ရွှေတာလုတ်မြို့ဆိုတာတော့ သေချာနေပြီ…။ ဒီမြို့ကလေး အခုခေတ်မြေပုံပေါ်က ပျောက်သွားတာကတော့ စဉ်းစားရခက်ခက်ပဲ။ ဒုတိယကမ္ဘာစစ်ဒဏ်၊ ဒါမှမဟုတ်လည်း စစ်ကြောင်းတွေကြောင့် မြို့ပျက်ပြီး ရွာကြီးတစ်ရွာအဆင့်လောက်နဲ့ပဲ ရှိနေမလား မပြောတတ်ဘူး…။

"ဘယ်လိုလဲ‥လေးနက်‥အမုန်းမြို့ကို တကယ်ပဲသွားဖို့ ဆုံးဖြတ်လိုက်ပြီလား…"

သူက အဓိပ္ပာယ်ပြည့်ဝသော မျက်နှာထားနှင့် ခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး…

"အင်း…သွားဖြစ်ဖို့ကတော့ များတယ်။ theisis အတွက် အမှန်တကယ်လိုအပ်နေတာရယ်၊ နောက်တစ်ခုက အဘိုးကြီး ပြောသွားတဲ့ ဇကရာဇ်တစ်ပါးရဲ့ မထင်ရှားတဲ့ မိဖုရားတစ်ပါးကို ပါ စိတ်ဝင်စားတာရယ်ကြောင့် သွားဖြစ်လိမ့်မယ် ထင်တယ်"

"အဘိုးကြီး ငါတို့နားရောက်လာတာလည်း သိပ်ကို ထူးဆန်းတယ် မထင်ရဘူးလား‥။ ဖျတ်ကနဲ ရောက်လာပြီး ဖျတ်ကနဲ ပျောက်သွားတာ…။ မြေပုံကို မင်းလက်ထဲ ယုံယုံကြည်ကြည် ထိုးအပ်သွားပုံအရဆိုရင် အဲဒီမြို့ရဲ့ ပဟေဠိမှန်သမျှကို မင်းဖြေရှင်းနိုင်လိမ့်မယ်လို့ သူယူဆထားပုံရတယ်‥"

"ဒါဆို…ကျင့်စဉ်တွေနဲ့ ပတ်သက်ပြီး သမ္ဘာရင့်နေတဲ့



သူကိုယ်တိုင်ကရော သူ့မြို့မှာ ကျရောက်နေတဲ့ ကျိန်စာတွေကို ဖြေယ်ရှားနိုင်တော့ဘူးလား…"

ဖြိုးဝေအောင်ရဲ့ မေးခွန်းကြောင့် သူ တစ်ချက်စဉ်းစားလိုက်ကာ…

"သူတို့ ကျိန်စာသင့်နေကြတယ်လို့ ဝန်ခံသွားပြီပဲ…။ နောက်တစ်ခုက ကျိန်စာတိုက်သွားတဲ့သူကလည်း သာမန်ညောင်ည မဟုတ်ဘူးလေ‥။ ဇကရာဇ်ရဲ့မိဖုရား…ဘုန်းတန်ခိုးအာဏာစက်က ရှူးရှတယ်…။ အဲ့လို အာဏာစက်မျိုးကို တော်ရုံသမာဓိရှိတဲ့လူတစ်ယောက်အနေနဲ့ ဖယ်ရှားဖို့မလွယ်ဘူး…။ ငါတို့ကျတော့ အဲဒီမြို့ခံမဟုတ်တော့ အစောကတည်းက ကျိန်စာသင့်နေတာမျိုးမရှိဘူးလေ‥။ ပါဝါမရှိဘဲ စမယ်ဆိုရင်တောင် ဇီးရိုးနဲ့စတာ။ မိုင်းနက်(စ်)နဲ့ စတာမဟုတ်ဘူး။ ငါပြောတာမင်းတို့ သဘောပေါက်လား…"

ဟိန်းထက်သူကတော့ စိတ်မသက်သာစွာနှင့် အသာအယာ သက်ပြင်းချလိုက်ကာ…

"အင်း…ဖိဖုရားကလည်း ဘာ့ကြောင့်များ အဲဒီမြို့ကို ကျိန်စာတိုက်ခဲ့ရပါလိမ့်…။ သူ့ ကျိန်စာကလည်း နှစ်ပေါင်းကိုးရာကျော်တဲ့အထိတောင် စူးရှအသက်ဝင်နေရတုန်းလားကွာ‥"

"နာကျည်းစရာ၊ မကျေနပ်စရာတွေရှိလို့ ရာဇမာန်တွေ ပြင်းထန်နေလို့နေမှာပေါ့…"

"ဒါ့ထက် မင်းက စာကျပိုးဆိုတော့ တစ်ခုမေးရဦးမယ် …ဘိုးတော်ဘုရားတို့ ဘကြီးတော်ဘုရားတို့ဆိုတာ လွန်ခဲ့တဲ့ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်း ကိုးရာ တစ်ထောင်လောက်ကလားဟင်…"

စက်ဝိုင်းတစ်ခုကို ယင်း၏အချင်းဝက်က ထက်ဝက်ပိုင်း ဖြတ်သည်ဆိုတဲ့ သင်္ချာအယူအဆလေးကို သင်ကြားမိရုံနဲ့ အပျော်လွန်ပြီး မိခင်ဖြစ်သူကို အအေးဆိုင်မှာ ရှာလပတ်ရည်အတိုက်ခိုင်းခဲ့သူ စူပါဉာဏ်ကြီးရှင် ဖြိုးဝေအောင်က ထိုသို့မေးလေရာ သူလည်း ပစ်ပစ်နှစ်နှစ် ကျိန်ဆဲလိုက်ရင်း…

"မင်းအဘ…အလွန်ဆုံးရှိလှ နှစ်ပေါင်း တစ်ရာကိုးဆယ်ပေါ့ကွာ…။ သေချာတာ နှစ်ပေါင်း ၂၀၀ မကျော်သေးဘူးဟ…"

"ဩော်…အဲလိုလား…မင်းက ဒါလည်းသိလိုက်တာပဲလား…"

"သိဆို ငါက ငါ့ရဲ့ Episode တစ်ခုမှာ ဘိုးဘိုးအောင်အကြောင်းလည်း စာတမ်းပြုစုထားတာကိုး…။ ဘိုးဘိုးအောင်နှစ်ဥ်တုန်းက သူ့သူငယ်ချင်းက ဘိုးတော်ဘုရားလေ…ရှူမှာမည်မောင်ဝိုင်း…တဲ့"

"အင်း…မင်းကတော့ ပိုက်သဂိုးရလည်း လာထားပဲ…ဘိုးဘိုးအောင်လည်း လာထားပဲ…။ အမုန်းမြို့ကို မင်းတကယ်ပဲ သွားသင့်တယ် လေးနက်…။ မင်းရဲ့ သုတေသနစာတမ်းအတွက် သွားတာမှန်ပေမယ့် အဲဒီမြို့ကို ကျိန်စာသင့်နေရာကနေ ကယ်တင်ပေးခဲ့မယ်ဆိုရင် မင်းကုသိုလ်တွေအများကြီးရမှာ…"

"ဂျန်း…ဂျန်း…ဂျန်း…ဂျန်း…"

သူ့အတွေးမဆုံးခင်ပင် ကတ္တရာလမ်းပေါ်မှ မြေနီလမ်းဘက် ချိုးကွေ့လာတဲ့ ထော်လာဂျီတစ်စင်း သူ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာတာမို့ သူလည်း ခပ်တည်တည်နှင့် လှမ်းတားလိုက်ပြီး…



"ဟိုလေ…ကျွန်တော် အမုန်းမြို့ကို ကားကြုံလိုက်ချင်လို့ ရမလားမသိဘူး…"

ရှမ်းရိုးရာ ဖျင်ကြမ်းဝတ်စုံဝတ်ထားတဲ့ ထော်လာဂျီမောင်းသူက သူ့ကို တစ်ချက်မျှစိုက်ကြည့်ပြီး ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ ရပ်ပေးသဖြင့် သူလည်း ထော်လာဂျီပေါ် တက်လိုက်လာခဲ့သည်။

အားပါးပါး…ထော်လာဂျီစီးရတာ မသက်သာဘူးပဲ…ခုန်လိုက် ဆောင့်လိုက်တာ အသက်တောင်ထွက်မတတ်…။

"ဒီနယ်ခံတွေ ဘာတွေအစိုက်များကြလဲဟင်…"

တကယ်တော့ သူမေးချင်တာက ဒီမေးခွန်းမဟုတ်…။ ကျိန်စာသင့်နေတဲ့ အမုန်းမြို့နဲ့ သခင်မအကြောင်း။ သို့သော် စစချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်နေမည်စိုးသဖြင့် ဒီလိုပဲ ဖောလောဈောလောနှင့်စတင် အင်ထရိုဝင်လိုက်သည်။

ထော်လာဂျီမောင်းသူက သူ့အမေးစကားကို ရှုးစိုက်စွာနားထောင်ရင်း ပြန်လည်းမဖြေ…။ စဉ်းစားသလိုလို၊ အရေးမစိုက်သလိုလို လုပ်နေသဖြင့် သူလည်း နည်းနည်းအရေခက်သွားပြီး…

"စတော်ဘယ်ရီတို့၊ လိမ္မော်သီးတို့၊ ကညွတ်တို့၊ ကော်ဖီတို့ အများဆုံး စိုက်ကြမှာပေါ့နော…။ အအေးပိုင်းဆိုတော့လေ…"

အဲဒီလို ကိုယ့်အမေးကိုယ်ပြန်ဖြေတော့ ခေါင်းညိတ်ပြဖော်သော့ရသည်။

ဒါပေမဲ့ လေးနက် နည်းနည်းတော့ မှတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ သဘောကောင်းပုံရပေမယ့် စိတ်လိုလက်ရ စကားပြောလိုဟန်တော့ မရှိ။ ထပ်မေးနေလို့ ဟိုက မဖြေလျှင် ကိုယ်ပဲငွမ်းနေမည်စိုးသဖြင့် အသာကလေး ပုနေလိုက်ရတော့သည်။

စိတ်ထဲမှာတော့ ဒီခရီးကို မသွားဖို့ တားကြသည့် ဖေဖေ၊ မေမေနဲ့ ညီမလေးကို ဖျတ်ကနဲ ပြေးမြင်ယောင်လိုက်မိသည်။

မြို့နားဆီ ချဉ်းကပ်မိလေလေ လေးနက်တို့ ရင်ခုန်လေလေပင်…။

အဖော်အပေါင်းမပါဘဲ တစ်ယောက်တည်း ဝေးလံသီခေါင်လှတဲ့ ဒီမြို့အထိ ရောက်လာပြီးမှတော့ အစစအရာရာ သတိကြီးကြီးထားရမည်။ ပိရိသေသပ်ရမည်။ ကျောင်းမှာလို ဟောင်ဖွာဟောင်ဖွာနှင့် ဗရုတ်ဗရက်ကျလို့လည်း မဖြစ်။ မျက်နှာပိုးလည်း သတ်ရမည်။

မြို့ကိုက ကျိန်စာသင့်နေတဲ့မြို့…။ အခန့်မသင့်လျှင် အသက်ပင်ပါသွားပေလိမ့်မည်…။

စဉ်းစားရင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

ထော်လာဂျီက ဖုန်းထိုင်း ဖုန်းထိုင်းမောင်းနေရင်းမှ ဘရိတ်အုပ်လိုက်သည်။

"ဆင်းရမှာလား…"

ကိုရွှေတေမိက ခေါင်းညိတ်ပြသည်။ ဘာကြီးမှန်းကို မသိ…။

ဒါနဲ့ သူလည်း ထော်လာဂျီပေါ်ကဆင်းပြီး ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်လိုက်၏။

"ဟုတ်တယ်…။ ဒါမြို့ အဝင်ပဲ…"



မြို့လို့ ပြောရလောက်အောင်လည်း မကြီးကျယ်၊ ရွာလို့ ပြောရလောက်အောင်လည်း မသေးငယ်လှတဲ့ လူနေအိမ်ခြေရပ်ဝန်းလေးတစ်ခု…။

ထားပါတော့…။

ဘုရားမှာတွေ့ခဲ့တဲ့ အဘိုးကြီးစကားအလိုအရဆိုရင် ဒါအမုန်းမြို့ပါပဲ…။

သူ့ကို ထော်လာဂျီသမားချပေးသွားတဲ့နေရာက မြို့အဝင်နားမှာပါ…။

ထူးထူးခြားခြားတွေ့ရှိမိတာက ထင်သာမြင်သာရှိလှတဲ့၊ အုတ်နဲ့အခိုင်အမာဆောက်ထားတဲ့ ရေချမ်းစင်ကလေးတွေ…။

စိတ်က မြို့ထဲကို ဝင်လိုစိတ် ပြင်းပြနေသဖြင့် ရေချမ်းစင်ဘယ်နှခုရှိသလဲဆိုတာ လိုက်မရေတွက်ကြည့်မိသော်ငြား ရေချမ်းစင်ကလေးတွေက များတော့များသည်။

ရေးထိုးထားတဲ့ မော်ကွန်းကမ္ပည်းကျောက်စာကိုတော့ သူဖတ်ဖြစ်အောင် ဖတ်လိုက်၏။

ဝန်ကြီးသတိုးသီဟရာဇာ ကောင်းမှု
နတ်လူ သာဓုခေါ်စေသော်ဝ်

တာဒ…တာဒ…တာဒ…။

* * *

www.burmeseclassic.com

## အခန်း - ၂

မြို့အဝင်မှာကတည်းက ခေတ်မီလှပသော တိုက်တာအဆောက်အဦးများဟူ၍ မတွေ့ရ…။ အာစီတိုက်တစ်လုံးတစ်လေကလွဲပြီး သစ်သားဘောင်ထဲမှာ အုတ်ညှပ်ထားတဲ့ နံကပ်တိုက်အိုအိုများ၊ ပျဉ်ထောင်အိမ်များ၊ ပန်းတော့အပျောက်အမွှမ်းလက်ရာအနည်းငယ်ပါသည့် ရှေးခေတ်အိမ်အိုအိုများကိုသာ သူသတိထားမိသည်။

သူ့ကိုလည်း မြို့ခံများက စူးစမ်းလိုဟန်နှင့် ကြည့်နေကြသည်။ သိပ်နှစ်လိုဖွယ်တော့ မရှိ…မြို့ကတော့ စောစောက အကဲခတ်ထားမိတဲ့အတိုင်း ရွာကြီးတစ်ရွာအဆင့်လောက်သာ ရှိသည်။

ကဲ…အဲဒါတွေ အသာထား…။ ထော်လာဂျီစီးလာ၍လားတော့မသိ…။ ဗိုက်ကသတ်မှတ်ချိန်ထက် စောပြီးဆာနေပြီ…။

စားသောက်ဆိုင်ဖြစ်ဖြစ်၊ လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် ရှာဦးမှ…။

ဟော…ဟိုမှာ…။ ဘာဆိုင်လည်း မသိဘူး။ ဆိုင်းဘုတ်တော့ တွေ့ပြီ။



ဆိုင်းဘုတ်ရှိရာ အဆောက်အဦးနားသို့ သူလမ်းလျှောက်လာခဲ့သည်။

"ရွှေအုပ်" ပျော်ပွဲစားရုံ

မြို့ပြမှာလို Food Coner တို့၊ Restaurant တို့ မတပ်ဘဲ စားသောက်ဆိုင်ဖြစ်ကြောင်းကို အင်မတန်တွေ့ရခဲသည့် ပျော်ပွဲစားရုံဟူသည့် အသုံးအနှုန်းနှင့် တွေ့ရသဖြင့် သူ အနည်းငယ်ပြုံးမိရင်း ဆိုင်ထဲကို အကဲခတ်လိုက်မိသည်။

ဟင်…။ စားတဲ့သူလည်း တစ်ယောက်မှ မရှိ။

(ပထမတန်း) မီးရထားတွဲတွေထဲကလို သစ်သားထိုင်ခုံကြီးများနှင့် အပြင်အဆင်ကလည်း ရှေးကျလွန်းသည်ဟု သူတောက်ချက်ချနေစဉ်…

"ကဲ··အကြွေတစ်ရာ၊ ငွေ နှစ်ရာလောက်ဆိုတာ မင်းတို့လေးတွေအတွက် လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးတောင် မရှိပါဘူး။ ငါကိုလှူသွား…။ မင်းတို့လေးတွေ ကုသိုလ်ရတယ်…"

"ဂျလောက်…ဂျလောက်··ဂျလောက်…"

ခွက်တစ်လုံးထိုးပေးလာတဲ့ သူတောင်းစား မိန်းမတစ်ယောက်…။

ဘာလဲဟ! …။ သူများဆီက ပိုက်ဆံတောင်းတာကလည်း ရင့်လှချည်လား…။

ထမင်းဖိုး ဟင်းဖိုးလေးများ ပေးခဲ့ပါကွယ်ဆိုလည်း ဒီကငါးဆယ်၊ တစ်ရာတော့ ပေးလိုက်မိမှာပါ။ အခုတော့ ကိုယ်ကုသိုလ်ရဖို့အတွက်ပဲ သူက သူတောင်းစားလို၊ ဘဝကို ဆင်းဆင်းရဲရဲ

www.burmeseclassic.com

www.burmeseclassic.com



နှင်းကန့်ပြီး ပါရမီဖြည့်နေရသလိုလို…။

ဒါနဲ့ လေးနက်လည်း တောင်းစားနေသည့် အမျိုးသမီးကို ဘုရှိုး ရှိုးလိုက်သည်။

လက်အကောင်း၊ ခြေအကောင်း၊ အင်္ဂါအပြည့်အစုံ၊ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်နေမည့်ပုံ…။

အသက်က ရှိလှ လွန်ရောကျွံရော သုံးဆယ့်ငါး၊ လေးဆယ်ပေါ့။ ဒါပေမဲ့ ဆင်းရဲတဲ့ဒဏ်ကြောင့် ငါးဆယ်ကျော်သည့်ပုံတော့ ပေါက်နေသည်။

ဒီလိုလူစားမျိုးတွေ များလျှင် တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ထိခိုက်နစ်နာလှသည်။ ဂုတ်ဆွဲပြီးတောင် ပြုပြင်ထိန်းသိမ်းရေးစခန်း ပို့ပေးလိုက်ချင်သည်။ တကတည်း…။

"ဟဲ့…ကလေး…ပြောနေတယ်လေ…။ မင်းတို့လေးတွေ ကုသိုလ်ရပါတယ်လို့ ငါ ပိုက်ဆံလှူသွားဦး…"

သူက ထိုအမျိုးသမီးကို စိုက်ကြည့်နေရင်းမှ ဖျတ်ကနဲ အကြည့်လွှဲရင်း ပျော်ပွဲစားရုံထဲကို ဝင်လာတော့ အနှိမ်မိန်းမရဲ့ ဗျစ်တောက်ဗျစ်တောက် ကျိန်ဆဲသံများကို ခပ်သဲ့သဲ့ကြားလိုက်ရသေးသည်။

"ခေတ်လူငယ်တွေများ ရိုင်းကိုရိုင်းတယ်။ လူကြီးသူမကို စာနာရကောင်းမှန်းမသိဘူး။ ဟိုတစ်ရက်က ဘုရားပွဲဈေးမှာ ခါးအထိုးခံရပြီး သေသွားတာလဲ ဒီလို ကောင်စားမျိုးတွေပဲ…××× ××× ×××"

ဆိုင်ထဲရောက်တော့ စားပွဲထိုးလေးကို ထမင်းကြော်တစ်



ပွဲ ခပ်လွှယ်လွှယ်မှာရင်း တောက်နေတဲ့ ဝမ်းမီးကို အလျှင်အမြန်ဖြည့်ဆည်းလိုက်ရသည်။

ဗိုက်ဝသွားတော့ နားလည်းနားချင်နေပြီ…။ တည်းခိုခန်းတော့ ရှိမယ့်ပုံပါ။ တည်းခိုခန်းစုံစမ်းဦးမှ…။

"ညီလေး…ရှင်းမယ်…"

စားပွဲထိုးလေးက ယင်ကောင်တွေကို သူ့ပခုံးမှာ တင်ထားတဲ့ စစ်တံဘက်တစ်ထည်နဲ့ လိုက်ရိုက်နေရင်းမှ သူ့ထံပြေးလာသည်။

"နောက်ထပ် ထမင်းကြော်တစ်ပွဲ ပါဆယ်…"

စားပွဲထိုးလေးက စားဖိုဆောင်သို့ ကြက်ထမင်းကြော် ပါဆယ်ဝမ်းလို့ အော်ပြောအပြီး သူက စကားစမြည်ပြောလိုတာမို့…

"ဘယ်လောက်ကျလဲ…"

"နှစ်ထောင်ပါ…"

"ညီလေးက ဒီမြို့ကပဲ လား…"

"ဟုတ်…"

"ကျောင်းက ဆက်မတက်တော့ဘူးလား…"

"ခြောက်တန်းနဲ့ ထွက်လိုက်တာ…"

"သြော်…အစ်ကို စုံစမ်းစရာလေးတစ်ခုရှိလို့…"

"ဒီမြို့အကြောင်း မေးမလို့မဟုတ်လား အစ်ကို…"

"ဟင်…"

ခံဟ…။

"အဲ…ဘာရယ်မဟုတ်ပါဘူး…။ သိချင်ရုံသက်သက်

www.burmeseclassic.com

www.burmeseclassic.com



ပါ…”

“မမေးပါနဲ့ဗျာ‥”

ထိုစဉ် စားဖိုဆောင်မှ အကြော်ဆရာက ပါဆယ်ထုပ်တစ်ထုပ်ကို ကောင်တာပေါ်တင်ပေးလိုက်တာမို့ စားပွဲထိုးလေးလည်း ပါဆယ်ထုပ်သွားယူရင်း သူ့ဆီရောက်လာခဲ့ပြီး…

“နဂါးမျက်စောင်း…အကြောင်းသုံးပါး မရွေးဘူးတဲ့ဗျ‥”

“… … …”

“ဒီလိုပဲ သခင်မရဲ့ ကျိန်စာဟာလည်း အယုတ်အလတ်အမြတ် မရွေးဘူး…”

စားပွဲထိုးလေးက ထိုသို့ပြောပြီး စားဝိုင်းလွတ်တစ်ခုသို့သွားကာ စောစောကအတိုင်း သူ့ပုခုံးက စစ်သဘက်ကလေးနဲ့ယင်ကောင်ရိုက်နေသည်။

ဟင်း…။ ဒီပုံစံအတိုင်းသာဆို ဒီဆိုင်ကလည်း ကိုယ်သိချင်တဲ့ အကြောင်းက စုံစမ်းလို့ရမည်မထင်…။

ဒါပေမဲ့ ကိစ္စမရှိ‥။

ကိုယ့်ရဲ့ သုတေသနစာတမ်းအတွက် ဒီမြို့ကို အရဲစွန့်ပြီးရောက်လာခဲ့ပြီပဲ…။ အတတ်နိုင်ဆုံး ပညာသားပါပါနဲ့ ပါးပါးနပ်နပ် ချဉ်းကပ်အဖြေထုတ်ကြရုံပေါ့…။

“ရွှေအုပ်”ပျော်ပွဲစားရုံထဲက သူထွက်မည်အပြုမှာတော့

“အဲ…အစ်ကို…”

စားပွဲထိုးလေးက သူ့အား တစ်ချက်လှမ်းခေါ်လိုက်ပြီး…။



“အစ်ကို စိတ်ဝင်စားမယ်ဆို မနက်ဖြန်အာရုဏ်တက်ချိန်လောက် သခင်မနတ်ကွန်းမှာ ရိုးရာအမုန်းကဗျာရွတ်ပွဲ ရှိတယ်‥”

“ဟေ…ဘယ်လို…ဘယ်လို…”

သူက နားမရှင်းသဖြင့် စားပွဲထိုးလေးအား လှမ်းမေးစဉ် စားပွဲရုံပိုင်ရှင်ဖြစ်ဟန်တူသည့် ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက် ထိုစားပွဲထိုးလေးကို ခပ်မာမာလှမ်းခေါ်ရင်း မီးဖိုဆောင်ကိစ္စများ သွားလုပ်ရန် ဆော်ဩလိုက်သည်။

ရှုပ်ရှုပ်ယှက်ယှက်ကိစ္စများမှ ကြားညှပ်မခံလိုမှန်း သိသာလှသည်။

အာရုဏ်တက်ချိန်လောက် သခင်မနတ်ကွန်းမှာ ရိုးရာအမုန်း ကဗျာရွတ်ပွဲရှိတယ်ဆိုပဲ ဘာပဲပြောပြော Source တစ်ခုတော့ ရလာခဲ့ပြီ။

သူလည်း မျက်ခုံးတစ်ချက်တွန့်လိုက်ပြီး ထမင်းကြော်ပါဆယ်ထုပ်ကို ကိုင်ကာ ဆိုင်ထဲက ထွက်လာတော့ စောစောက သူ့အား အားမနာပကျိန်ဆဲလိုက်တဲ့ သူတောင်းစားအမျိုးသမီး ထပ်မံရောက်လာပြီး…

“ဂျလောက်…ဂျလောက်…ဂျလောက်…”

“ကဲ…အကြွေတစ်ရာ၊ ငွေနှစ်ရာလောက်ဆိုတာ မင်းတို့လေးတွေအတွက် လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးတောင် မရှိပါဘူး‥။ ငါ့ကို လှူသွား…။ မင်းတို့လေးတွေ ကုသိုလ်ရတယ်”

မပေးဘူးဗျာ…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃

ရှားရှားပါးပါးတွေ့လိုက်ရတဲ့ တည်းခိုခန်းတစ်ခုရှေ့ကို ရောက်တော့ သူ့မျက်ခွံတွေ လေးလံ၍ အိပ်ချင်လာသည်။

ကောင်တာမှာ အခန်းစုံစမ်းပြီး မှတ်ပုံတင်ကတ်ပြားအပ် တော့ မန်နေဂျာလား ပိုင်ရှင်လား မသိတဲ့ သက်ဆိုင်ရာလူက နာမည်နှင့် မှတ်ပုံတင်နံပါတ် ကူးယူပြီး…

"စိတ်တော့မရှိပါနဲ့ဗျာ…ဒီမြို့ကို လာရတဲ့ အကြောင်း အရင်းလေး ပြောပြပေးပါ…"

"အလည်ဆိုပါတော့ဗျာ…"

"တိတိကျကျလေး ပြောပေးပါ…။ ည အုပ်ချုပ်ရေး ရုံးမှာ ဧည့်စာရင်းတိုင်တော့ လူနဲ့မှတ်ပုံတင်နံပါတ်ထက် မြို့ကို လာရတဲ့ အကြောင်းအရင်းကို ပိုပြီး ခိုင်ခိုင်လုံလုံ သတင်းပို့ရလို့ ပါ…"

သူ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။



မလွယ်ပါလား ဟရိုး…။

မြို့ခံလူတွေရဲ့ ဆက်ဆံပုံက သူတို့မြို့ကို ကယ်တင်ပေးဖို့ လာတဲ့ လူစွမ်းကောင်းလေးအပေါ် တစ်စိတ်တော့ ဆက်ဆံရေး ကျဲလွန်းလေပြီ။

ဒီမြို့က အသိမိတ်ဆွေဆီလာတယ်တို့၊ ရပ်ဆွေရပ်မျိုးဆီ လာတယ်တို့ ပြောပြီးလည်း ညာလို့ရမယ်မထင်။

အခုအချိန်အထိလည်း ဘယ်သူကမှ ကိုယ့်ဘက်ကို လိုက် လိုက်လျောလျောလေး ပါပြီးလည်း သဘောကောင်းတာ မတွေ့ရ သေး…။

"ကျွန်တော် ဒဿနိက ဂုဏ်ထူးတန်း ကျောင်းသား ပါ…။ သုတေသန စာတမ်းပြုစုဖို့ လာခဲ့တယ် ဆိုပါတော့ဗျာ"

"ဘာသုတေသနစာတမ်းလဲဗျ…"

"သဘာဝလွန် ဂမ္ဘီရသိပ္ပံအကြောင်း လေ့လာနေတဲ့ သုတေသန စာတမ်းအတွက်ဗျာ…"

ဧည့်မှတ်တမ်းမှာ အကျအနရေးမှတ်နေရင်းမှ လေးနက် စွာကြောင့် အဆိုပါပုဂ္ဂိုလ်မှာ မျက်လုံးလှန်ရင်း တစ်ချက်မော့ ကြည့်လာသည်။

ခက်တော့ ခက်နေပြီ…။

ကိုယ်က ဒီမြို့အကြောင်း ဘာမှ ဂဃဏန မစုံစမ်းရသေး ခင် ဒီမြို့က လူတော်တော်များများကတော့ ကိုယ့်အကြောင်း ရိပ် မိကုန်ကြလေပြီ။

ထိုသူက ရေးစရာမှတ်စရာများ ရေးပြီးသွားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အခန်းသော့ကို လေးနက်ထံ ကမ်းပေးရင်း…

"မောင့်ရင့်ကို ကြည့်ရတာ ဒီမြို့ရဲ့ ထူးဆန်းအံ့သြစရာ ကောင်းတဲ့သတင်းတွေကို ကြားပြီး ရောက်လာတယ်နဲ့ တူတယ်…"

"ဆိုပါတော့…"

ထိုသူက ခေါင်းတစ်ချက် ဆတ်လိုက်ရင်း…

"တက္ကသိုလ်ကျောင်းသားတွေပဲ…။ စူးစမ်းလေ့လာလို ကြတာ သဘာဝပဲပေါ့… အဲ…မောင့်ရင့်ကို ကျုပ်သတိတစ်ခု တော့ ပေးချင်တယ်…"

လာပြန်ပြီ…။

Express ကားပေါ်ကဆင်းဆင်းချင်း ကားစပယ်ယာရဲ့ သတိပေးစကားကို ကြားခဲ့ရသည်။ အခုလည်း တည်းခိုခန်းပိုင်ရှင် က ထပ်၍ သတိပေးစကားပြောပြန်သည်။

"ဒီမြို့က…"

"အင်း…"

"နည်းနည်း…ဟို…မြေကြမ်းတယ်…"

စကားတွေ ရှည်ရှည်ဝေးဝေး မပြောလိုတာမို့ သူခေါင်းပဲ ညိတ်ပြလိုက်သည်။

နောက်…သိချင်တာတစ်ခုကိုလည်း ထိုအဘိုးကြီးထံ သူ စုံစမ်းလိုက်ရတော့သည်။

"ဒါထက် သခင်မနတ်ကွန်းက ဘယ်နားမှာရှိလဲ…"

အဘိုးကြီးက သူ့အား စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်



ရင်း တားလည်းရမည် မဟုတ်မှန်း သဘောပေါက်သလို ဖြစ်သွား ကာ…

"မြို့ရဲ့ အရှေ့ဘက် တူရူမှာ ရှိတဲ့ သမင်လိုက်တောင်ခြေ မှာ…"

"မနက်ဖြန် အာရုဏ်တက်ချိန် သခင်မနတ်ကွန်းမှာ ရိုးရာ အနှန်းကဗျာရွတ်ပွဲ ကျင်းပမယ်ဆိုတာ ဟုတ်လား…"

လူကြီးက ခေါင်းညိတ်ပြသည်။

နောက်…သူ့ကိုလည်း အေးတိအေးစက်နှင့် ကြည့်နေ သည်မို့၊ သူလည်း လေတစ်ချက်ချွန်ရင်း မိမိအခန်းရှိရာသို့ ထွက် လာခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၄

ခရီးပန်းလာသည်မို့ အခန်းထဲရောက်ရောက်ချင်း တရေးတမောအိပ်ပစ်လိုက်သည်။

ဥပဒါန်ကြောင့်လား ဘာလားတော့ မသိပါ…

နိုးတစ်ဝက် အိပ်တစ်ဝက်နှင့် သိစိတ်ကင်းလွတ်သွားသည့် အချိန်အခိုက်အတန့်လေးမှာပင် အိပ်မက်တစ်ခုကို မပီဝိုးတစ်ဝါး မက်လိုက်သေးသည်။

အိပ်မက်က ဘာမှန်းလည်းမသိ…။ အစိမ်းရောင်ဝမ်းဆက်ဝတ်ထားသည့် မိန်းမတစ်ယောက် (အိပ်မက်ဆိုတော့ လူလားမလူလားဆိုတာလည်း အကဲမခတ်လိုက်ရ။ အပြင်မှာ ဆိုလို့ကတော့ ဘာပြောကောင်းမလဲ…)ကိုယ့်ကို စိုက်ကြည့်ပြီး လက်ညှိုးထိုးသည်။ ဒီလိုနှင့် အိပ်မက်က ပြီးသွားသည်။

နောက်တော့ တကယ်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။



နိုးတော့ ညပင်ရောက်နေပြီ…။

နာရီလက်တံက ခုနစ်ဂဏန်းသို့ ညွှန်ပြနေသည်။

တောင်ပေါ်မြို့တစ်မြို့ဖြစ်၍ အအေးဓာတ်က လေးဘက်လေးတန် နံရံတွေကြားမှ စိမ့်ဝင်နေသလို ခံစားရသည်။

ဒါနဲ့ ဟမ်းဖုန်းကိုထုတ်ကြည့်လိုက်တော့ အားပါးပါး… ၂၃C …။ နည်းတဲ့အအေးဓာတ်မှ မဟုတ်ဘဲ…။

စောင်မခြုံ ဘာမခြုံဘဲ အိပ်လိုက်မိသဖြင့် လူတစ်ကိုယ်လုံး တောင့်တင်းနေပြီး အနွေးအကျီထူထူကို ကောက်ဝတ်ကာ မြို့ထဲ Sight sceen ထွက်ရရင် ကောင်းမလား စဉ်းစားမိသေးသည်။

အင်း…အခုအချိန်မှာ အတတ်နိုင်ဆုံး ကိုယ့်ကိုယ်ကိုယ် ဖွက်ဖဲတစ်ချပ်လို နေတာကောင်းမယ်ထင်တာပဲ…။

မြို့ခံတွေ ကြည့်ရတာ သဘောကောင်းပုံလည်းမရ။ ဘာမှလည်း ပြောချင်ပုံမရ။

အခန်းကျဉ်းလေးထဲမှာ ကိုယ်တစ်ယောက်တည်း ယောင်တောင်တောင်ဖြစ်နေသည်မို့ အိမ်ကိုဖုန်းခေါ်ကြည့်ရ ကောင်းမလား စဉ်းစားမိပြီး ဟမ်းဖုန်းကိုနှိပ်တော့…။

ဖုန်းက No Network Coverage …။ ကောင်းရော…။

Privacy မရှိဟု ယူဆသဖြင့် တည်းခိုခန်းကောင်တာက တယ်လီဖုန်းနှင့်လည်း အိမ်သို့လည်းကောင်း၊ သူငယ်ချင်းများအားလည်းကောင်း မဆက်သွယ်လိုပါ…။

ဒါနဲ့ ကြုံရာမရတဲ့အဆုံး နေ့လယ်က ထုတ်ယူလာခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်ပါဆယ်ဖွင့်စားပြီး တစ်ယောက်တည်း စဉ်းစားခန်းဝင်နေမိတော့သည်။

ထူးခြားချက်…။ မြို့ကလေးရဲ့ ထူးခြားချက်တွေ သူသတိထားမိသလောက် ပြောရမယ်ဆိုရင် ဒီမြို့က တချို့အမျိုးသမီးတွေ မျက်နှာမှာ ပါးရဲထိုးထားကြသည်။

ပါးရဲဆိုတာက မျက်နှာမှာထိုးတဲ့တက်တူး (ဆေးမှင်ကြောင်)တစ်မျိုးပါပဲ…။

တောင်ပေါ်ဒေသက အမျိုးသမီးတွေရဲ့ ရိုးရာဓလေ့လို့လည်း တချို့ကဆိုသည်။

တချို့ကျတော့လည်း ရှေးရှေးတုန်းက မင်းဧကရာဇ်ဘုရင်တွေဟာ တိုင်းခန်းလှည့်လည်တဲ့အခါ တွေ့တဲ့အရပ်က မိန်းမပျိုတွေကို မျက်စိကျတိုင်း တော်ကောက်တတ်လွန်းသဖြင့်၊ တောင်ပေါ် သူတွေဟာ ရွေနန်းတော်မလိုက်လိုတာမို့ လှနေတဲ့သူတို့မျက်နှာမှာ ပါးရဲထိုးပြီး ရုပ်ဆိုးအကျည်းတန်သွားအောင် လုပ်ကြသည်…တဲ့…။

အင်း…ဒါလည်း ဖြစ်နိုင်တာပဲ…။

အဲ…ဒါပေမဲ့ ဒီခေတ်က ပဒေသရာဇ်ခေတ်မှ မဟုတ်တော့ဘဲ၊ မင်းဧကရာဇ် တော်ကောက်မှာကို ကြောက်လို့တော့ ဒီမြို့က မြို့ခံအမျိုးသမီးတွေ ပါးမှာ ပါးရဲထိုးတာတော့ မဖြစ်နိုင်ဘူး။

ရိုးရာဓလေ့ကို ထိန်းသိမ်းလိုတာရယ်…။ ဒါမှမဟုတ်ရင်



တော့ နောက်အကြောင်းအချက် တစ်ခုခုရှိရမယ်။

အဲဒီအကြောင်းအချက်ရဲ့ အဖြေဟာ ဟောဒီအမုန်းမြို့ရဲ့ ကျိန်စာသင့်မှုနဲ့ တိုက်ရိုက်များ ပတ်သက်နေမလား…။

ဟုတ်ပြီ…ဒါက သဲလွန်စ တစ်ခု…။

နောက်တစ်ခု သူ သတိထားမိထားတာက ဒီမြို့က တိုက်တာအဆောက်အဦးတွေရော မြို့ခံလူတွေပါ သိပ်ပြီးတောက်ပြောင်နေတာ မတွေ့ရ။

အားလုံးဟာ ကိုယ့်စားဝတ်နေရေး ကိုယ်အတော်ကလေးကြိုးစားရုန်းကန်နေကြရပုံပေါ်သည်။

မြို့ပြမှာလို လက်လျား လက်လျားဖြစ်နေတဲ့ လူငယ်တွေအားတာနဲ့ ရှော့ပင်ထွက်၊ အင်တာနက်သုံးပြီး အချိန်ဖြုန်းနေတဲ့လူရယ်လို့ မတွေ့ရ…။

ဒါဆို ဟောဒီမြို့မှာ လူချမ်းသာတွေ မရှိကြတော့ဘူးလား…။

ကောင်းပြီ…ဒါကလည်း ထူးခြားချက်တစ်ခုပါပဲ…။

ထမင်းကြော်ကုန်သည်နှင့် လေးနက်မှာ အမုန်းမြို့လို့ခေါင်းစဉ်တပ်ထားတဲ့ note စာအုပ်ကလေးကို ဖွင့်ပြီး စောစောကသဲလွန်စနှင့် ထူးခြားဖြစ်စဉ်တွေကို ကောက်ရေးလိုက်သည်။

ဒီနေ့တော့ သူတောက်လှမ်းနိုင်သမျှ ဒီလောက်ပဲဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၅

သမင်လိုက်တောင်ခြေမှာရှိတဲ့ သခင်မနတ်ကွန်းကို သူ ရောက်တော့ မနက်လေးနာရီခွဲပင် ရှိသေးသည်။

မိုးပင်မလင်းသေး…။ ရောင်နီမပြိုသေး…။

တစ်ညလုံး တစ်ဖျောက်ဖျောက်ကျဆင်းထားတဲ့ နှင်းစက်တွေကြောင့် တောင်ခြေမှာရှိတဲ့ မြက်ခင်းရိုင်းများမှာ ဇာပဝါ လွှမ်းခြုံထားသလို ဖွေးဖွေးဖြူဆွတ်နေသည်။

တည်းခိုခန်းမှာ မျက်နှာသစ်ပြီး၊ အဆာပြေမုန့်တချို့စားကာ အခန်းအပူချိန်ကိုဖတ်တော့ ၁၃ မှာ ညွှန်းဆိုသည်မို့ အနွေးအင်္ကျီထူထူ ဝတ်လာမိ၍ တော်သေးတော့သည်။

မြို့ထဲက အိမ်တွေဆီမှာတော့ လူတွေ အိပ်မောကျနေပုံရသော်လည်း သခင်မနတ်ကွန်းကိုရောက်တော့ ကိုယ့်ထက်စောရောက်နေကြတဲ့ လူတွေက အတော့်ကိုများနေ၏။

နတ်ကွန်းတို့ရဲ့ ထုံးစံအတိုင်း ပန်းရနံ့၊ အမွှေးတိုင်ရနံ့၊ နံ့သာရနံ့များက မွှေးကြိုင်သင်းပျံ့နေလေသည်။

အိုး…ကြည့်စမ်း…။ တိုက်ဆိုင်လိုက်တာ…။



လူအုပ်ကြားမှာ အတင်းတိုးဝှေ့ပြီး သခင်မပုံတော်ရုပ်ထုကို သူ ကြည့်မိတော့ အမုန်းမြို့ကို ရည်ရွယ်ပြီး လက်ညှိုးထိုးသယောင် မတ်တပ်ရပ်နေတဲ့ အစိမ်းရောင်နန်းဝတ်နန်းစားနဲ့ မိန်းမပျိုတစ်ယောက်…။

ဟင်း…။ သခင်မဟာ သူ့နတ်ကွန်းမှာ ဧည့်စာရင်းလာမတိုင်တဲ့အတွက် warning ပေးဖို့ ငါ့အိပ်မက်ထဲအထိများ လိုက်လာလေသလား…။

စိမ်းစိမ်းကြီး စိုက်ကြည့်နေသည်မို့ ကိုယ့်မှာလည်း အပြစ်ရှိနေသယောင်ယောင်၊

အရာရာကို သတိကြီးကြီးနှင့် ကိုင်တွယ်တတ်သည့် လေးနက်ပင် ကြောက်သလို ရွံ့သလိုဖြစ်သွားသည်။ မှားတာရှိရင် တောင်းပန်ပါတယ်တွေဘာတွေလည်း ပြောင်တိပြောင်စပ်မလုပ်ရဲ။

သူရောက်ပြီး သိပ်မကြာခင် ရိုးရာအမုန်းကဗျာရွတ်ပွဲတော် စတင်ချေပြီ…။

နတ်ပွဲတို့ရဲ့ ထုံးစံအတိုင်း အချီတော်၊ အချော့တော်၊ ရွှေသီးမိုး၊ ယပ်တော်ကိုယ်၊ ကျိုင်းတော်ကိုင်၊ ပုဝါတော်ဆက်၊ ပန်းတော်ဆက်၊ ရေတော်ပြေး၊ နောက်တော်လိုက်၊ နန်းဦးစားတော်ဆက်များ စုံစုံလင်လင်နှင့် နတ်ထိန်းတစ်ဦးက ဦးစီးဦးရွတ်ပြုကာ (နတ်ချော့လင်္ကာရတုဖြစ်ဟန်တူသည့်) မျက်ဖြေအချော့အမြူနှင့် အသနားခံတောင်းပန်နေပုံမှာလည်း လေးနက်အတွက်တော့ ထူးဆန်းနေပေသည်။

"အဖေမကယ်နိုင်…အမေမကယ်နိုင်…သခင်မကိုယ်တော်တိုင် ကယ်ဆယ်မစပါမှ ကြီးပွားချမ်းသာရမယ့် ဘဝပါ…။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျွန်မတို့ဟာ သမိုင်းအစဉ်အလာအရ ဆိုးခဲ့၊ မိုက်ခဲ့၊ တွေဝေမိန်းမောခဲ့သည့်အလျောက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို နှစ်ရာချီပြီး ခံစားနေရဆဲပါ။ နေထိပန်း နွမ်းသလို ကြွေးမြီမကင်း ဆင်းရဲတွင်းနက် ချို့တဲ့စွာ အသက်ဆက်ရစမြဲပါ။

အမုန်းစိတ်ရည်သန် အမုန်းမာန် ထက်ရှ သခင်မအလိုကျ မည်သူကိုမျှ မချစ်ဝံ့ပါ။

ရှေးလူတို့ရဲ့ သမိုင်းကြွေးအဟောင်းကို သွေးနဲ့စတေးပြီး ပေးဆပ်ကြတဲ့ အမုန်းမြို့က မြို့ခံ၊ ရွာခံ သခင်မရဲ့ သစ္စာတော်ခံ ကျွန်တော် ကျွန်မတို့ကို ခွင့်မလွှတ်နိုင်သော်ငြား တစ်ဆင့်လျှော့ပြီး ကောက်ပဲသီးနှံ၊ ဆန်ရေစပါး ပေါများပြည်လျှံအောင် သခင်မ ထိပ်ထား မျက်နှာသာတော်ပေးသနားလှည့်ပါ။

အမုန်းမြို့ရဲ့ သမီးပျို ဆုသျှရီပန်ရဲ့ သခင်မအလိုကျ အမုန်းဖွဲ့တေးကဗျာရွတ်ဆို ရွှေနားတော်ဆက်မှာမို့ သခင်မချီးမြှင့် နားဆင်တော်မူလှည့်ပါ..”

ဘာတွေမှန်းမသိ ပြောသွားတဲ့စကားအဆုံးမှာတော့ ဆုသျှရီပန်ဆိုတဲ့ နာမည်ကြောင့် လေးနက် ဆတ်ကနဲဖြစ်သွားသည်။

ဆုသျှရီပန်…။

အို…လှလိုက်တဲ့ နာမည်လေး…။

လူမမြင်ရသေးခင် ရင်ဘတ်ထဲက အချက်ပြသံ နှစ်ချက်ထွက်လာသည်။

ဒုတ်…ဒုတ်…။

* * *

## အခန်း - ၆

ကမ္ဘာကုန်ကျယ်သရွေ့
အမုန်းနဲ့ ရှင်သန်
အမုန်းမာန် ထက်ရှ
အမုန်းကျေးကျွန်
အမုန်းနွံနှစ်
အမုန်းသာ ကြွင်းစေ…
ကျွန်တော်၊ ကျွန်မ
လူ့ဘဝရခိုက်
ချစ်မှုကင်းကင်း
ချစ်တေး မဆို
ချစ်ခွန်း မချိုရဲ
နေမြဲနေမည်
သခင်မ သစ္စာ
နာခံလိုလျက်
… ….
… ….
… ….
… ….။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာကတော့ ထိုသို့ အဆီအငေါ်မတည့် ထော်လော်ကန့် လန့် ဆန်ဆန်ပင်။

ကမ္ဘာနဲ့အဝန်းမှာ အချစ်အကြောင်း သီကုံးဖွဲ့ဆိုကြသည်သာ ကြားဖူးသည်။ အခုလို အမုန်းကို အဟုတ်လုပ်ပြီး ကဗျာရွတ်ဖတ်သည်ကိုတော့ လေးနက် ဒီတစ်ခါပဲ နားနဲ့ဆက်ဆက်ကြားဖူးတော့သည်။

သို့သော်…ဒါကလည်း သိပ်တော့ ထူးထူးဆန်းဆန်း မဟုတ်··။

ဒုတိယ ရမ္မားဆီးဘုရင်လက်ထက်တုန်းက အီဂျစ်မှာ အမုန်းနတ်သားအတွက် ရည်ရွယ်ပြီး ပိရမစ်ဂူဗိမာန်တွေ ဆောက်ကြကြောင်း စာထဲပေထဲမှာ သူဖတ်ဖူးပါသည်။

ဒါက ကိစ္စမရှိ··။

ကိစ္စရှိနေသည်မှာ အမုန်းကဗျာရွတ်ဆိုနေသည့် ဆုသျှရီပန်ကို ကြည့်ရင်း သူ့ရင်ထဲမှာ အမျိုးအမည်မသိတဲ့ ပန်းတွေဖူးသလို ပွင့်သလို ဖြစ်နေခြင်းပင်။

ငယ်ရွယ်ပျိုမျစ်တဲ့ အသားဖြူဖြူတောင်ပေါ်သူကလေး …။ ကိုယ်အတိ တိုင်းချုပ်ထားတဲ့ ခပ်ပျော့ပျော့ အစိမ်းရောင်ဝတ်စုံကလေးနဲ့ ဆံပင်တွေကို အပြောင်သိမ်းပြီး ခပ်မြင့်မြင့်ကလေး စုချည်ထားသည်။

မျက်နှာမှာ ပါးရဲထိုးမထားသဖြင့် သူမရဲ့ မျက်နှာအလှမှာလည်း အချိုးအဆကျလှသည်။ ကဗျာရှည်ကြီးကို သူမရွတ်ဆိုနေစဉ်ပင် သူ့ရင်တစ်ခုလုံး နွေးနေမိသည်။



ဒုက္ခပါပဲ…။

သခင်မက အမုန်းကျိန်စာတိုက်ထားလို့ နဂိုကတည်းက ဘယ်သူ့ကိုမှ မချစ်ဝံ့၊ မချစ်ရဲပါဘူးလို့ လက်နက်ချထားတဲ့ မြို့ကလေးမှာမှ ငါက တကူးတကလာပြီး သူမလေးကို စိတ်ဝင်စားနေမိသည်။

သခင်မကို Challange လုပ်ရာများ ကျနေပြီလား··။

ဟော…သမင်လိုက်တောင်တန်းတွေရဲ့ ဟိုးအပေါ်ယံကောင်းကင်မှာတော့ ရောင်နီလာနေပါပြီ။ နှင်းတွေတဖျောက်ဖျောက်ကျဆင်းနေလို့ ခိုက်ခိုက်တုန်အောင်ချမ်းပြီး နှင်းရည်တွေတစ်ကိုယ်လုံးစိုနေစဉ် ပထမဆုံးရောက်ရှိလာတဲ့ နေခြည်နုနုရဲ့ အထိအတွေ့ကလည်း ကြည်နူးစရာပင်…။

သူမ ကဗျာပြီးဆုံးသွားစဉ်ပင် မျက်ဝန်းအကြည့် ဆုံဆည်းမိသွား၏။

အချစ်…။ သြော်…။

* * *

www.burmeseclassic.com

www.burmeseclassic.com

လိပ်ပြာတွေတောင်
ချိုမြိန်တဲ့ ဝတ်ရည်တွေကို
တောင့်တ ကြသေးတာပဲ…
အမုန်းကဗျာတွေလည်း
ရွတ်မနေပါနဲ့တော့ ကောင်မလေးရေ..
တောက်ပတဲ့ အဖြူရောင်အဖြစ်နဲ့ပဲ
တို့ ရင်အုံတွေပေါ်မှာ
အချစ်ကို ငွေ့ရည်ဖွဲ့နိုင်းကြရအောင်..



## အခန်း - ၇

ဒီမြို့မှာ လူတစ်ယောက် ရောက်နေတယ်…တဲ့။

အဲဒီလူဟာ မြို့ပြက တက္ကသိုလ်ကျောင်းသားကြီးဖြစ်ပြီး သူ့ရဲ့ သုတေသနစာတမ်းအတွက် ဒီမြို့ရဲ့ သမိုင်းကျိန်စာသင့်မှု ထုံးတမ်းအစဉ်အလာတွေကို လေ့လာဖို့ရောက်လာခဲ့တာ…တဲ့။

အုပ်ချုပ်ရေးရုံးက ဧည့်စာရင်းတိုင်ကြားမှုကတစ်ဆင့် ဒီသတင်းဟာ သူမဆီ ရောက်လာခဲ့ရခြင်းပါ။ လပြည့်နေ့ အာရုဏ်တက်ချိန် သမင်လိုက်တောင်ခြေက သခင်မနတ်ကွန်းမှာ သူမ အမုန်းကဗျာရွတ်အပြီးမှာတော့ လူစိမ်းတစ်ယောက်ကို လူအုပ်ကြားကနေ အမှန်မထင် တွေ့ခဲ့ရပါသည်။

အဲဒီလူဟာ လူမြင်ဖူးခင် သတင်းအရင်ကြီးပြီး ကြားခဲ့ရတဲ့ လေးနက်ဆိုသူကလွဲပြီး ဘယ်သူများ ဖြစ်နိုင်ဦးတော့မှာလဲ..။

သူ့အကြောင်း၊ သူ့ရဲ့ မျက်ဝန်းအကြည့်တွေကို အခုပြန်မြင်ယောင်ကြည့်ရင်တောင် သူမလက်ဖျားတွေ အေးစက်ချင်လာသလိုလိုပါ..။

"သျှရီ…မြန်မြန်လုပ်နော်…ဘုရားပွဲဈေးက အရမ်းကောင်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ...''

''ဟုတ်...ဟုတ်..''

အိုးပုတ်ကလေးများကို ဆေးခြယ်ရင်း တွေးချင်ရာတွေး နေသဖြင့် သေးကကြည့်နေမယ်ဆိုရင် အိုးပုတ်တခြား လူတခြားလို ဖြစ်နေတဲ့ သူမကို အရီးက အနောက်မှလှမ်းဆော်သြနေသည်မို့ သူမ သွက်သွက်ကလေး လှုပ်ရှားနေရသည်။

ဩော်...အရွယ်တော်က တစ်ဆယ်ကျော် ခြောက်နှစ်ပတ် လည်ကိုး...ဒီလောက်တော့ ရှိပေမပေါ့..။

သူမတို့က မဆင်းရဲသော်ငြား ချမ်းတော့မချမ်းသာကြပါ။

အဖေနဲ့အမေကတော့ သစ္စာတော်ဖောက်မိသဖြင့် သူမ ငယ်ငယ်လေးကတည်းက အမေက ဆုံးသွားသည်။ အဖေကတော့ မြို့ကလေးမှ တိတ်တဆိတ်ထွက်သွားလေရာ ဒီနေ့အထိ သေသ လား ရှင်သလား မသိရပါ။

အားလုံးကတော့ ပြောကြသည်။ အဖေဟာ ဒီလိုထွက် မသွားခင် စိတ်ဖောက်ပြန်သွားသည်..တဲ့။ ဒါတွေ သူမမေ့ထား လိုက်ချင်သည်။ ပြန်လည်း မတွေးလိုပါ။

ကျိုန်စာနှင့် ကျင့်သားရနေကြသည့် ဟောဒီတစ်မြို့လုံး လည်း ဘယ်သူကမှ ဘယ်အရာကိုမှ ပြန်လည်အစမဖော်လို ကြပါ။

အခုတော့ သူမဟာ အဒေါ်လုပ်သူနှင့် ဟောဒီပျဉ်ထောင် အိမ် အိုအိုကြီးမှာနေပြီး တတ်ကျွမ်းသည့် လက်ဝှပ်လက်ရင်းပညာ နှင့် ကလေးကစားစရာ အိုးပုတ်ချိုးရုပ် အရုပ်ကလေးများ လုပ်



ကြသည်။

ဘုရားပွဲဈေးရှိသည်နှင့် ကိုယ့်မြို့မှာရော၊ မြို့နဲ့အနီးဝန်းကျင် မြို့ရွာတွေမှာပါ အိုးပုတ်ကလေးများ လိုက်ရောင်းကြ၏။

အခုလည်း ရှေ့လထဲ ဒီမြို့မှာ ဘုရားပွဲဈေးတန်းရှိသဖြင့် သူမတို့ တူဝရီး အိုးပုတ်၊ ချိုးရုပ်ကလေးများ ရသလောက်အစွမ်း ကုန်လုပ်နေရသည်။

အခုလည်း ဖိုမှထွက်လာသည့် အိုးပုတ်အကြမ်းထည် လေးများကို သူမက လှပအောင် ဆေးရောင်များခြယ်နေပြီး ငွေ ရောင်နှင့် သစ်ရွက်ပုံ၊ ပန်းပွင့်ပုံကလေးများ ဖော်နေရာမှ (အနု ပညာတစ်ခုကို ထုဆစ်နေရသည့်အတွက် နှလုံးသားက သူ့ဘာသာ နူးညံ့လာပြီး) မြို့ကြီးသားကို ဘာရယ်မဟုတ် ဖျတ်ကနဲ သတိရ သွားမိခြင်း ဖြစ်သည်။

''မကြီးဆု...မကြီးဆု..''

''ဝေး...''

ခြံရှေ့ ဝန်းတံခါးနားမှာ မောင်အောင်မယောင်မလည် ခေါင်းကုတ်ရင်း သူမနာမည်ခေါ်ကာ ရပ်နေသည်။

မောင်အောင်ဆိုလျှင် နည်းနည်းတော့ကြောက်ရသည်။ အရှုပ်ထုပ်..။

တလော..ကလည်း ဘယ်ကနှိုက်လာမှန်းမသိတဲ့ 'ဥ' တွေကို မန်ဒါလီဥဟုဆိုကာ သူမအိပ်ရာအနီးမှာ ကောက်ရိုးက လေးပုံရင်း အကျအန လာထားသွားသည်။

ပေါက်လာတော့ မန်ဒါလီမဟုတ်။ မြွေတွေဖြစ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တောစပ်သို့ အမြန်ဆုံးသွားပို့လိုက်ရတော့သည်။

အဲဒီကတည်းက မောင်အောင်ဆိုလျှင် သူမရောအရိုးပါ လျှော့မတွက်ရဲကြတော့။

အခုလည်း ဘာမှန်းမသိ၊ အိမ်ရှေ့မှာ ရစ်သီရစ်သီနှင့် ခေါင်းကုတ်ကာ နောက်လှည့်လှည့်ကြည့်နေရင်း သူမကိုလှမ်းခေါ်သည်။

သူမက ပြန်ထူးလိုက်သဖြင့် မောင်အောင်နည်းနည်း အားတက်သွားပြီး

"သား ဝင်လာခဲ့မယ်နော်"

ဆိုပြီး အိမ်ကပြင်မှာ အိုးပုတ်ကလေးများ ဆေးရောင်ခြယ်နေသည့် သူမနားရောက်လာခဲ့သည်။

"မောင်အောင်...ဒီတစ်ခါ ဘာ'ဥ'ပေးမလို့လဲ...။ ဟင်..."

"ဥ ပေးမလို့ မဟုတ်ဘူး။ အဟီး..."

သူမက မျက်စောင်းထိုးလိုက်သည်။

"နိုင်ငံခြားသားကြီးတစ်ယောက်က မကြီးဆုတို့ရဲ့ အိုးပုတ်လုပ်ငန်းကို စိတ်ဝင်စားလို့နဲ့တူတယ်။ သားကို သူတို့ဘာသာစကားတွေနဲ့ ဘာတွေမှန်းမသိဘူး ပြောပြီးလက်ဟန်ခြေဟန်နဲ့ မကြီးဆုဆီလိုက်ပို့ဖို့ ပြောနေလို့...အဲဒါ ခေါ်လာခဲ့ရမလားလို့..."

"ဟမ်...နိုင်ငံခြားသား...။ ဘယ်မလဲ..."

"ရှိတယ်...ဟို အကွယ်လေးကနေ ရပ်စောင့်နေတာ။ သူ့ကြည့်ရတာလည်း ဧည့်သည်ဆိုတော့ ကြောက်တယ်နဲ့



တူပါတယ်"

"သေချာလို့လားဟယ်...။ အင်္ဂလိပ်ကြီးလား။ ဟုတ်လား..."

"ကိုရီးယားလို့တော့ ထင်တာပဲ။ ရုပ်ကလည်း ခပ်ဖြောင့်ဖြောင့်ပဲ..."

"နင်က ကိုရီးယားမှန်း ဘယ်လိုလုပ်သိလဲ..."

"အသားဖြူဖြူနဲ့ မကြီးဆုရဲ့။ နောက်ပြီး သားတို့ကြည့်တဲ့ ဇာတ်လမ်းအခွေတွေထဲကအတိုင်း လျှာလိပ် အာလိပ်ပြောနေလို့ ကိုရီးယားမှန်း သားသိတာ..."

ဟင်...။

သူမစိတ်ထဲ နည်းနည်းတော့ သက်သာမကင်းဖြစ်သွားသည်။

မောင်အောင် နောက်ထပ် ဘာလာထပ်ရှုပ်ပြန်ပြီလဲ မသိ...။

ဟိုမှာ...ရပ်စောင့်နေတာ အားနာစရာကြီး၊ သားတို့ ဟိုဘက်မြို့မှာဆို ဆိုင်းဘုတ်အပြာကြီးထောင်ထားတာ မကြီးဆုရ ...နိုင်ငံခြားသားများကို ရိုင်းပင်းကူညီပါ..တဲ့။ သားခေါ်လိုက်မယ်...နော်..နော်.."

"ဟယ်...နေပါဦး...ဖွတ်ကြီးပဲ..."

"မရဘူး...ခေါ်လိုက်မယ်...ဟေး..ဗျို့...ကိုရီးယားကြီး အိုပါး...အိုပါး...အညောစရော...လာဗျို့...လာ..လာ..သားမမက လာခဲ့ပါတဲ့..."

ကဲ...ဘယ့်နှယ်တတ်နိုင်သေး စ...။

www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်က အဲဒီလို ကိုရီးယားမြန်မာ ဖက်စပ်စကားနဲ့ လက်ယပ်ခေါ်ပြီး သိပ်မကြာခင်သူမတို့ ခြံဝိုင်းကလေးထဲ လူရွယ်တစ်ယောက် ခပ်ပြုံးပြုံးနှင့်ဝင်လာလေတော့သည်။

သူမ မျက်လုံးကလေးများ ပြူးဝိုင်းသွားရချေပြီ…။

ဟိုလူ…။

ဟိုမြို့ကြီးသားက ကူလီကူမာဉာဏ်ဆင်ကာ သူမ အဝန်းဝိုင်းကလေးထဲ ရောက်ချလာလေတော့၏။

ဖိန့်လုံး··ဟိန့်လုံးတွေ သုံးပြီး ကလေးကို အသုံးချသွားပုံက အံ့မခန်းပင်။

ပြော…ဒါ ရှင့်အကြံ အကုန်ပဲလား…။

မောင်အောင် သူမတို့ နားရှိနေလျှင် သတင်းတွေသိပ်ပွသွားမည်စိုးသဖြင့် အရင်ဆုံးအရှုပ်ထုပ်ကို သူမရှင်းထုတ်ပစ်လိုက်ရလေတော့၏။

"မောင်အောင်…သွားသွား…ငါဒီမှာ အလုပ်တွေ သိပ်များနေတယ်"

"အံမယ်··သားကလည်း သွားမှာပါနော်…ဒီမှာ ဌွေလိုမ့်နေရင်း တန်းလန်းနဲ့ နိုင်ငံခြားသားတွေကို တစ်ဖက်တစ်လမ်းက ကူညီပေးနေတာ…ဟွန်း…"

ကဲ…အဲဒါသာကြည့်…။

အခုမှ မြွေဥထက် ဆိုးတဲ့ဟာနဲ့ တည့်တည့်ကို တိုးလေပြီ…။

* * *

# အခန်း - ၈

ရယ်တော့ ရယ်ရသည်။

ဒီမြို့က မြို့ခံလူတွေ သိပ်သဘောမကောင်းကြမှန်း သူအစောကတည်းက သိထားသည်။

ဒါ့ကြောင့် မြို့ထဲကို Sight sceen ထွက်ရင်း ခြံကွက်လပ်ကျယ်ကျယ်ထဲမှာ အိုးပုတ်ကလေးများ ဆေးရောင်ခြယ်နေသည့် သူမလေးကို အမှတ်မထင်တွေ့လိုက်ရ၍ မျက်နှာပြောင်တိုက်ကာ စကားရောဖောရော ဝင်လုံးချင်လာသဖြင့် အနီးအပါးကို ကြည့်လိုက်တော့ နပ်ချေးတွဲလောင်းနှင့် ဌွေလိုမ့်နေသည့် ချာတိတ်ကလေးကို တွေ့လိုက်ရသည်။

တကယ်တော့ အဲဒီချာတိတ်ကလေးကို သူပြောလိုက်သည်မှာ ကိုရီးယားစကားမဟုတ်ပါ။

ဒီလိုပဲ ပေါက်တတ်ကရတွေကို ဝူးဝူးဝါးဝါးလျှောက်ပြောရင်း အိုးပုတ်လုပ်သည့် ခြံကလေးကို သွားလိုကြောင်း လက်ဟန်ခြေဟန် လုပ်ပြလိုက်ရာ ကျေးဇူးရှင်က အဟုတ်ကြီးမှတ်၍

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ကိုရီးယားထင်သွားပြီး စွတ်ဆက်ကူညီပေးသွားလေ တော့၏…။

ခြံထဲရောက်လို့ သူမနဲ့နှမ်းတွေ ဒူးတွေ့…တွေ့တော့ နည်းနည်းတော့ မျက်နှာပူစရာ ကောင်းနေသည်။

ဒါပေမယ့် ကိုယ်က ယောကျာ်းလေးပဲ…။

သိတယ် မဟုတ်လား…။

ယောကျာ်းတို့ တပ်အပ်တဲ့ အဋ္ဌာရသ ၁၈ပါးထဲက ၁၄ခု မြောက် အတတ်ဖြစ်တဲ့ "လှည့်ပတ်တတ်သော အတတ်" ကို မိမိဘာသာ၊ မျက်နှာပြောင်တိုက်ခြင်း အတတ်ပညာလို့ နားလည် လက်ခံ ရင်း…

"အိုးပုတ်ကလေးတွေက လှတယ်နော်…ကိုယ့်ကို ရောင်းမှာလား…"

"ဟွန်း…နိုင်ငံခြားသားက အခုကျတော့ ဘယ်လိုလုပ် မြန်မာစကားတတ်သွားတာလဲ…"

"ဘယ်သူကပြောလို့လဲ…နိုင်ငံခြားသားလို့…"

"မောင်အောင်ပြောတော့ ရှင်က ကိုရီးယားလို ပြောတာ ဆို…"

"မပြောမိပါဘူး…စကားသုံးလေးကြောင်းလောက်ကို တစ်ခွန်းထဲ ဂူးဝါးဂူးဝါး မြန်မြန်ပြောလိုက်တာပဲရှိတယ်"

သူမက အိုးပုတ်ကလေးများ ဆေးခြယ်နေရင်းကြားမှ မထိန်းနိုင်တော့ဘဲ ရယ်လိုက်လေသည်။ သူနည်းနည်းတော့ အ တင့်ရဲသွားမိသည်။ ကွပ်ပျစ်ရှည်ရှည်မှာ တင်ပလ္လွဲ ဝင်ထိုင်လိုက် ရင်း…



"ဒါထက် ညီမနာမည်က ဆုသျှရီပန် နော်…"

"ဘယ်လိုလုပ်သိလဲ…"

"ဟိုတစ်ရက်က သခင်မနတ်ကွန်းမှာ ကဗျာရွတ်သွား တာ ညီမ မဟုတ်ဘူးလား…"

"အင်း…ဟုတ်ပါတယ်…"

"ညီမက ကဗျာရေးတတ်သားပဲ‥"

"ဒီလိုပါပဲ…"

"ဒီလိုပါပဲ အဆင့်တော့မဟုတ်ပါဘူး။ တစ်ဖက်သား ဖတ်လို့ကောင်းအောင် နားထောင်လို့ကောင်းအောင် အတိ ရေးတတ်တယ်…"

သူမက ထပ်ပြုံးပြန်ပါသည်။

မဆိုးဘူး…။ သူများသွား ကင်းထောက်နေတာထက် စာရင် ဒီငတိမလေးကို ကင်းထောက်ရတာ ပိုပြီး အဆင်ပြေလိမ့် မည် ထင်ပါသည်။

ကိုယ်သာ သတင်းထောက်ပညာ ပါးပါးနပ်နပ်နဲ့ မေး တတ် မြန်းတတ်မယ်ဆိုရင် ကိုယ်သိချင်တာတွေအားလုံး သူမဆီ က ရနိုင်လိမ့်မည် ထင်ပါ၏။

"ညီမက တကယ်ပဲ ညီမကဗျာထဲကအတိုင်း ချစ်တေး မဆို ချစ်မှုကင်းကင်းနဲ့ အမုန်းကျေးကျွန်အဖြစ် နေသွားတော့မှာ လား…"

သူ့စကားကြောင့် သူမမျက်လုံးကလေးများ အဝိုင်းသား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရပြီး…

""ကျွန်မ ရွတ်တဲ့ ကဗျာကို အခုအထိ အလွတ်ရတယ်…""

အမေးဝါကျနှင့် ရေရွတ်လိုက်တော့ သူ ခေါင်းညိတ်ပြလိုက်သည်။

""ရှင်…ရှင်က ဘယ်သူလဲဟင်…""

""ကိုယ့်နာမည်က လေးနက်ပါ…။ တက္ကသိုလ် ဂုဏ်ထူးတန်းကျောင်းသား ဆိုပါတော့။ အခုလောက်ဆို သူစိမ်းသူရံစာကို သိပ်အရောဝင်လေ့မရှိတဲ့ ညီမတို့ မြို့ကလူတွေလည်း ကိုယ့်အကြောင်း ရိပ်မိသင့်သလောက် ရိပ်မိနေကြပြီပေါ့…ကိုယ်မေးတာကို ဖြေပါဦး…ညီမက တကယ်ပဲ အမုန်းလူသားတစ်ယောက်အဖြစ် ရပ်တည်သွားတော့မှာလား…""

ဒီတော့မှ သူမက အဝေးတစ်နေရာကို ငေးမောလိုက်ပြီး (ထို အဝေးတစ်နေရာဆိုသည်မှာ မြို့ရဲ့ အရှေ့ဘက်ဆီက သမင်လိုက် တောင်တန်းများဆီတော့ ဖြစ်ပုံရသည်။)…

""သခင်မက ကျွန်မတို့မြို့က ဘယ်သူ့မဆို ချစ်ခွင့်မပေးဘူးရှင့်…""

""နတ်ကွန်းမှာ မယ်မင်းဖြူဖြူလို့ ကမ္ပည်းထိုးထားတာတွေ့တယ်နော်…။ သခင်မ နာမည်က မယ်မင်းဖြူဖြူ…တဲ့လား…""

သူမက ယောင်ယမ်း ခေါင်းညိတ်ပြီးကာမှ…

""ကျွန်မတို့က သခင်မကိုကြောက်ရတယ်။ ဘယ်လောက်



အထိတောင် ကြောက်ရွံ့ကြရသလဲဆိုတော့ သခင်မအကြောင်းကို ပုံပြင်တစ်ပုဒ်လို၊ အလွမ်းအမောဇာတ်လမ်းတစ်ပုဒ်လိုတောင် မပြောဆိုရဲရလောက်အောင် ကြောက်ရွံ့ကြရတယ်…""

""သြော်…""

ဒါ့ကြောင့် ဟောဒီတစ်မြို့လုံး သခင်မအကြောင်း မေးလို့မြန်းလို့ မရလောက်အောင်အထိ နှုတ်ဆိတ်နေကြတာကိုး…။

""အိုးပုတ်ကလေးတွေက ညီမကိုယ်တိုင်လုပ်တာလား…""

""ဟုတ်တယ်…ညီမတို့က ဒါပဲလုပ်တတ်ကြတာလေ…""

သူက အိုးပုတ်များကိုတလှည့် သူမကိုမသိမသာတလှည့်ကြည့်ကာ ""ချစ်စရာလေးတွေနော်…""လို့ ယောကျာ်းတို့သဘာဝအတိုင်း မလွတ်မလပ်ဆိုလေတော့ သူမရင်တွေ တဒိတ်ဒိတ် အခုန်မြန်သွားရသည်။

သြော်…မြို့ကြီးသားတွေ နာမည်ကြီးတယ်ဆိုတာ အခုမှဘဲ သူမလက်တွေ့ကျကျ သိတော့သည်။

ထိုစဉ်…

""သျှရီ…""

အိမ်မကြီးဆီမှ အရီးဖြစ်သူရဲ့ ခပ်မာ့မာလေသံကြောင့် သူရော၊ သူမပါ အနည်းငယ် လန့်ဖျတ်သွားကြပြီး…

""အဲဒီ သူငယ် ဘာကိစ္စတဲ့လဲ…""

www.burmeseclassic.com

www.burmeseclassic.com



"အဲ…ဟို…ဟို…အိုးပုတ်လာဝယ်တာ အရီး…"

သူမစကားကြောင့် သူရော၊ သူမပါ ပြုံးစိစိဖြစ်သွားကြပြန်သည်။

အင်းလေ…ဒီအရွယ် ယောကျာ်းကြီးက အိုးပုတ်တွေဝယ်ပြီး ဘယ်သူနဲ့ သွားဆော့ရမှာတဲ့း…။

"သူလိုချင်တာ ရွေးပေးလိုက်လေ…ဘာလဲ…စိတ်ကြိုက်မတွေ့ဘူးလား…"

"ဟုတ်…ရွေးပေးနေပါတယ်…"

သူမမျက်နှာကလေးမှာ အနည်းငယ် ချွေးသီး ချွေးပေါက်ကလေးများ စို့လာပြီး…

"အရီးက ချည့်သည်လာစပ်စုတာ မကြိုက်ဘူး…ရှင်ပြန် ပြန်ပါတော့နော်…"

"အင်းပါ…ဖြစ်နိုင်ရင် ကိုယ် ဒီလို မကြာမကြာ တွေ့ချင်တယ်…ဘယ်လိုလဲ…"

သူမကပြုံးရင်း မျက်နှာ လွှဲသွားသည်။

ဒီတော့မှ သူလည်း ပျဉ်ထောင်အိမ်အိုကြီးရဲ့ မြင်းမိုရ်နေရာကို တစ်ချက် သတိထားမိသွားလေတော့သည်။

"ဟင်…"

အိမ်ရဲ့ နဖူးစီးမှာ ထင်ထင်ရှားရှားကပ်ထားတဲ့ ငွေပြားကိုကြည့်ရင်း သူ မှင်တက်နေစဉ် ခြံရှေ့သို့ လူတစ်ယောက် ရောက်လာ၏။

လူက ပုပြတ်ပြတ်၊ ဂင်တိုတို၊ လွယ်အိတ်တစ်လုံးလွယ်ထားပြီး သူမနဲ့ သူ့ကို ခပ်မာမာ ကြည့်နေသည်။



"ဟို…အစ်ကို…ရှင်…ပြန်…ပြန်ပါတော့နော်…"

အခြေအနေ မဟန်တော့မှန်း သူ သဘောပေါက်ပါသည်။ ဒါကြောင့် တင်မလှဲ ထိုင်နေရင်းမှ ထ ရပ်လိုက်ရင်း…

"အင်းပါ…ကိုယ်သွားတော့မယ်… အဲဒီလူက ဘယ်သူလဲဟင်…"

"ပယောဂဆရာ…"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၉

မှန်ပါသည်။

သူမ ခြံဝန်းထဲမှ ထွက်လာပြီးသည်နှင့် အိမ်တော်တော်များများရဲ့ မြင်းမိုရ် (နဖူးစီး) နေရာကို သူသတိထား ကြည့်လာခဲ့သည်။

အိမ်တိုင်းလိုလို ငွေပြားလေးများ ကပ်ထားကြ၏။

အင်းပြားလို့တော့ သူထင်သည်။ သို့သော် သဲသဲကွဲကွဲ မမြင်ရ၍ ဘာအင်းပြားမှန်းတော့ သူမသိရ။

ဒီလိုနဲ့ တည်းခိုခန်းကို ပြန်ရောက်တော့ အဆောက်အဦးရဲ့ နဖူးစီးနေရာကို သူမော့ကြည့်လိုက်သည်။

ဒီမှာလည်း ငွေရောင်အင်းပြားလေးတစ်ချပ် ကပ်ထားသည်။

သဲလွန်စရလိုရငြား သိချင်၍ ဆက်မရသည့် ဟမ်းဖုန်းထဲက ကင်မရာဖွင့်ပြီး zoom ဆွဲပြီး ဓာတ်ပုံရိုက်နေတုန်း အခိုက်အတန့်လေး တည်းခိုခန်း မန်နေဂျာ ဦးအေးမောင်နဲ့တိုးပြီး လူကို



ဆောက်ဆတ်ဆတ်ကြည့်သွားသည်။

သူလည်း ရယ်ကျဲကျဲလုပ်ကာ အခန်းထဲရောက်သည်နှင့် ဆောစောက ဓာတ်ပုံကို ပြန်ဖွင့်ကြည့်တော့…

| | | |
|---|---|---|
| 4 | 9 | 2 |
| 3 | 5 | 7 |
| 8 | 1 | 6 |

အင်းပြားပေါ်မှာ ရေးထားတဲ့ ဂဏန်းများကို ကြည့်ပြီး သူမျက်မှောင်ကြုတ် စဉ်းစားနေမိသည်။

အရေးဟယ် အကြောင်းဟယ်ဆို I pad ကလည်း ပါမလာ။ I pad ပါလာခဲ့ရင်တော့ I pad ထဲမှာ မှတ်ထားတဲ့ ဂမ္ဘီရသိပ္ပံ e book စာအုပ်တွေထဲက ဒီအင်းပြားနဲ့ ပတ်သက်တဲ့ ဂဏန်းတွေကို သဲလွန်စ ရှာကောင်းရှာနိုင်လိမ့်မည်။

လောလောဆယ် အင်တာနက်လည်း သုံးချင်နေသည်။

မြို့ပြမှာဆိုလို့ကတော့ ဒီအင်းပြားရဲ့ source ကို အင်တာနက်ထဲ မွှေနှောက်ရှာပစ်လိုက်မည်သာ…။

ဒီမှာတော့ အင်တာနက် မပြောနဲ့။ ဖုန်းတောင် လိုင်းမမိကိုယ့်မှာလည်း ဆက်သွယ်မှု ဧရိယာရဲ့ ပြင်ပသို့ ရောက်နေရသည်။

ကဲ…အဲဒါတွေ တွေးပြီး စိတ်ညစ်နေလို့လဲ အပိုပဲ… စာရွက်နဲ့ ဘောပန်ရှိတာပဲ…။ ချရေးကြည့်ဦးမှ…


အင်းပြားကို ချရေးပြီးသည်နှင့် ထူးခြားချက်ကို ရှာကြည့်

www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်စုံတစ်ရာကိုတော့ အလွယ်တကူ တွေ့လိုက်သည်။ အဲဒါကတော့···





မြားအတိုင်း ဂဏန်းသုံးလုံးစီကို ပေါင်းကြည့်လိုက်ခြင်း ပါ···။ အားလုံး 15 ရနေသည်။

4+9+2, 2+7+6, 6+1+8, 8+3+4

နည်းနည်းတော့ မျက်ခုံးတွန့်စရာ ကောင်းနေပြီ။

ဒါနဲ့ အင်းပြားကို နောက်ထပ် ပုံစံ တမျိုး ပြောင်းပြီး မြင်ကြည့်လိုက်တော့ အခုလို ထပ်ရလာပြန်သည်။




ဘောင်ခတ်ထားတဲ့ အကွက်လေးကွက်စလုံးကို



ပေါင်းလိုက်ခြင်းပါ။ အားလုံး 15 ရနေပြန်သည်။

9+5+1, 3+5+7, 4+5+6+, 8+5+2

ဘာလဲဟ···။

သူနည်းနည်း ခေါင်းကုတ်ပြီး စဉ်းစားနေမိသည်။

15···။

15 ဟာ ဒီအင်းပြားရဲ့ super power လို ဖြစ်နေသည်။

15 ···။ တနည်း 1+5 ···။ ပေါင်းတော့ 6 ထွက်လာပြန်သည်။

··· 6 ···

*

www.burmeseclassic.com

www.burmeseclassic.com



6 ရဲ့ ချစ်စရာကောင်းတဲ့ စရိုက်လက္ခဏာလေးတွေကို သင်တို့ သိကြပါရဲ့လား…။

မသိလျှင် နည်းနည်း အုံးစားပေးပြီး ရှင်းပြလိုပါသည်။

အရာအားလုံးကို မေ့ပစ်ပြီး 12 ကို မြင်ယောင် ကြည့်ရအောင်…။

12 ကို အပြတ်စားနိုင်တဲ့ကိန်း (ဆခွဲကိန်း မည်မျှရှိမည်) ထင်ပါသနည်း…။

1,2,3,4,6 မဟုတ်ပါလား…။ သူတို့ကို ပေါင်းကြည့်လိုက်ပါ။

16 ရနေသည့်အတွက် မူလကိန်း 12 ထက် ပိုကိန်း ဖြစ်နေသည်။

ဒါဆို 10 ကိုခွဲခြမ်းကြည့်ပါဦး မိတ်ဆွေ…။

၄င်းကို ပြတ်အောင် 1, 2, 5 ဖြင့်သာ စားနိုင်ပါသည်။ သူတို့ကို ပေါင်းလိုက်ပါ။ 8 ပဲရပါသည်။ ဒါကြောင့် 10 သည် လျော့ကိန်းဖြစ်နေသည်။

ကဲ…ဒီ သဘောတရားကို နားလည်သွားပြီဆိုရင်တော့ သင်တို့ 6 ကိုချဉ်းကပ်ကြည့်လိုက်ကြပါ…။



6 ရဲ့ ဆခွဲကိန်းတွေဖြစ်တဲ့ 1,2,3 ကို သင်တို့ ပေါင်းကြည့်လိုက်ကြပါ။ ပေါင်းခြင်းဟာ 6 ပဲပြန်ရနေတဲ့အတွက် 6 ဟာ ပိုကိန်းလည်းမဟုတ်၊ လျော့ကိန်းဟုလည်း မစွပ်စွဲသာတဲ့ အပြစ်ကင်းကိန်း ဖြစ်နေကြောင်း သင်တို့ တွေ့ရလိမ့်မည်။

ပိုက်သဂိုးရ နဲ့ သူ့ရဲ့တပည့်တွေဟာ အပြစ်ကင်းကိန်းတွေကို လေ့လာတဲ့နေရာမှာ ဂမ္ဘီရ သဘောဘက်ကို ဖောင်းပေးလေ့လာခဲ့ကြသဖြင့် နောက်ပိုင်း ပညာရှင်တွေရဲ့ အထင်အမြင်သေးမှုကို ခံခဲ့ကြရှာသည်ဟု သမိုင်းက ဆိုထားသော်လည်း သူကတော့ ပိုက်သဂိုးရကို ကြွေသွားမိသည်။

အကြောင်းမှာ ထာဝရဘုရားသခင်သည် အရာခပ်သိမ်းကို 6 ရက်အတွင်း ဖန်ဆင်းတော်မူသည်ဟု ရှေးဦးလူတွေက ယုံကြည်ထားကြသည်။

သူလည်း အိုးပုတ်မလေးကို တစ်ရက်လျှင် 6 နာရီလောက် တွေ့ဆုံချင်နေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၀

ရိုးမရဲ့ တောင်စဥ်တောင်တန်းတွေကနေ မြစ်ဖျားခံ စီးဆင်းလာခဲ့ပုံရတဲ့ စမ်းချောင်းကလေးမှာ ကွေ့ကာ ဝိုက်ကာနှင့် မြို့ကလေးကို အပြင်ကနေ ကွေ့ပတ်ပြီး စီးဆင်းနေသည်။

အခုအချိန်မှာ စမ်းချောင်းကလေး သဘောကောင်းနေပုံရ၏။

သစ်ရွက်ခြောက်အကြွေတွေနဲ့၊ တစ်နေရာကနေ ကလေးတွေ လွှတ်ခဲ့ပုံရတဲ့ စက္ကူလှေကလေးတွေကို သူ့ကျောကုန်းမှာ တင်ဆောင်ရင်း တအိအိ ခရီးသွားနေသည်။

အင်းပြားပေါ်တွင် ရေးသားထားတဲ့ ဂဏန်းများကို ထိုအဆင့်ထက်ပိုပြီး ချဉ်းကပ်လို့ မရသေးသည့် လေးနက်မှု စိတ်များ အုံ့အိုက်ကျပ်တည်းလာသည်မို့၊ ဒီစမ်းချောင်းလေးအနား ဦးနှောက်ဆေးသည့် သဘောမျိုး ထွက်လာခဲ့သည်။



စမ်းချောင်းကလေး စီးဆင်းနေသည့်အတိုင်း ဘာရယ်မဟုတ် လမ်းလျှောက်လာစဉ် တနေရာအရောက်မှာတော့ မိန်းကလေးတစ်ယောက်ရဲ့ ငိုသံသဲ့သဲ့ကို ကြားလိုက်ရသည်။

အသံလာရာကို ခြေဖွဖွနင်းရင်း ကြည့်မိတော့ မိန်းကလေးတစ်ယောက်ရဲ့ ကျောပြင်တစ်ခုကို တွေ့ရ၏။

"ဟင်…"

အိုးပုတ်မလေး…

အိုးပုတ်မလေးမှ အိုးပုတ်မလေး စစ်စစ်ပါ…။

တစ်ယောက်တည်း လူသူပြတ်တဲ့ စမ်းချောင်းရဲ့ အကွေ့အဝိုက်တစ်ခုမှာ လာပြီး ငိုကြွေးနေသည်။

ဘာဖြစ်လို့ပါလိမ့်…။

သစ်ရွက်ခြောက်အကြွေများကို အသံမြည်အောင်နင်းရင်း သူမ နားသွားတော့ လှည့်ကြည့်၏…။

"ဩော်…ဟို…အစ်ကို…"

မျက်ရည်တွေကို ကမန်းကတန်းသုတ်နေသည်။

"အိုးပုတ်လေး…ငိုနေတာလား…"

"ဟင်…မဟုတ်ပါဘူး…"

"ဟုတ်ပါတယ်…ဘာဖြစ်လာလို့လဲ…"

သူမက သက်ပြင်းတစ်ချက်ရှိုက်လိုက်ရင်း…

"အစ်ကိုရော…ဒီမြို့မှာ အစ်ကိုလိုချင်တဲ့ သုတေသနစာတမ်းအတွက် အချက်အလက်တွေရနေပြီလား…"

"မြို့ခံတွေ မကူညီသရွေ့တော့ ကိုယ့်ရဲ့စာတမ်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲနေဦးမှာပဲ… ကိုယ်ဒီမြို့ကို ရောက်လာခဲ့တာက ကိုယ့်ကိစ္စတစ်ခုတည်းအတွက် မဟုတ်ပါဘူး…။ ဒီမြို့ကိုလည်း ကိုယ်တတ်နိုင်တဲ့ဘက်က ကယ်တင်ပေးချင်လို့ပါ…"

သူမက သူ့စကားကြောင့် ယဲ့ယဲ့ပြုံးရင်း…

"တကယ်တော့ ညီမတို့ မြို့ခံတွေက သဘောကောင်းကြပါတယ်…"

"ဒါဆို လာကြတဲ့ ဧည့်သည်တွေက ဆိုးကြလို့လား…"

"ဟုတ်တယ်…"

"ဟင်…"

"ညီမတို့မြို့ကို အစ်ကို့လိုပဲ ရှုစမ်းလေ့လာချင်ကြတဲ့သူတွေ ရောက်လာပြီး သခင်မအကြောင်း မေးကြ၊ မြန်းကြ စုံစမ်းကြတယ်လေ။ မြို့ခံတွေကလည်း သူတို့ သိသလောက် ရှင်းပြကြပါတယ်…"

"အင်း…"

"လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက သရဲ တစ္ဆေလိုင်း ရေးဖို့ ကလောင်သွေးနေတဲ့ စာရေးဆရာပေါက်စလေး ညီမတို့မြို့ကို ရောက်လာတယ်။ အကြောင်းစုံကို သိသင့်သလောက် သိသွားတော့ သခင်မကို ပညာစမ်းချင်တာနဲ့ နတ်ကွန်းမှာ အချစ်ကဗျာတစ်ပုဒ် သွားဆက်လိုက်တယ်…"

"သြော်…"

"နောက်ဆုံးတော့ သူလည်း ဒီမြို့က မပြန်ခင် မသာမြုး



တယ်လို့ပဲ ပြောရမယ် ထင်ပါရဲ့ အစ်ကိုရယ်။ အရာရာကို သိပ်ကို စူးစမ်းချင်လွန်းတော့ သမင်လိုက်တောင်ခြေကနေ လမ်းမှားပြီး တောထဲအထိ ရောက်သွားတယ်။ တောထဲမှာ ပဒူကောင်တွေ ရှိတယ်လေ…အဆိပ်ပြင်းတဲ့ မြွေအကြီးစားကြီးတွေပေါ့ သူတို့ကို ဘာမှမလုပ်ရင် သူတို့က ဘာမှ မလုပ်တတ်ပါဘူး။ ဒါပေမယ့် အဲဒီ စာရေးဆရာပေါက်စကတော့ ပဒူကောင်တွေ အတုပ်ခံရပြီး ဆေးရုံမရောက်ခင် လမ်းမှာပဲ အသေဆိုးနဲ့ သေသွားတယ်။ ညီမတို့ မြို့မှာလည်း အဲဒီနှစ်က မိုးတွေခေါင်တာ သီးနှံတွေပျက်ပြီး လူတွေ အကြွေးတွေနစ်ပြီး မွဲကြတေကြတယ်။ အသက်ကြီးပိုင်းတွေလည်း ရာသီဥတုဒဏ်ကြောင့် အဲဒီနှစ်က အများကြီး သေကြရတယ်…"

"သြော်…"

"နောက်တစ်ခါကကျတော့ နာမည်ကြီး ဂျာနယ်တိုက်က ဂျာနယ်လစ်လေး ညီမတို့မြို့ကို သတင်းယူဖို့ ရောက်လာတာ။ သူက သူ့ကောင်မလေးကို ခေါ်လာတာလေ။ သခင်မနတ်ကွန်းကို စုံတွဲသွားခွင့်မရှိဘူး အစ်ကိုရဲ့…။ အဲဒါ မြို့ခံတွေ ဝိုင်းဝန်းတားတဲ့ကြားက နတ်ကွန်းကို စုံတွဲသွားတဲ့အပြင် အဲဒီမှာ သူတို့စုံတွဲက အရမ်းကို ကဲကြ၊ သည်းကြတာ… နောက်ဆုံးတော့ သူတို့စုံတွဲလည်း ဟို စာရေးဆရာပေါက်စ လမ်းစဉ်အတိုင်း လိုက်ကြရတာပဲ…"

"အင်း…ပြောပါဦး…ညီမစကားတွေက စိတ်ဝင်စားဖို့ကောင်းလာပြီ…"

www.burmeseclassic.com

www.burmeseclassic.com



"တောင်ပေါ်ကို တက်တဲ့လမ်းအကွေ့တိုင်းမှာ ဖြတ်လမ်းတွေရှိတယ်လေ…ဒါပေမယ့် အဲဒီဖြတ်လမ်းတွေက တက်တတ်ဆင်းတတ်မှ ရတာ။ ကျောက်ကမူကြီးတွေနဲ့ အရမ်းမတ်တယ်။ အဲဒါ ကောင်မလေးက ဒေါက်ဖိနပ်အချွန်နဲ့ ဖြတ်လမ်းတွေအတိုင်း တောင်ထိပ်ပေါ်အထိ တက်တယ်တဲ့။ ပြန်ဆင်းတော့လည်း ဖြတ်လမ်းတွေ သုံးပြီး ဆင်းတာ ဖြတ်လမ်းတစ်ခု အရောက်ကျတော့ ဒေါက်ဖိနပ်နဲ့ ခြေခေါက်လဲပြီး ချောက်ထဲပြုတ်ကျ သေသွားတယ်…"

"သြော်…"

ကြားရတဲ့ သတင်းများကြောင့် သူသက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"အဲဒီနေရာလေးမှာ ညီမတို့ မြို့ခံတွေစုပြီး လွမ်းစေတီလေး တည်ထားတယ်။ အဲဒီ ဂျာနယ်လစ်လေးဆိုတာ မရှူးရုံတမယ်ပဲ… ညီမတို့ မြို့မှာပဲ ဘုန်းကြီးခုနှစ်ရက်ဝတ်ပြီး နတ်ကွန်းကို နောက်တစ်ကြိမ်သွား ကန်တော့တောင်းပန်ပြီးမှ ပြန်သွားတယ်။ အဲဒီနှစ်ကလည်း ညီမတို့မြို့မှာ အိမ်တစ်အိမ်က စပြီး မီးလောင်တာ မြို့လုံးကျွတ်ပဲ…။ ကဲ…အစ်ကို စဉ်းစားကြည့်လေ…ညီမတို့တွေ အဲဒီကစပြီး ဧည့်သည်ကို ခပ်စိမ်းစိမ်းနေကြတာ လွန်သလား…"

"မလွန်ပါဘူး…ညီမ ပြောပုံအရဆိုရင် သခင်မက ပြင်းပြင်းထန်ထန် အမှားကျူးလွန်တော့မှ ဒဏ်ခတ်အရေးယူပုံရတယ်။ ကိုယ် ကတိပေးပါတယ်။ သခင်မအပေါ် မရိုမသေပြုတာတွေ၊



ပညာစမ်းတာတွေ ကိုယ်မလုပ်ပါဘူး။ တတ်နိုင်သလောက်လည်း ညီမတို့ ဖြစ်နေတဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးချင်ပါတယ်။ ညီမ ကိုယ့်ကို မယုံသေးလို့ သခင်မအကြောင်း မပြောရဲသေးဘူးဆိုရင်တောင် စောစောက ညီမငိုနေတဲ့ အကြောင်း အရင် စပြောလေ… ဘယ်လိုလဲ…"

ဒီတော့မှ သူမလေးက သူ့ကို နည်းနည်း အယုံအကြည်ရှိသလို ဖြစ်လာကာ…

"အရီးက ကျွန်မကို ပါးရဲ ထိုးခိုင်းနေလို့"

"အာ…"

"ကျွန်မ အစ်ကို့ကို ယုံကြည်ရမှာလားဟင်…"

တောင်းပန်တိုးလျှိုးသော လေသံလေးနှင့် မေးလာသည်မို့ သူ ပြုံးရင်း ခေါင်းညိတ်ပြလိုက်ရသည်။

"ဒီလိုရှိတယ် အစ်ကိုရဲ့…။ ကျွန်မတို့ မြို့ကို သခင်မက ပြင်းပြင်းထန်ထန် ကျိန်စာတိုက်ထားတာ သုံးခု ရှိတယ်။ ကျွန်မတို့ မြို့သူမြို့သားတွေ ဆင်းဆင်းရဲရဲ ရုန်းကန်ရမယ်… ချောလှတဲ့ မိန်းမပျို မရှိရ၊ ယောကျ်ား၊ မိန်းမမချစ်ရ…တဲ့…"

"နားလည်သလိုရှိပေမယ့် သိပ်တော့ နားမရှင်းဘူး…ရှင်းပါဦး…"

"ကျွန်မတို့ မြို့မှာ တကယ်ပဲ လူချမ်းသာတွေ မရှိကြဘူး၊ အားလုံးဟာ ရရစားစားနဲ့ ကြွေးမြီတွေလည်း မကင်းကြဘူး၊ ဒါ သခင်မရဲ့ ကျိန်စာ ရှူးရှတဲ့သဘောပဲ…နောက်ပြီး ကျွန်မတို့ မြို့မှာ သုံးနှစ်တစ်ကြိမ် မိန်းမချောပေါ်တယ်ဆိုတဲ့ စာချိုးရှိတယ်။ အဲဒီ မိန်းကလေးဟာ ဆယ့်ငါးနှစ်အထိပဲ ကြောင့်ကြကင်းကင်း နေလို့

www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ဆယ့်ငါးနှစ်ကျော်သွားရင် သူ့အတွက် ကံကြမ္မာက မရေရာတော့ဘူး။ ဘာကြောင့်လဲဆိုတော့ သခင်မက ဒီမြို့က မိန်းမချောတွေ အရွယ်ရောက်ရင် ကိုယ်လက်အင်္ဂါချွတ်ယွင်းပါစေလို့ ကျိန်စာတိုက်ခဲ့လို့ပဲ…”

“သြော်…”

ဆယ့်ငါးနှစ်ဟု ဆိုလိုက်သဖြင့် အင်းပြားရဲ့ super powr 15 ကိုပြေးသတိရမိရင်း သူမစကားကို ဆက်နားထောင်နေလိုက်သည်။

“တကယ်လည်း ချောတဲ့လှတဲ့မိန်းကလေးတွေဟာ အသက်ဆယ့်ငါးနှစ်ရဲ့ ဟိုဘက်ပိုင်းမှာ မတော်တဆမှုတစ်ခုခုနဲ့ ကိုယ်လက်အင်္ဂါချို့ယွင်းကြတယ် အစ်ကို… ဆိုပါတော့…မျက်လုံးကွယ်သွားမျိုး၊ နားပင်းသွားတာမျိုး၊ လက်တို့ ခြေတို့ အရိုးကျိုးသွားတာမျိုး၊ တချို့လည်း အသက်ဆုံးရှုံးတဲ့အထိ ဖြစ်ကြတယ် ဒါကြောင့်လည်း ဒီမြို့က မိန်းကလေးတွေ သူတို့ကိုယ်သူတို့ ရုပ်ဆိုးအောင် ပါးရဲတွေ ထိုးပြီး မမြင်ရတဲ့ အန္တရာယ်ကို ကာကွယ်ထားကြတယ်လေ…”

“ကိုယ် သဘောပေါက်ပြီ…”

“အစ်ကို မရယ်ဘူးဆိုရင် ညီမတစ်ခုလောက်ပြောမလို့”

“မရယ်ပါဘူး…ပြောပါ…”

“သုံးနှစ်မှာ တစ်ခါ မိန်းမချော ပေါ်တယ်ဆိုတဲ့ စာချိုးနဲ့အညီ၊ ညီမအသက်ဆယ့်ငါးနှစ်ပြည့်တဲ့ နှစ်က မြို့ကနတ်ထိန်းနဲ့ မြို့မိ မြို့ဖတွေက ညီမကို မိန်းမချောလို့ သတ်မှတ်ကြတယ်လေ…”



“ညီမက တကယ်လည်း မိန်းမချောပဲဟာ…”

သူ့စကားကြောင့် သူမက ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး…

“တခြားမြို့က မိန်းကလေးတွေအတွက်ကတော့ မိန်းမချောလို့ သတ်မှတ်ခံရတာ ဂုဏ်ယူစရာကောင်းပေမယ့် ညီမတို့မြို့အတွက်ကျတော့ မိန်းမချောလို့ အသတ်မှတ်ခံရတာ အရမ်းကြောက်စရာ ကောင်းတယ်လေ။ သခင်မရဲ့ ကျိန်စာကလည်း ရှိသေးတယ် မဟုတ်လား….”

“ကိုယ်သဘောပေါက်ပြီ ဒါဆို ဒီမြို့မှာ နောက်ထပ်သုံးနှစ်ကို မရောက်မချင်း အန္တရာယ်အများဆုံး မိန်းကလေးကိုပြပါဆိုရင် သူ့ရှိပေါ့ ဟုတ်လား…”

“ဟုတ်တယ် အစ်ကို…”

သူက ကောင်မလေး ရင်ဖွင့်သမျှ စကားတွေကို အထားအသို မှန်မှန်နဲ့ပြန်လည် စုစည်းရင်း လျှို့ဝှက်သိမ်မွေ့လွန်းတဲ့ အမုန်းမြို့ရဲ့ ဇာတ်ချုပ်အထိ ချဉ်းကပ်နိုင်ရန် ကြိုးစားနေရသည်။

“ဒါကြောင့် နတ်ကွန်းမှာ ရိုးရာအမုန်းကဗျာရွတ်ပွဲရှိတော့ ညီမကို ကဗျာရွတ်ဖို့ တစ်မြို့လုံးက ရွေးချယ်ခဲ့ကြတာထင်တယ်…”

“ဟုတ်တယ်…အ…အစ်ကိုက… ရဲကဲ့လားဟင်…”

သူမစကားကြောင့် သူပြုံးလိုက်ရင်း…

“မဟုတ်ပါဘူးကွာ…တက္ကသိုလ်ကျောင်းသားစစ်စစ်ပါ။ သဘာဝလွန်ကိစ္စတွေကို စဉ်းစားတဲ့နေရာမှာ ဝါသနာပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့…"

"သြော်…တက္ကသိုလ်က ပျော်ဖို့ ကောင်းလား…"

"အင်း…ကောင်းတယ်ဆိုပါတော့…သျှရီကရော ကျောင်းမတက်ဘူးလား…"

"ဆယ်တန်းအောင်ပြီးပါပြီ…တက္ကသိုလ်က ဝေးတာရယ် နောက်…ဟို…ငွေကြေးသိပ်မတတ်နိုင်တာရယ်ကြောင့် ဆက်မတက်တော့တာပါ…"

"သြော်…"

ကောင်မလေးစကားကြောင့် ရင်ထဲမှာတော့ နင့်သွားရသည်။

"ကဗျာရွတ်ပွဲတွေက ဘယ်အချိန်တွေ ကျင်းပတတ်ကြလဲ…"

"တစ်လကို နှစ်ကြိမ် အစ်ကို၊ လပြည့် လကွယ် နှစ်ရက်ဆိုပါတော့နော်…အဲဒီရက်ကို ရောက်ပြီဆိုတာနဲ့ ညီမတို့လို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတွေက သခင်မကို တောင်းပန်တဲ့ ကဗျာတွေ ရွတ်ရတယ် ဘယ်သူကိုမှ မချစ်ပါဘူးလို့ ကတိသစ္စာခံယူရတယ်။ နောက်ပြီး တမြို့လုံးက လူတွေကလည်း ကောက်ပဲသီးနှံတို့၊ စားဦးစားဖျားတို့၊ အလှူငွေတို့ နိုင်သလောက် ထည့်ကြရတယ်လေ…"

"နေဦး ကိုယ်နတ်ကွန်းကို လာတုန်းက နတ်ထိန်းတစ်ယောက်ကို တွေ့တယ်နော်…"

"ဟုတ်တယ် အဲဒါ ဘဘဦးငွေဒွန်းလေ…မြို့မှာ အများ



တစ်ခုခု ရှိလာလို့ လူတွေ ဒုက္ခရောက်ပြီဟေ့ ဆိုရင် သူပဲ ဦးစီးဦးဆောင်လုပ်ပြီး ကန်တော့ပွဲတွေ ဘာတွေနဲ့ နတ်ချော့ပွဲတွေ ကျင်းပပေးတာ…"

"သြော်…"

ဦးငွေဒွန်း…

ဒီနာမည်ကိုတော့ စိတ်ထဲကနေ မှင်နီနဲ့ ကြယ်ပွင့်သုံးပွင့် ပြလိုက်သည်။

သိပ္ပံရှုထောင့်ကရော၊ ဝိဇ္ဇာရှုထောင့်ကပါ ကြည့်မည်ဆိုလျှင် မသင်္ကာစရာတွေလည်း အများကြီး တွေ့ထားသည်။

"အစ်ကို သျှရီ့ကို တွေ့ချင်ရင် ဘယ်လိုဆက်သွယ်ရမလဲ…"

အကြည့်နှစ်ခုက လေထုထဲမှာ သိမ်မွေ့စွာ ထိတွေ့ပွတ်တိုက်သွားကြသည်။

ရှေ့လည်းမတိုးသာ၊ နောက်လည်း မဆုတ်သာတဲ့ အနေအထားတစ်ခုပါပဲ…။ ကိုယ်ကလည်း အချိန်တန်လျှင် မြို့ကို ပြန်ရပေလိမ့်မည်။ နှလုံးသားကလည်း ချစ်သင့်ချစ်ထိုက်သည့် သူကို တွေ့သည်နှင့် အချက်ပြ ခေါင်းလောင်းသံ ထိုးနေလေပြီ။

"ဟို…သျှရီ့ ဒီကို မကြာခဏ လာတတ်ပါတယ်…"

သူ့ ခေါင်းညိတ်ပြတော့ ကောင်မလေးက ကလေးငယ်တစ်ဦးလို တစ်ချိုးတည်း ပြေးလေတော့၏။

သူတို့နှစ်ဦးရဲ့ ခပ်လှမ်းလှမ်း နောက်ကွယ်တစ်နေရာမှာလည်း သစ်ရွက်ခြောက်ကြွေတွေ ချိုးချိုးချွတ်ချွတ် မြည်သွားမှန်း

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး သတိမထားမိလိုက်ကြပါ။

တစ်စုံတစ်ရာကတော့ သူတို့နှစ်ယောက်ကို မြင်တွေ့သွားခဲ့ပါသည်။

နတ်မျက်စိပိုင်ရှင်လား…လူသားတစ်ဦးရဲ့ မျက်လုံးတစ်စုံလား ဆိုတာကတော့….

* * *

## အခန်း - ၁၁

လက်ဖက်ရည်ဆိုင်တွင် လူအနည်းငယ် ရှုပ်ထွေးနေသဖြင့် ကိုယ်ထိုင်ချင်သည့် view ကောင်းကောင်း နေရာများကို ရွေးချယ်ထိုင်ခွင့်မရှိဘဲ လွတ်တဲ့နေရာတွင်သာ ထိုင်လိုက်ရသည်။

“မုန့်အစုံချကွာ…။ ပုံမှန် ရှယ် တစ်ခွက်…”

စားပွဲထိုးလေးကို ထိုသို့ မှာပြီးတော့ ‘အမုန်းမြို့’လို့ ခေါင်းစဉ်တပ်ထားတဲ့ မှတ်စုစာအုပ်အသေးလေးကို ထုတ်လိုက်ပြီး မနေ့ညနေက ဆုသျှရီပန် ပြောပြသွားတဲ့ စကားတွေထဲကမှ အကြောင်းအရာတချို့ကို ခေါင်းစဉ်ငယ်လေးများအောက်မှာ ခွဲပြီး ရေးမှတ်ထားသည်တို့ကို တစ်ခေါက်ပြန်ဖတ်နေလိုက်သည်။

ဒီမြို့ကို သခင်မလွှမ်းမိုးထားကြောင်းကိုတော့ စရောက်တဲ့နေ့ တည်းခိုခန်းမှာ မက်ခဲ့တဲ့အိပ်မက်ရ သူ့ အကြွင်းမဲ့ ယုံပါသည်။

သို့သော် တခြားအကြောင်း အချက်အလက်များကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ထည့်တွက်ရပေဦးမည်။

မပြီးပြတ်သေးတဲ့ အင်းကွက်ထဲက ဂဏာန်းများ…။

ဟုတ်ပြီ…။

သူ 1 ကနေ 9 အထိကို သုံးတန်းခွဲပြီး အထက်အောက် ဆင့်ရေးလိုက်သည်။

| | | |
|---|---|---|
| 1 | 2 | 3 |
| 4 | 5 | 6 |
| 7 | 8 | 9 |

"အစ်ကို…လက်ဖက်ရည်နဲ့ မုန့်ရပြီ…"

"အေး…အေး…ချခဲ့…"

စားပွဲထိုးကလေးက မုန့်နဲ့လက်ဖက်ရည်ချပေးရင်း သူချ ရေးနေသော ကိန်းဂဏာန်းများကို မြင်သွားကာ ခေါင်းတစ်ချက်ကုတ် ပြီး ထွက်သွားသည်။


(ဒီ ကိန်းဂဏာန်းများကို တည်းခိုခန်းမှာ လှို့လှို့ဝှက်ဝှက် တွက်ချက်မည်ဆိုလည်း ရနိုင်ပါရက် သူ လက်ဖက်ရည်ဆိုင်မှာ ပင် ပေါ်ပေါ်တင်တင် တွက်ချက်ရသည်မှာ အကြောင်းတစ်စုံတစ် ရာ ရှိပါသည်။

အဲဒါကတော့ မမြင်ရတဲ့ အန္တရာယ်တွေကို ကိုယ့်ဆီ ရောက်လာအောင် မျှားခေါ်နေခြင်းပင်….)



အကွက်တစ်ခုတော့ ရွှေ့ရပေလိမ့်မည်…။

ကောင်းပြီ…ဒီလို ရွှေ့ကြည့်မယ်…။




5 ကို အလယ်မှာ အထိုင်သဘောထားခဲ့ပြီး ထောင့်စွန်း ဂဏာန်းများကို မြှားအတိုင်း သူအကွက်ရွှေ့ကြည့်လိုက်တော့ ကိန်း ဂဏာန်းများက အခုလို ရလာသည်။

| | | |
|---|---|---|
| 9 | 2 | 7 |
| 4 | 5 | 6 |
| 3 | 8 | 1 |

ထိုစဉ် သူ့စားဝိုင်းသို့ လူတစ်ယောက် ရောက်လာခဲ့သည်။

"ညီလေး…စိတ်မရှိနဲ့ကွာ…ဝိုင်းတွေ အရမ်းကျပ်နေလို့ အစ်ကို ဒီဝိုင်းမှာများ ထိုင်လို့ ရနိုင်မလား…"

သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားတဲ့ လူတစ်ယောက် သူ့စားဝိုင်းတွင် ထိုင်ခွင့်တောင်းလာတာမို့

"ရပါတယ်…ထိုင်ပါ…"


သူလည်း ခွင့်ပြုလိုက်ပြီး ရလာတဲ့ pattern (၂)ကို တစ်မျိုးပြီးတစ်မျိုး အကွက်တွေ ရွှေ့လာရာ၊ နောက်ဆုံးမှာတော့

www.burmeseclassic.com

www.burmeseclassic.com



အခုလို ဂဏန်းများကို သုံးလုံးတစ်တွဲ ဘောင်ခတ်ပြီး ခွဲဆန့်ကြည့်လိုက်ရာ…




"ဟာ…."

သူ အတော်ကလေး အံ့အားသင့် ပျော်ရွှင်သွားရပြီ။

အကြောင်းမှာ ထွက်လာသည့် ဂဏန်းများက အမုန်းမြို့ရဲ့ အိမ်တိုင်းမှာ ချိတ်ဆွဲထားကြတဲ့ အင်းပြားပေါ်က ဂဏန်းများဖြစ်နေခြင်းပင်…။

| | | |
|---|---|---|
| 4 | 9 | 2 |
| 3 | 5 | 7 |
| 8 | 1 | 6 |

ကိန်းဂဏန်းတွေဆိုတာ ထိုသို့ အံ့သြဖွယ်ရာ အတိပင်··။

1234 ကို ထိုသို့ အရိုးရှင်းဆုံးရေးပြီး၊ pattern 2 ဆင့် ပြောင်းလိုက်သည်နှင့် ထူးခြားတဲ့ စွမ်းအင်တွေ ကိန်းအောင်သည့် အင်းပြားအဆင့် ဖြစ်လာသည်။

ဒီ အင်းပြားရဲ့ Super power ဟာ 15 ဖြစ်ကြောင်းကို သင်တို့လည်း ရိပ်မိလောက်ပါပြီ…။



ဒါဆို ဒီအင်းပြားရဲ့ movement တိုင်းမှာ ကုန္ဒြေရရနှင့် ဆရာကြီးတစ်ဆူလို နေနေတဲ့ ဂဏန်းဟာ ဘယ်ဂဏန်းများ ဖြစ်လေမလဲ…။

5 ပေါ့…။

ကိန်းဂဏန်းတွေသာ 1 ကနေ 9 အထိ ဟိုဒီခုန်ကူးသွားကြသည်။

5 ကတော့ အလယ်တိုင်ထဲမှာ တည်ငြိမ်ရင့်ကျက်စွာ တည်ရှိနေသည်မို့ လေးနက် '5' ကိုလည်း ဒီမြို့ရဲ့ နတ်ထိန်းဦးဌေးဒွန်းလိုပင် စိတ်ထဲက မှင်နီနဲ့ကြယ်ပွင့်သုံးပွင့် ပြလိုက်မိပါသည်။

ထိုစဉ် သူ့စားပိုင်းတွင် ထိုင်နေသည့် လူစိမ်းက သူ့ကို တောင် မိတ်ဆက်လာလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၂

"ညီလေးကြည့်ရတာ ဒီမြို့ကတော့ ဟုတ်ဟန်မတူဘူး…"

သူခေါင်းညိတ်ပြလိုက်တော့ လူစိမ်းက သူ့မှတ်စုစာအုပ်ထဲက pattern များကိုကြည့်ရင်း ခေါင်းညိတ်လျက်ရှိသည်။

"အဲ..ဘာ့ကြောင့် အဲလို မပြောနိုင်ရတာလဲ.."

"အင်းပြားထဲက ဂဏန်းတွေကို အဖြေထုတ်နေတဲ့ ညီလေးရဲ့ ဉာဏ်ရည်အရ ညီလေးဒီမြို့က မဟုတ်နိုင်ဘူးဆိုတာ ကိုယ် သိနေတယ်…"

ဒီစကားကို ပြောလိုက်ခြင်းအားဖြင့် ဒီလူလည်း ဒီမြို့က မဖြစ်နိုင်ဘူးဆိုတာ လေးနက်သဘောပေါက်လိုက်သည်။ ဒါဆို ဒီလူ ဘယ်သူလဲ?

"ကိုယ်လည်း ဧည့်သည်တစ်ယောက်ပါ။ မိတ်ဖြစ်ဆွေဖြစ် စကားလေးဘာလေး ပြောရအောင်"

"ပြောလေ…ရပါတယ်…ကျွန်တော့်နာမည် လေးနက်ပါ…"



"ဟာ…နာမည်နဲ့တင် ကြိုက်သွားပြီ…ကိုယ့်နာမည် ကျော်ထွဋ်ခေါင်ပါ…။ ပန်းပွဲစားဆိုပါတော့"

"ခင်ဗျာ..ပန်းပွဲစားဆိုတာ ဘာလဲဟင်…"

"သြော်.. ညီ နားမရှင်းဘူးနဲ့တူတယ်။ ဒီက ပန်းတွေကို ကောက်ပြီး၊ အထင်ကရမြို့တွေမှာရှိတဲ့ ပွဲရုံတွေကို အဝေးပြေးကားတွေကတစ်ဆင့် တာဝန်ယူပြီး ပို့တဲ့ သူဆိုပါတော့…"

"သြော်..အဲဒီလို အလုပ်မျိုး ကျွန်တော်မကြားဖူးလို့ပါ.. ကျွန်တော်ကတော့ ဂုဏ်ထူးတန်း တက္ကသိုလ်ကျောင်းသား ဆိုပါတော့…"

"အင်း…ညီက ဒီမြို့ကို အလည်သက်သက်ပဲလာတာလား…"

"စုံစမ်းလေ့လာစရာလေးတွေလည်း ပါတယ် ဆိုပါတော့ဗျာ…"

နှစ်ယောက်သား မြွေမြွေချင်း ခြေမြင်တဲ့အကြည့်နဲ့ ပြိုင်တူ ပြုံးမိကြရင်း ထိုသူက…

"ဒါဆိုရင်တော့ မဟုတ်မှလွဲ…သခင်မ အကြောင်းစုံစမ်းလေ့လာဖို့ပဲ ဖြစ်ရမယ်…"

ကျော်ထွဋ်ခေါင်စကားကြောင့် သူပြုံးပဲ နေလိုက်သည်။

သူကြည့်ရတာ သခင်မနတ်သမိုင်းအကြောင်း နှံ့နှံ့စပ်စပ်သိထားပုံ ရသည်။ မြို့ခံတွေကို အချိုသပ်မေးနေမယ့်အစား ကျော်ထွဋ်ခေါင်ဆီက စုံစမ်းလျှင် ပိုလွယ်ကူနိုင်မည်မှန်း သိသော်သည်း လေးနက် 'ဟ'ပေးထားလိုက်သည်။ မေးတော့ရော သူက

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်း ဖြေမှာတဲ့လား…။

ကျော်ထွဋ်ခေါင်…။

မှင်နီနဲ့ကြယ်ပွင့်သုံးပွင့်ပြရမည့် သူ့ စာရင်းထဲမှာ ဒီလူလည်း ပါလာချေပြီ…။

"ကျွန်တော် နေဝန်းနီတည်းခိုခန်းမှာ တည်းတယ်။ အစ်ကိုကရော…"

"ကိုယ်ကတော့ ဘုန်းကြီးကျောင်းမှာ တည်းပါတယ်"

"သြော်…"

"ရက်ရှည်နေဖို့ စိတ်ကူးရှိလို့ ဘုန်းကြီးကျောင်းမှာ တည်းချင်ရင် ကိုယ်ကျောင်းထိုင်ဘုန်းကြီးကို လျှောက်ပေးမယ်လေ…"

"အဲ··ကျွန်တော် အဲလောက်ကြာမယ် မထင်ဘူး…"

"သြော်…"

ကျော်ထွဋ်ခေါင်က သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြုံးပါသည်။

"ဒီမြို့က လူတွေ နာမကျန်းဖြစ်ကြရင် ဘယ်သူတွေနဲ့ ကုကြလဲ…။ ကျွန်တော်လှေ့လာမိသလောက်တော့ ပုဂ္ဂလိကဆေးခန်းတွေ မတွေ့မိဘူး။ ဒေသန္တရဆေးခန်းတစ်ခုပဲ တွေ့တယ်"

"အစစ်ပေါ့ဗျာ··။ ညီလေးလည်း သတိထားမိမှာပါ··။ ဒီမြို့က လူတွေက အရမ်းရိုးကြတယ်။ အဲ…ပညာမတတ်တာလဲ ပါမှာပေါ့ကွာ…။ ဒီစကားကိုတော့ တိုးတိုးပြောမှ…။ ဒီမြို့က နတ်ကြီးတယ် မြေကြမ်းတယ် မဟုတ်လား…"

ကျော်ထွဋ်ခေါင်က သူ့စကားသို့ သဘောကျကာ ရယ်



မောလိုက်ပြီး…

"ကိုယ်တစ်ခါက မြင်ဖူးတယ်။ အဘိုးကြီးတစ်ယောက်ကွာ…ခေါင်းလေးကိုက်တာနဲ့ ပါရာစီတမော့လေး သောက်လိုက်ရင် ပျောက်ရမယ့်ကိစ္စကို ဗိန္ဓောဆရာနဲ့ ကု သတဲ့။ သုံးရက်လောက်နေတော့ မသက်သာလို့ဆိုပြီး ကြက်နှစ်ကောင်သတ်ပြီး ဘုတ်စာသွားကျွေးရော။ ညကျတော့ ရွာသူကိုကျွေးသေးတာ…။ ရွာသူဆိုတာ မင်းသိလား··။ စုန်းမ ပေါ့ကွာ…။ အဲ…အဲဒါလည်း မသက်သာလို့ဆိုပြီး ပယောဂဆရာပြောင်းကုပြန်ရော…အဲလို··အဲလို··ညီလေးရေ…"

"ဒါဆို ဗိန္ဓောဆရာတို့ ပယောဂဆရာတို့က ဒီမြို့မှာ အကူရာကျနေမှာပေါ့…"

"အင်း…ဟုတ်တယ်…"

ဒီထက်ပိုပြီး အကူရာကျသည့် ပုဂ္ဂိုလ်တစ်ယောက်ရှိကြောင်း သိပါရက်နဲ့ ဆက်မပြောတော့ဘဲ ရပ်လိုက်သည့်အတွက် ကျော်ထွဋ်ခေါင် မည်သူမည်ဝါဖြစ်နိုင်သည် ဆိုခြင်းကိုပင် လေးနက်သဘောပေါက်လာမိသည်။

ပယောဂဆရာ…။

ဆုသျှရီဆီ သူပထမဆုံး ရောက်ဖူးစဉ်က ခြံရှေ့မှာ မိမိကို ခပ်မာမာစိုက်ကြည့်နေသည့် လူတစ်ယောက်ကို လေးနက်စွာပြန်လည်မြင်ယောင်လာမိပြန်သည်။

သျှရီ…ကိုယ် ဒီတစ်ခါ စမ်းချောင်းလေးနား လာခဲ့ရင် မင်းနဲ့တွေ့ချင်တယ် ညီမလေးရယ်…

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၁၃

"အယ်..အစ်ကိုနဲ့ သျှရီနဲ့ စိတ်ချင်းဆက်သွယ်တယ် ကြည့်စမ်း..."

စမ်းချောင်းလေးနားရောက်တော့ သူ့ထက် အရင်စော ရောက်နေသည့် သူမက ကျောက်တုံးတွေကြားမှာ တလိမ့်လိမ့် စီးဆင်းတတ်တဲ့ ရေစီးသံလို ချစ်စရာကောင်းသောစကားနှင့် ဆို လေသည်။

ကောင်မလေး သူ့ကို အရမ်းကို ယုံကြည်လာပြီး မပြီး ပြတ်သေးတဲ့ ရင်ဖွင့်စကားတွေကို ပြောချင်နေပုံရ၏။

လက်ပြတ်၊ ပေါင်တိုတွေ ဝတ်တတ်ကြသည့် မြို့ပြ မိန်းကလေးများကို အမြင်အာရုံနှင့်ပင် ငြီးငွေ့နေမိသည့် သူ့အ တွက်တော့ အိုးပုတ်ကုမ္ပဏီလီမိတက်မှ CEO နှင့် တွေ့ဆုံခွင့်ရ သည့်အတွက် ရင်ထဲမှာ တစ်မျိုးတစ်မည် ကြည်နူးနေမိသည်။

ညက သူ စဉ်းစားမိတာလေး တစ်ခု ရှိ၏။



မိန်းကလေးတစ်ယောက်ကို ချစ်ရင် ပန်းကလေးတစ်ပွင့် ကို ချစ်သလို၊ နှင်းရည် တစ်စက်၊ မိုးစက် တစ်မှုန်၊ မြူခိုး တစ်ဝေကို ချစ်သလိုရော ချစ်လို့ မရနိုင်ဘူးလား...။

ကိုယ့်ကြောင့် မနွမ်းကြွေစေရပါဘူးလို့ ကတိပေးနိုင်မယ် ဆိုရင် ပန်းကလေးတစ်ပွင့်လိုရော ချစ်လို့မရဘူးလား ကောင်မလေးရယ်..

"အဲ..အစ်ကို ဘာဖြစ်လာတာလဲဟင်..."

"ဟင်..သြော်...ဘာမှ မဖြစ်ပါဘူး..."

"ငိုင်နေသလားလို့..."

"မဟုတ်ဘူး..ပြောလေ..သျှရီ..ဘာပြောချင်လို့လဲ..."

ဟုတ်တယ် သူမျှားမြို့ရွာမှာ ငါကြော်ငြာတွေ လာထိုးနေ သလို ဖြစ်နေပြီ...။ လျှော့ဦးမှ...။

"သြော်...ဟိုတစ်နေ့က သျှရီပြောတဲ့ စကားတွေထဲမှာ သခင်မရဲ့ ဒုတိယကျိန်စာအထိပဲ ရောက်သေးတယ်လေ..။ တတိယ ကျိန်စာအကြောင်း မပြောရသေးဘူး။ အဲဒါကတော့ မြို့က လူတွေ၊ အထူးသဖြင့် ကောင်လေး ကောင်မလေးတွေပေါ့ လေ...။ အနေအထိုင် အရမ်းဆင်ခြင်ရတယ်။ ကိုရီးယားကားတွေ လို လုပ်လို့မရဘူး။ ချစ်သူဖြစ်ပြီး လက်ထပ်ကြတာတော့ တစ် တိုင်းပေါ့နော်...။ ရိုမီယို၊ ဂျူးလီယက်လို အချစ်သူရဲကောင်းလုပ် လို့ကတော့ သခင်မက အမျက်ရှပြီး တစ်ခါတည်း ကိုင်တော့တာ ပဲ..."

"ဟင်..ဘယ်လို ကိုင်လို့လဲဟင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ..အစ်ကိုကလည်း နတ်ကိုင်တာ မကြားဖူးဘူးလား...သျှရီ ဟိုတစ်ရက်က ပြောဖူးတဲ့ ဂျာနယ်လစ်နဲ့သူ့ကောင်မလေးလိုပေါ့။ ကြေကွဲစရာပုံပြင်နဲ့ပဲ အဆုံးသတ်ရတတ်တယ်...။ သျှရီ ဖေဖေနဲ့မေမေလည်းလေ..."

ပြုံးပြုံးရယ်ရယ်နဲ့ စကားပြောနေရင်းက သူမအဖေနဲ့အမေအကြောင်းရောက်သွားပြီး စကားစဖြတ်လိုက်တာမို့ သူလည်း ယောင်နနနှင့်...

"ကိုယ် သျှရီတို့ခြံထဲ ပထမဆုံးလာတုန်းက သျှရီ ဖေဖေနဲ့မေမေကို မတွေ့ဘူးနော်..."

"ဘယ်တွေ့မလဲ အစ်ကိုရယ်..မေမေကဆုံးသွားတာ။ ဖေဖေက မေမေဆုံးပြီးတဲ့နောက်ပိုင်း မြို့ပေါ်ကထွက်သွားတာ ဒီနေ့အထိ ပြန်ရောက်မလာတော့ဘူး..."

"ဟင်..."

"ဟုတ်တယ်..သျှရီ့ ဖေဖေနဲ့မေမေက အသက်ကြီးမှ ယူကြတာလေ။ တစ်ယောက်နဲ့တစ်ယောက်လည်း အရမ်းချစ်ကြတယ်။ အပြင်သွားရင်တောင် တစ်ယောက်မပါရင် တစ်ယောက်သွားလေ့မရှိဘူး..။ တစ်ယောက် ပြန်မရောက်သေးဘဲ ထမင်းဝိုင်းမှာ တစ်ယောက်က ထမင်းစားထားလေ့မရှိဘူး။ တစ်မြို့လုံးကတော့ အဖြစ်သည်းကြတဲ့ ဖေဖေနဲ့မေမေ့ကို တစ်ချိန်ချိန်မှာ သခင်မက ဒဏ်ခတ်တော့မယ်လို့ ထင်ကြေးပိုင်းပေးနေကြတုန်းမှာပဲ သျှရီကို မွေးပြီး မီးတွင်းထဲမှာတင် မေမေက အမျိုးသမီးရောဂါနဲ့ဆုံးသွားခဲ့တယ်။ ဖေဖေကတော့ မေမေဆုံးသွားတဲ့နောက်ပိုင်း အနေ



အထိုင် အစားအသောက်တွေပါ ပျက်လာပြီး နောက်ဆုံး ဒီမြို့ကလေးကနေ လုံးဝကို ပျောက်သွားခဲ့တယ်.."

"ဪ..ကိုယ် စိတ်မကောင်းပါဘူး ညီမလေးရယ်.."

"သျှရီက အခုအချိန်မှာ အရာရာကို ခံနိုင်ရည်ရှိနေပါပြီ အခုအချိန်မှာ ဒီတစ်မြို့လုံးမှာ အန္တရာယ်ဖြစ်နိုင်ချေများတဲ့ သူဟာ သျှရီပဲဆိုတာလည်း အစ်ကိုသိမှာပါ...။ မျက်နှာမှာ ပါးရဲလည်းမထိုးဘူးလေ။ နောက်ပြီး တစ်မြို့လုံးက သုံးနှစ်တစ်ခါ ရွေးချယ်လေ့ရှိတဲ့ မိန်းမချောလို့ သတ်မှတ်ခံထားရသူလေ...ဘယ်အချိန် ရောက်လာမယ်မှန်းမသိတဲ့ ကြမ္မာဆိုးကိုတောင် ရင်ဆိုင်ဖို့ အနေအထားနဲ့ စောင့်နေရတာပါ။ အစ်ကိုက ဒီမြို့အကြောင်းကို လေ့လာနေတဲ့သူမို့ သျှရီသိသလောက် ပြောပြနေတာ..."

"အင်းပါ...ကိုယ်နားလည်ပါတယ်..."

ကောင်းကင်ပြာပြာထက်မှာ တိမ်တွေပြေးလွှားနေကြတာကို နှစ်ယောက်သား မရည်ရွယ်ဘဲ ငေးမောပြီးကာမှ...။

"သျှရီ..."

"ရှင်..."

"ဒီမြို့မှာ ဖြစ်နေတဲ့ ပဟေဠိဆန်တဲ့ ပြဿနာတွေအားလုံးကို ကိုယ်တတ်နိုင်သလောက် ဖြေရှင်းပေးသွားမှာပါ။ မင်းကလည်း ကိုယ်နဲ့ပူးပေါင်းပါဝင်ရလိမ့်မယ်။ နောက်ပြီး...မင်းကိုလည်း ကိုယ် အတတ်နိုင်ဆုံး ကာကွယ်ပေးသွားမယ်။ အရာရာ စိတ်ချလို့ ရလောက်တဲ့အနေအထားကို ရောက်မှ ကိုယ်ပြန်မယ်...။ နော်..."

www.burmeseclassic.com

www.burmeseclassic.com



ညှော့သည်ဟာ ညှော့သည်ပါပဲလေ…

အဆုံးသတ်ဟာ ခွဲခွာခြင်းမှန်း သိကြပါရက်နဲ့ ကျွန်မတို့ နှစ်ယောက် ဘာ့ကြောင့်များ အိပ်မက်တစ်ခုကို အတူမက်ချင်နေကြပါလိမ့်…။

သူမ ခေါင်းညိတ်ပြလိုက်တော့ သူက လက်သန်းကလေး တစ်ချောင်းကို ကွေးထားလိုက်သည်။ သူမက ပြန်လည်၍ လက်သန်းကလေး ကွေးရင်း သူ့လက်သန်းကလေးနဲ့ ချိတ်ဆက်လိုက်ချိန်မှာတော့ ကမ္ဘာတစ်ခုလုံးကိုပင် မေ့လျော့သွားကြလေတော့သည်။

အချစ်မှာ ဘာသာစကားဟာ အဓိကကျကြောင်း သင့်တို့ လက်ခံကြပါရဲ့လား…။

ဒါဆိုရင် စကားမပြောတတ်ကြတဲ့ ပန်းပွင့်တွေဆီကို ဘာ့ကြောင့်များ လိပ်ပြာတွေ ရောက်လာကြပါလိမ့်…။

**ကမ္ဘာပေါ်မှာ လူအချင်းချင်း ဖြစ်ပွားတဲ့ စစ်ပွဲတွေသာ ကြားဖူးသည်။ ပန်းပွင့်နဲ့လိပ်ပြာတို့ရဲ့ စစ်ပွဲဟူ၍ တစ်ခါမှမကြားဖူး…။ ကမ္ဘာတည်သရွေ့ သင့်မြတ်နေကြမယ့် ချစ်ခြင်းတရားမှာ ဘာသာဗေဒက အဓိကတော့ မကျလှချေ…။**

အချစ်ကို ကန့်သတ်ပိတ်ပင်ထားသည့် မြို့မှာမှ မြို့ကြီးသားကို မတော်တဆ ချစ်မိသွားသည့် ဆုသျှရီ အကျပ်အတည်းလိုပင်၊ စုံထောက်လာလုပ်သည့်မြို့မှာမှ နှလုံးသားတွေ အငိုက်မိသွားတဲ့ လေးနက်အဖြစ်မှာလည်း သိပ်တော့ မလွယ်ကူလှ…။



အဓိက က အချိန်…။ မိဘများနဲ့သူငယ်ချင်းများဆီလည်း ခဆက်သွယ်ရသေး။ ဟိုကလည်း မိမိပြန်အလာကို မျှော်နေပေလိမ့်မည်…။

"ကိုယ်တစ်ခု သိချင်သေးတယ်။ သျှရီတို့အိမ်မှာ ကပ်ထားတဲ့ အင်းပြားတွေက ဘာအင်းပြားတွေလဲဟင်.."

"အန္တရာယ်ကင်း အင်းပြားလေ…ကိုရဲ့..အဲ.. အစ်ကိုရဲ့…"

"ကိုယ့်ကို ကိုလို့ပဲခေါ်ပါ…ကိုယ်ကြိုက်ပါတယ်"

ကြော်ငြာတွေကလည်း ဝင်မိပြန်ပြီ..။ ဟင်း…။

"အင်းပါ..မြို့ကြီးသားက ကိုယ့်ဘက်ပါအောင် စည်းရုံးတတ်တယ်နော်…"

သူ တစ်ချက်ပြုံးမိသွားပြီး သူမလက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်သည်။ လက်ဖဝါးလေးက သူ့လက်ထဲမှာ နွေးနေ၏..။

"ကိုယ်သတိထားမိသလောက်တော့ အဲဒီအင်းပြားတွေ သျှရီတို့တစ်မြို့လုံးနီးပါးရဲ့ အိမ်တွေမှာ ကပ်ထားကြတယ်နော်.. အဲဒါ ဘာအဓိပ္ပာယ်လဲဟင်…"

"အန္တရာယ်ကင်းအောင်လို့လေ…ဒီလိုပဲ ဘိုးဘေးဘီဘင် အစဉ်အဆက် ဆောင်လာကြတယ် ဆိုပါတော့…"

"ဒီထက်ပိုပြီး တိတိကျကျမသိဘူးလား။ ကိုယ်ဆိုလိုတာက အင်းပြားမှာရေးထားတဲ့ ဂဏန်းတွေအကြောင်း၊ ဘယ်သူက ဒီအင်းပြားကို စီရင်ခဲ့တယ်က အစပေါ့…"

www.burmeseclassic.com

www.burmeseclassic.com



"အဲ··အဲလိုတော့ သျှရီမသိဘူး··သျှရီလိုပဲ ဒီတစ်မြို့လုံးက လူတွေလည်း သိကြမယ်မထင်ဘူး··။ ကို့ကိုတွေ့တော့မှ သျှရီတို့တွေ ဘယ်လောက် ထုံ,မှန်း အ,မှန်း သိတော့တယ်။ ကိုက ဘယ်အရာကိုမဆို အမြဲစူးစမ်းနေတတ်တာနော်···"

"အဲလောက်လည်း မဟုတ်ပါဘူးကွာ···ထားပါတော့··။ ကို့မှာလည်း သျှရီကို တွေ့လိုက်တာနဲ့ မေးစရာမွေးခွန်းတွေက အရမ်းကိုများနေလို့ အားတောင်နာနေမိတယ်။ ကို သိချင်တာ တစ်ခုရှိသေးတယ်"

"အားမနာပါနဲ့။ မေးပါ။ သျှရီကတောင် ကိုသိချင်တာမှန်သမျှ မဖြေနိုင်လို့ အားနာနေတာ မေးလေ။ ဘာမေးချင်လို့လဲ···"

"ကိုယ် သျှရီတို့ ခြံထဲ ပထမဆုံး ရောက်လာတုန်းက ခြံရှေ့မှာ တွေ့ခဲ့တဲ့ ပယောဂဆရာဆိုတာလေ သူက ဘယ်သူ့ကို ကုတာလဲ···"

"အရီးကိုပေါ့···"

"ဟင်··အရီးက ဘာဖြစ်နေလို့လဲ···"

"ခေါင်းကိုက်နေတာကြာပြီ··။ တစ်ယောက်ယောက်က ပြုစားထားတယ် ထင်လို့··"

"ဟောဗျာ···"

သူနည်းနည်းတော့ ရယ်ချင်သွားသည်။ ဒီမြို့က လူတွေဟာ မသိရင် ကမ္ဘာဦးတုန်းက လူတွေလိုပဲ··နေ မြင်ရင်လည်း ကြောက်၊ လ မြင်ရင်လည်းကြောက်၊ မီးနဲ့တောင်တန်းတွေ မြင်ရင်လည်း ကြောက်နေတတ်ကြတဲ့ ကမ္ဘာဦးကလူတွေလို ကိစ္စတစ်ခု ဖြစ်လာပြီဆိုတာနဲ့ အကြောက်တရားကို အခြေခံပြီး စဉ်းစားကြတာပဲ···

"ဟင်··ကိုက ဘာရယ်တာလဲ···"

"သြော်···ကိုယ့်ဟာကိုယ် ခေါင်းကိုက်တာနဲ့ သူတစ်ပါးကလုပ်တယ်ဆိုပြီး တွေးခေါ်တတ်တဲ့ အကျင့်ကိုပါ။ ခေါင်းကိုက်တာ မျက်မှန်တပ်ဖို့လိုတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပဲလေ··။ သူက လူကြီးပဲ··။ မျက်စိစမ်းသပ်လိုက်ရင် ပိုကောင်းမယ်··ထင်တယ်··"

"ဟုတ်တယ်နော်··။ သျှရီတို့ မြို့ကလူတွေက ကိစ္စတစ်ခုဖြစ်လာပြီဆိုတာနဲ့ လက်တွေ့ကျကျ ချဉ်းကပ်ဖို့ မေ့လျော့နေတတ်တယ်။ အင်း···ရုပ်ဝတ္ထုပစ္စည်းတွေ မဖွံ့ဖြိုးတဲ့နေရာမှာ နေရတာလည်း ပါချင်ပါမှာပေါ့။ ဒီမြို့မှာ မျက်စိစမ်းသပ်ခန်းတွေ၊ စမ်းသပ်တတ်တဲ့လူတွေ မရှိဘူး··။ မျက်မှန်လုပ်ချင်ရင်တောင် ဆော်လာဂျီနဲ့ တောင်အောက်ကိုဆင်းပြီး ဟိုဘက်မြို့မှာ သွားလုပ်ကြရတာ···"

သူက သူမစကားကြောင့် ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရင်း ကျောပိုးအိတ်ထဲက တစ်စုံတစ်ရာကို ရှာလိုက်ရာ အခန့်သင့်ကလေး တွေ့သဖြင့် သူမကို ကမ်းပေးလိုက်သည်။

"ရော့···ဒီဟာ အရီးကို ပေးလိုက်··"

"အဲဒါ ဘာလဲဟင်···"

"မျက်မှန်လေ···"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟင်··အစ်ကိုက ဘာလို့ အရိုးတပ်ရမယ့် မျက်မှန်ကို အစ်ကို့အိတ်ထဲမှာ အဆင်သင့်ဆောင်ထားတာလဲ··"

"ဟား···ဟား··အဲလိုမဟုတ်ဘူး။ ကိုယ်တို့မြို့မှာ ဒီလိုပဲ လမ်းဘေးမှာ ပါဝါမျက်မှန်တွေ ပုံရောင်းကြတယ်လေ··။ စာကြည့်မျက်မှန်တို့၊ အဝေးကြည့် ငါးဆယ်တို့တစ်ရာတို့ပေါ့···မြို့ပေါ်က လူတွေကတော့ ဘယ်သူမှ အဲလို မျက်မှန်တွေ မတပ်ကြပါဘူး။ မျက်စိကို သေသေချာချာစမ်းသပ်ပြီးမှ တပ်ကြတာ··အဲ··· နည်းနည်း ပြီးစလွယ်ဆန်တတ်တဲ့သူတို့၊ တောကနေ တက်လာတဲ့ သူတို့ကြတော့ အဲလိုမဟုတ်ဘူး။ ပလက်ဖောင်းပေါ်က မျက်မှန်ရောင်းတဲ့သူက ဟုတ်တာတွေရော၊ မဟုတ်တာတွေရော လျှောက်အော်ရောင်းတာနဲ့ တစ်လက်လောက် ကောက်တတ်ကြည့်လိုက်တာပဲ။ အရင်ကထက် အမြင်အာရုံ နည်းနည်းပါးပါးကြည်သွားရင် အရမ်းကောင်းသွားပြီ ဘာညာထင်ကြတာ။ ရွေးစရာပါဝါစုံထည့်ထားတဲ့ မျက်မှန်တွေကလည်း ရှိတယ်လေ။ ကိုယ်လည်း ဒီမျက်မှန်ကို ကိုယ်တပ်ဖို့ ဝယ်ခဲ့တာတော့ မဟုတ်ဘူး··။ ဘတ်(စ်)ကားပေါ် တက်ရောင်းတာနဲ့ နားငြီးပြီး တစ်လက် ဝယ်လိုက်တာ··"

"ဟင်··ဘတ်စ်ကားပေါ်အထိ မျက်မှန်လိုက်ရောင်းတယ်ဟုတ်လား··"

"အင်း··ဘတ်စ်ကားပေါ်မှာ မျက်မှန်လိုက်ရောင်းရုံတင်မကဘူး။ အစွန်းချွတ်ဆေးတို့၊ ဘုရားစာအုပ်တို့၊ မဟုတ်ကဟုတ်က ဘယ်မင်းသားနဲ့ ဘယ်မင်းသမီး ဘာဖြစ်တာကို ချောင်းရိုက်ထား



တဲ့ အခွေတို့ အဲလိုတွေလည်း တက်ရောင်းကြတာပဲ··။ မြို့ပြဆိုတာ မီးခိုးတအူအူထွက်နေတဲ့ စက်ရုံတစ်ရုံလိုပဲ···စိတ်ရှုပ်ဖို့ကောင်းပါတယ် ညီမရယ်။ ဒီလိုအေးအေး ဆေးဆေးနေရာလေးတွေပဲ ကောင်းပါတယ်··"

"ဒါဆို ဒီမှာပဲ တစ်သက်လုံးနေပေါ့···"

"အင်း··သျှရီက ခေါ်ထားမှာမို့လို့လား··"

နှစ်ယောက်သား ပြိုင်တူပြုံးမိရင်း အဝေးတစ်နေရာကိုသာ ရီဝေစွာ ငေးမောမိကြတော့သည်။

ငှက်တွေ အိပ်တန်းပျံလာကြပြီ··။

နေမင်းဟာ ကောင်းကင်ယံမှာ အရောင်အသွေးမျိုးစုံကို ချန်ထားခဲ့ပြီး အနောက်ဘက်ယွန်းယွန်းဆီ တလိမ့်ချင်း နိမ့်ဆင်းသွားသည်။

ညှော်···လွမ်းစရာ···။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၄

ဘတ်စ်ကားပေါ်မှာ နားငြီးပြီး ဝယ်လာခဲ့တဲ့ မြို့ပြက မျက်မှန်တစ်လက်က အမုန်းမြို့မှာတော့ လေးနက်အတွက် ကံကောင်းခြင်းတချို့ကို ပြောင်းလဲပေးနိုင်ခဲ့သည်။

အဲဒါကတော့ သျှရီကတစ်ဆင့် အရီးကို မျက်မှန်တစ်လက်ပေးပြီးချိန်မှာတော့ သူမတို့ ခြံကလေးဆီ အဝင်အထွက်လုပ်လို့ရလာခဲ့သည်။

အဘွားကြီး ပါဝါကိုက်မကိုက် မသိပေမယ့် ခြံထဲဝင်လိုက်သည်နှင့် မျက်မှန်ကြီးတစ်ဝင်းဝင်းနဲ့မို့ လေးနက်ရယ်လည်း ရယ်ချင်သည်။

"အရီး ခေါင်းတွေ ခဏခဏကိုက်နေတာ လေးငါးနှစ်ရှိပြီ။ မျက်မှန်ကြောင့်လို့ တစ်ခါမှ မတွေးခဲ့ဘူး။ မောင်ရင်လေး ကယ်ပေလို့ပေါ့။ မောင်ရင်လေးပေးတဲ့ မျက်မှန်တပ်ပြီးကတည်းက



အမြင်အာရုံကအစ ကြည်လင်ပြီး ဘာခေါင်းမှကို မကိုက်တော့တာ..."

ခေါ်ပုံကိုလည်း ကြည့်ဦး...မောင်ရင်လေး..တဲ့။

ပေးလိုက်တဲ့ မျက်မှန်နဲ့ သူ့မျက်လုံးကလည်း ချွတ်စွပ်ကို ပါဝါကိုက်သွားသတဲ့...ရယ်တော့ ရယ်ရတယ်။

"ဒီမျက်မှန်တပ်ပြီးသွားတော့ ပယောဂဆရာနဲ့ရော ဆက်ကုဖြစ်သေးလား.."

"ဟင့်အင်း...ခေါင်းမှမကိုက်တော့တာ...မကုဖြစ်တော့ဘူးလေ..ပျောက်သွားပြီလို့ပဲ ပြောလိုက်ရတာပေါ့..."

"နောက်ဆို ဘာပဲဖြစ်ဖြစ် လက်တွေ့ကျကျ စဉ်းစားဘတ်အောင်ပဲ ကြိုးစား..။ အကြောက်တရားကို အခြေခံပြီး ဘယ်တော့မှ မစဉ်းစားနဲ့.."

သူ့စကားကြောင့် အဘွားကြီးမျက်နှာ ကွက်ကနဲ ပျက်သွားသည်။

ကြည့်ရတာ သခင်မ အမျက်တော်ရှသွားမှာကို တွေးမိပြီး ကြောက်သွားပြန်ပြီ တူပါရဲ့။ သျှရီ့မေးနေရင် ဘာမှရေရေရာရာ သိရမှာမဟုတ်။ လူကြီးသူမတွေ မေးရင်တော့ဖြင့် အဆင်ပြေလောက်မည် ထင်ရသည်။

သူတို့ဟာသူတို့ ကြောက်ချင်လည်း ကြောက် ကိုယ်ကတော့ ဒီဘူတာပဲ ဆိုက်ရလိမ့်မည်။

"အရီး.."

"ဆို.."

www.burmeseclassic.com

www.burmeseclassic.com



"အပဲ…"

"ဟော့တော်…ဘာရယ်တာတုန်း…"

"မျက်နှာချိုသွေးနေတာ‥တစ်ခု ပူဆာချင်လို့…"

"ကျုပ်တို့လို ဆင်းရဲသားဆီက ပူဆာလို့ရော ဘာရမှာတဲ့တုန်း…"

"ရတဲ့ဟာ ပူဆာမယ်ဆို ပေးမှာလား…"

"ပေးမှာပေါ့တော်…။ မောင်ရင်လေးက ကျုပ်ကျေးဇူးရှင်ပဲ…"

လုပ်ပြန်ပြီ‥။

ဗီဒီယိုထဲက ဒိုင်ယာလော့(ခ်)တွေ…။

"ကဲ‥အဲဒါဆိုလည်း ဒီမြို့ကို ကျိန်စာတိုက်သွားတဲ့ သခင်မအကြောင်း ပြောဗျာ‥ သူ့ရဲ့ရာဇဝင်ကို ကျွန်တော် သိချင်တယ်…"

"အဲ…အဲဒါတော့ မလုပ်ပါနဲ့ မောင်ရင်လေးရယ်။ အရီးတို့ ကြောက်လွန်းလို့ပါ‥။ တခြားဟာကြိုက်တာ ပူဆာပါကွယ်‥နော်…"

"အရီးတို့ ဒီလိုပဲ လိပ်ခဲတည်းလည်းကြီးနဲ့ နေသွားကြတော့မှာလား…။ ဒီမြို့မှာ ဘာပဲမကောင်းတာဖြစ်ဖြစ် သခင်မကျိန်စာကြောင့် သခင်မကျိန်စာကြောင့် ပြောပြီး ကျေနပ်နေကြတော့မှာလား။ ပြဿနာတွေ ဖြေရှင်းပေးမယ့်သူ ရောက်လာပြီပဲ…အရီးတို့ဘက်ကလည်း ပူးပေါင်းပါဝင်ရမှာပေါ့…"

"အဲ…"



ကြာတော့ အဘွားကြီး အကျပ်ရိုက်လာသည်။

အပေါ်စား မျက်မှန်တစ်လက်ပေးထားတဲ့ ကျေးဇူးကြီးကလည်း ရှိနေပြန်သေး၏။ သူခမျာ အဲဒီကျေးဇူးအတွက် ဘာပဲပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်တော့မည်ဟု သန္နိဋ္ဌာန်ချထားပုံလည်းရသည်။

အဲဒီနောက်မှာတော့ လေးနက် အလွန်တရာ သိချင်နေသည့် သမင်လိုက်တောင်တော် သခင်မ မယ်မင်းဖြူဖြူရဲ့ ရာဇဝင်ကို သိရှိခဲ့ရလေတော့သည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၅

"ဟိုးရှေးရှေး ပဒေသရာဇ်ခေတ်တုန်းက အခု အမုန်းမြို့လို့ လူသိများတဲ့ ဟောဒီရွှေတလုတ်မြို့လေးဟာ မင်းနေပြည်တော်နဲ့ သွားခရီးလာခရီးနီးပြီး သာယာဝပြောတဲ့ မြို့ကြီးပြကြီး ဖြစ်ခဲ့တာပေါ့ မောင်ရင်လေးရယ်။ အဲလိုနဲ့ တစ်နေ့ မှာတော့ ရေမြေ့ရှင် မင်းတရားကြီးဟာ တိုင်ခန်းလှည့်လည်ရင်း ဟောဒီ ရွှေတလုတ် မြို့အထိ ရောက်လာပြီး ရွှေတလုတ်မြို့သူ မယ်မင်းဖြူဖြူကို စုံမက်သွားခဲ့တယ်..."

လေးနက် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုနဲ့ ပဒေသရာဇ်တို့ရဲ့ ထုံးစံအတိုင်း မယ်မင်းဖြူဖြူကို တော်ကောက်ပြီး နေပြည်တော်ကို ခေါ်ဆောင်သွားခဲ့ပါတယ်။ ဒါပေမယ့်လည်း ရှင်ဘုရင်မှာက အစောကတည်းက နန်းရံ၊ အဆောင်ရ မိဖုရားတွေက ရှိထားလေတော့ မယ်မင်းဖြူဖြူကို



ဒေဝီဘွဲ့ခံ မထင်မရှားမိဖုရားတစ်ပါးအဖြစ်နဲ့ မြှောက်စားထားခဲ့တယ်။ မယ်မင်းဖြူဖြူဟာ အစောကတည်းက ရုပ်ရည်ကလည်း ချောမောတော့ မိဖုရားခေါင်ကြီးရဲ့ မနာလိုဝန်တိုမှုကို ခံရတယ်။ တစ်ညမှာတော့ နန်းတွင်းသဘင်တစ်ခု ကျင်းပတုန်း မယ်မင်းဖြူဖြူရဲ့ ဆံထိုးလေးဟာ လရောင်ကြောင့် အရောင်တလက်လက်တောက်နေတာကို အခွင့်ကောင်းယူပြီး မိဖုရားခေါင်ကြီးက မယ်မင်းဖြူဖြူဟာ စုန်းအတတ်ကို တတ်တယ်ဆိုပြီး ဘုရင့်ကို ကုန်းချောခဲ့တယ်"

"ဪ..."

"ဘုရင်က မိဖုရားခေါင်ကြီးရဲ့စကားကို အယုံအကြည်ကြီး မဟုတ်ပေမယ့် မယ်မင်းဖြူဖြူအပေါ်ကို စိတ်ခုသွားခဲ့တာတော့ သေချာတယ်။ အဲဒီအချိန်တုန်းက နေပြည်တော်မှာ စေတီတစ်ဆူတည်နေတဲ့အချိန်ဆိုတော့ ရှင်ဘုရင်ရဲ့စိတ်ကလည်း ဒီစေတီတော်ကြီး အောင်အောင်မြင်မြင်နဲ့ ပြီးစီးဖို့ပဲ ရည်သန်နေမိတယ်။ မယ်မင်းဖြူဖြူခမျာမှာတော့ အနောက်နန်းဆောင်မှာ မထင်မရှားမိဖုရားဘဝနဲ့ အထီးကျန်ဆန်ဆန် စံမြန်းနေရတုန်း တစ်ရက်မှာတော့ မမျှော်လင့်ဘဲ နန်းတွင်းသားတစ်ယောက်နဲ့ ဆုံဆည်းခဲ့ရတယ်.."

"ဟုတ်...အရီးစကားက စိတ်ဝင်စားဖို့ကောင်းလာပြီ... ဆက်ပါဦး"

"အဲဒီ နန်းတွင်းအမှုတော်ထမ်းလေးက တခြားသူမဟုတ်ဘူး။ မယ်မင်းဖြူဖြူ အရပ်သူဘဝတုန်းက မေတ္တာမျှခဲ့ဖူးတဲ့ ချစ်သူမောင်ညိုနွေဖြစ်နေတယ်။ တကယ်က မယ်မင်းဖြူဖြူနဲ့မောင်ညိုနွေတို့ နန်းတော်ထဲမှာ ပြန်ဆုံဖို့ကိုလည်း မိဖုရားခေါင်ကြီးကပဲ ဖန်မင်

www.burmeseclassic.com

www.burmeseclassic.com



အကွက်ချပြီး စီစဉ်ခဲ့တာလေ။ ရွှေတလုတ်မြို့ကို သူလျှိုတွေလွှတ်ပြီး မယ်မင်းဖြူဖြူအရပ်သူ ဘဝတုန်းက ဖြစ်ပျက်ခဲ့တဲ့ အတိတ်ရာဇဝင်တွေကို စုံစမ်းနိုင်ခဲ့တယ်။ ကံအားလျော်စွာပဲ ချစ်သူဖြစ်ခဲ့ဖူးတဲ့ ရွှေတလုတ်မြို့သား မောင်ညိုနွေဟာ နန်းတော်ထဲမှာ ကွမ်းရေတော်ဆက် အမှုထမ်းတစ်ယောက်ဖြစ်နေတာကို မိဖုရားခေါင်ကြီးက ခြေရာကောက်နိုင်ခဲ့ပြီး မယ်မင်းဖြူဖြူနဲ့ မောင်ညိုနွေကို ဆုံဆည်းစေဖို့ အကွက်ချပြီး စီမံခဲ့တယ်…”

“ပဒေသရာဇ်ခေတ် မိဖုရားဖြစ်ရတာလည်း မချောင်ပါလား…ဆက်ပြောပါဦး”

“သဘောရိုးပြီး ရုပ်အဆင်းလှပချောမွေ့တဲ့ မယ်မင်းဖြူဖြူကတော့ မိဖုရားခေါင်ကြီးရဲ့ ကောက်ကျစ်တဲ့ အကြံအစည်ကို မသိခဲ့ဘူးလေ။ နန်းတော်ထဲမှာ မပျော်မွေ့ရတဲ့ကြား အတိုက်အခိုက်တွေနဲ့ အားငယ်နေရတဲ့အချိန် ချစ်သူဟောင်းနဲ့ ပြန်ဆုံတွေ့ခဲ့တဲ့ မိန်းမသားတစ်ယောက်ရဲ့ အဖြစ်ပဲ မောင်ရေလေး စဉ်းစားကြည့်ပေါ့…။ နဂိုကတည်းက ရှင်ဘုရင်ကို ချစ်လို့ယူခဲ့ရတာမှမဟုတ်ဘဲ… တော်ကောက်ခံလိုက်ရလို့သာ မငြင်းဆန်ဝံ့ဘဲယူခဲ့ရတာ…”

‘အင်း…နန်းတွင်းအရှုပ်တော်ပုံ မှန်သမျှဟာ ရှင်ဘုရင်တွေ မိဖုရားများလို့ ဖြစ်ခဲ့ကြတာချည်းပဲ။ အင်းဝခေတ် နန်းမတော်မယ်နုဆိုလည်း ဒီလိုပဲ ရှင်ဘုရင်ကို ဖြုတ်ချပြီး မောင်အိုကို နန်းတင်ဖို့အထိတောင် အကြံအစည်ပက်စက်ခဲ့ဖူးတယ်လို့ စာတွေထဲမှာ ဖတ်ရတယ်။ တချို့ကလည်း မောင်အိုဟာ နန်းမတော်ကြီးရဲ့



မောင်တစ်ဝမ်းကွဲလို့ ပြောကြတယ်။ တချို့ကျတော့လည်း သွေးသားတော်စပ်မှုမရှိဘဲ အမြှောင်ထားတယ်လို့ ပြောကြတာပဲ အစ်ရီးရယ်…”

“အယ်…မယ်မင်းဖြူဖြူလေးဟာ အဲဒီလို အကြံအစည်ပက်စက်တတ်တဲ့ မိဖုရားတစ်ပါး မဟုတ်ရှာပါဘူးကွယ်… သူ့ခမျာချစ်သူနဲ့ရှင်ကွဲကွဲပြီး ဘုရင်တော်ကောက်လိုက်လို့သာ နန်းတော်ထဲကို ရောက်လာခဲ့ရတာ။ အဲလိုနဲ့ပေါ့ မောင်ရင်လေးရယ်…။ မောင်ညိုနွေနဲ့မယ်မင်းဖြူဖြူတို့ နန်းတော်ထဲမှာ ပြန်ဆုံဆည်းကြတဲ့အခါ မပြယ်တဲ့မေတ္တာတွေနဲ့ သံယောဇဉ်အသစ်တွေ ထပ်ဖြစ်ကြတယ်။ မိဖုရားခေါင်ကြီး ဆင်တဲ့အကွက်ထဲကို ဝင်သွားကြတယ် ဆိုပါတော့ မောင်ရင်လေးရယ်…”

သူ ခေါင်းညိတ်ပြလိုက်တော့ အစ်ရီးက….

“ဒါပေမယ့် ကံကောင်းချင်တော့ မောင်ညိုနွေဟာ သူနဲ့သူချစ်သူအကြောင်း ရှင်ဘုရင်အထိ ပေါက်ကြားသွားပြီး ဖမ်းတော့ဆီးတော့မယ်ဆိုတဲ့ သတင်းကို ကြိုပြီးသိသွားခဲ့တယ်။ အဖမ်းအဆီးမခံရသေးခင် မယ်မင်းဖြူဖြူကို ခေါ်ထုတ်ပြီး နန်းတွင်းထဲက ထွက်ပြေးသွားနိုင်ခဲ့တယ်…”

“ဇာတ်လမ်းက အရမ်းကို အထွဋ်အထိပ်ရောက်လာပြီ…ဆက်ပါဦး…”

“နန်းတွင်းထဲက ထွက်ပြေးလွတ်မြောက်သွားပေမယ့် သူတို့နှစ်ယောက်စလုံးဟာ အရွယ်ငယ်သေးတာရယ်၊ အတွေ့အကြုံနုနယ်သေးတာရယ်ကြောင့် ဘယ်ထွက်ပြေးရမှာမှန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ နောက်ပြီး ဘုရင့်ခြေမြန်တော်တပ်သားတွေက သူတို့ရှိတဲ့နေရာအထိ ရောက်လာလိမ့်မယ်ဆိုတာလည်း အတပ်သိနေတယ်။ ဒါနဲ့ မယ်မင်းဖြူဖြူဟာ မအေဖြစ်သူရဲ့ အကြံဉာဏ်ကို ယူဖို့ မောင်ညိုနွေလက်ကို ဆွဲပြီး ရွှေတလုတ်မြို့ကို ထွက်လာခဲ့တယ်...''

''အင်း...ဇာတ်လမ်းက ရင်လေးစရာတွေတော့ ဖြစ်လာပြီ...''

''မောင်ရင်လေးထင်တဲ့အတိုင်းပါပဲ။ ရွှေတလုတ်မြို့ကို မယ်မင်းဖြူဖြူ စိတ်နာစရာတွေ တကယ်ကိုဖြစ်လာခဲ့တယ်။ ရွှေတလုတ်မြို့ကိုရောက်တော့ မအေကိုအကျိုးအကြောင်းရှင်းပြပြီး တောင်းပန်ကန်တော့တယ်။ အမေဖြစ်တဲ့သူက သမီးကို ခွင့်လွှတ်ပြီး သစ်သီးဝလံနဲ့ပုန်းအောင်းဖို့ လှိုဏ်မြောင်တွေပေါတဲ့ သမင်လိုက်တောင်ပေါ်သွားဖို့ အကြံပေးခဲ့တယ်။ ဒီလိုနဲ့ မောင်ညိုနွေနဲ့ မယ်မင်းဖြူဖြူတို့ဟာ သမင်လိုက်တောင်ပေါ် ဘေးမသီရန်မခဘဲ ရောက်သွားခဲ့တယ်ဆိုပါတော့ မောင်ရင်လေးရယ်...''

အဲ...ကံမကောင်းချင်တော့ သမင်လိုက်တောင်ပေါ်မှာ ချစ်သူနှစ်ယောက် ဇပျော်လို့ရှင်လို့မှ မဝသေးဘူး။ တောင်ပေါ်ကို ဦးတည်ပြီး ဒိုင်းစိုင်းလာတဲ့ မြင်းခွာသံတွေကို ကြားလိုက်ကြတယ်လေ...''

''ရှင်ဘုရင်ရဲ့ ကွန်မန်ဒိုတွေပေါ့...ဆက်ပြော...အရီး''

''ဟင်...ကွန်မန်ဒိုဆိုတာ ဘာတုံးဟင်...။ မယ်မင်းဖြူဖြူရဲ့ နတ်သမိုင်းမှာ ကွန်မန်ဒို မပါဘူး..''



ကွန်မန်ဒိုဆိုလို့ မျက်မှန်ကြီးတဝင်းဝင်းတပ်ပြီး လန့်ဖျတ်သွားတဲ့ အရီးကို ကြည့်ပြီး သူ ရယ်ချင်ချင်ဖြစ်သွားရကာ...

''ရှင်ဘုရင် လွှတ်လိုက်တဲ့ စစ်သည်တော်တွေကို ပြောတာပါ...ဆက်ပြော...ဆက်ပြော...''

''အေး...အဲလိုလုပ်စမ်းပါ...ကွန်မန်ဒိုဆိုလို့ အရီးဖြင့် လန့်သွားတာပဲ။ သခင်မရဲ့ နတ်သမိုင်းမှာ ကွန်မန်ဒိုမှ မပါတာ။ ထားပါတော့။ နောက်ဆုံးမှာတော့ မယ်မင်းဖြူဖြူနဲ့မောင်ညိုနွေကို သမင်လိုက်တောင်ပေါ်မှာပဲ မင်းချင်းတွေ အရှင်မိသွားကြတယ်။ ဘုရင့်ရဲ့ အမိန့်မှာကတည်းက တရားခံနှစ်ယောက်ကို မိတာနဲ့ မောင်ညိုနွေကို အသေသတ်စေ။ မယ်မင်းဖြူဖြူကို အရှင်ဖမ်းပြီး နန်းတော်ကိုပြန်ခေါ်စေ ဆိုတာက ပါပြီးသားလေ..''

''အရီး ပြောတာနဲ့တင် ကျွန်တော် ရင်တွေမောလာပြီဗျာ..''

''မောမယ်ဆိုရင်လည်း မောစရာပါပဲကွယ်။ ရှင်ဘုရင်ရဲ့ အမိန့်တော်အတိုင်း မယ်မင်းဖြူဖြူတို့ ချစ်သူနှစ်ယောက်ကို မိမိချင်း မင်းချင်းတွေဟာ မောင်ညိုနွေရဲ့ ရင်ဝကို ဓားတစ်ဆုံးသွင်းပြီး သတ်ပစ်လိုက်ကြတယ်။ မယ်မင်းဖြူဖြူလည်း သူ့မျက်စိရှေ့မှာတင် သူချစ်တဲ့သူကို ဓားတစ်ဆုံးထိုးသွင်း အသတ်ခံလိုက်ရတာကို တွေ့သွားပြီး ရွှေနန်းတော်အထိတောင် ပါမသွားရှာပါဘူး။ အဲဒီနေရာမှာတင် ရင်ကွဲနာကျပြီး သူပါ သေသွားခဲ့တယ်..''

အရီးစကားနဲ့တင် လေးနက် ရင်ထဲမှာ စိမ့်ကနဲ ဖြစ်သွားမိသည်။ တစပ်တည်းမှာပင် အမုန်းမြို့ကို စရောက်တဲ့နေ့မှာတင်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးလာတဲ့ အစိမ်းရောင်ဝမ်းဆက်ဝတ် မိန်းမပျိုတစ်ဦးကိုလည်း မြင်ယောင်လာမိသည်။

အိပ်မက်ထဲမှာ သူ့ကို ကိုယ်ထင်လာပြသူမှာ တကယ်ပဲ မယ်မင်းဖြူဖြူများ ဖြစ်နေလေမလား…။ ဒါဆိုလည်း ဒီမိဖုရားဟာ ဘာ့ကြောင့်များ ဒီလောက်ခက်ထန်ပြီး အမုန်းမာန်တွေရှနေရ ပါလိမ့်…။

အကြောင်းတစ်ခုခုတော့ ရှိရပေလိမ့်မည်။ ဟုတ်တယ်‥။ အကြောင်းတစ်ခုခု…။

“နောက်တော့ မယ်မင်းဖြူဖြူဟာ သမင်လိုက်တောင်ကို စောင့်တဲ့ အစောင့်ဖြစ်သွားတယ်ပေါ့။ ဟုတ်လား‥”

“ဟုတ်တယ်။ စစ်သည်တော်တွေ သမင်လိုက်တောင် ပေါ်ရောက်လာကတည်းက ရွှေတလုတ်မြို့သူမြို့သားတွေ လမ်းပြ လိုက်လို့ဆိုတာ မယ်မင်းဖြူသိသွားတယ်လေ။ ရင်ကွဲနာကျပြီး သေအံ့မူးမူးမှာပဲ ရွှေတလုတ်မြို့ကို ကျိန်စာသုံးခုတိုက်သွားခဲ့တယ်။ အဲဒီကျိန်စာတွေကိုတော့ သျှရိက မောင်ရင်လေးကို ပြောပြပြီးသား ဖြစ်မှာပါ…။ ကျိန်စာဟာ အရီးတို့မြို့ပေါ်ကို တကယ်ပဲစူးရှနေ သလား မစူးရှဘူးလားဆိုတာကတော့ အရီးတို့ ကိုယ်တွေ့ပါပဲ”

“ဟုတ်ပြီ အရီး…ဒီလောက်ဆို ကျွန်တော် နတ်သမိုင်း တော့ ကောင်းကောင်း သဘောပေါက်လာပါပြီ”

“ဒါနဲ့ မောင်ရင်လေးကပဲ အရီးတို့ကို မေးနေတယ်။ အရီးတို့လည်း မောင်ရင်လေးကို မေးစရာရှိသေးတယ်‥”

“ဟား…ဟား…။ မေးပါဗျာ‥မေးပါ”



“အရီးတို့ရဲ့ အမုန်းမြို့ဟာ အခုအချိန်အထိ သွားရလာရ ခက်ခဲပြီး လူသိနည်းလှတဲ့ မြို့ကလေးတစ်မြို့ပါ။ ဒါကို မောင် ရင်လေးက ဘယ်လိုများ ခြေရာခံမိပြီး သိသွားရတာလဲကွယ်”

“ကျွန်တော့်ကို ဘုရားရင်ပြင်တော်ပေါ်မှာ နေကသိုဏ်း ရှနေတဲ့ အဘိုးတစ်ယောက်က တိုက်တွန်းလိုက်လို့ပါ…”

“ဟင်…ဟုတ်လား…။ တို့ အသိထဲကများ ဖြစ်နေ မလား…”

သူ့စကားကြောင့် အရီးနဲ့တူမဖြစ်သူတို့ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ရင်း မျက်လုံးအဝိုင်းသားနှင့် မှင်တက်နေ ကြသည်မို့ သူလည်း ကျောပိုးအိတ်ထဲမှာ သေသေချာချာထုပ်ပိုး သိမ်းဆည်းထားတဲ့ ဝါကြန့်ကြန့် မြေပုံစာရွက်ကလေးကို ထုတ်ပြ လိုက်ပြီး…

“အဲဒီ အဘိုးကြီးက ကျွန်တော့်ကို ဟောဒီမြေပုံစာရွက် ကလေးပါ ပေးသွားတယ်‥”

“ဟင်…”

မြေပုံကို ကြည့်ပြီး အရီးအံ့သြတုန်လှုပ်သွားလေသည်။

နောက်တော့ တစ်စုံတစ်ခုကို သွားရှာမည့်ဟန်နှင့် ကွပ် ပျစ်ကလေးမှ ထွက်သွားပြီး၊ ခပ်ကြီးကြီးခေါက်ထားတဲ့ စာရွက် ခေါက်တစ်ခု ပါလာလေတော့၏။

အလယ်မှာ အပေါက်ကြီး ဖြစ်နေတဲ့ မြေပုံတစ်ခု…။

“မောင်ရင်လေးရဲ့ မြေပုံခဏပေးပါဦး…”

အရီးက သူ့ဆီက အဘိုးကြီးပေးလိုက်တဲ့ မြေပုံကို

www.burmeseclassic.com

www.burmeseclassic.com



တောင်းယူပြီး၊ စောစောက အပေါက်ကြီးဖြစ်နေတဲ့ မြေပုံပေါ် ထပ်လိုက်တော့ လုံးဝပြီးပြည့်စုံသွားတဲ့ မြေပုံတစ်ချပ်ထွက်လာသည်။

အရီးက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း…

"သျှရီ…"

"ရှင်…အရီး…"

"အမှန်းမြို့ကို လာဖို့ မောင်ရင်လေးကို တိုက်တွန်းခဲ့တဲ့သူဟာ အခြားသူမဟုတ်ဘူး။ သျှရီရဲ့ အဖေပဲ…"

"အို…"

"ဟုတ်တယ်…သမီး မေမေဆုံးပါးသွားပြီး ဒီမြို့ကနေထွက်မသွားခင် နာနာကျည်းကျည်းနဲ့ ဟောဒီမြေပုံကနေ ရွှေတလုတ်မြို့ကို အနီးကပ်ရည်ညွှန်းထားတဲ့ ဟောဒီစာရွက်ကို သူ ဆုတ်ဖြဲပြီး ယူသွားတာ အရီး သေသေချာချာမြင်ခဲ့တယ်…"

"…. …. …."

* * *

## အခန်း - ၁၆

ညနေခင်း ပွဲဈေးတန်းကလေးက လမ်းလျှောက်လို့ အဆော်ကောင်းနေသည်။ ကွေ့ကွေ့ကောက်ကောက် မြေလမ်းကလေးအတိုင်း သူလျှောက်လာခဲ့ပြီး ဟိုငေးဒီငေး ငေးကာ၊ ဘုရားပွဲဈေးတန်းတို့ရဲ့ ထုံးစံအတိုင်း ဆူဆူညံညံအသံများကို နားစွင့်ရင်း ပြုံးမိတဲ့အခါ ပြုံးမိ၊ ခေါင်းညိတ်မိတဲ့အခါလည်း ခေါင်းညိတ်နေမိသည်။

အခုအချိန်မှာ ထန်းလျက်၊ ကြံသကာ ဆမ်းထားတဲ့ မြန်မာ့ရိုးရာမုန့်တွေကို မစားဖြစ်တော့ဘဲ အလှသဘောမျှသာ ကြည့်ဖြစ်နေတော့၏။

ချစ်စရာကောင်းတဲ့ မြန်မာ့ရိုးရာအရုပ်ဆိုင်ကလေးတွေ၊ နိုင်ငံခြားဖြစ် မွေးပွရုပ်၊ မီးဖိုဆောင်သုံး စတီးလ်ပစ္စည်းများကို မက်လုံးပေးပြီး ပူဖောင်းရှစ်လုံးကွဲအောင် ပစ်နိုင်မှ ဆုပေးမည်ဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြားအပစ်ဆိုင်တွေ အများအပြား သူတွေ့နေသည်။

"လာလေ··အစ်ကို···ဘောလုံး ငါးလုံးမှ တစ်ထောင် ··။ ကြိုက်တဲ့ပစ္စည်း ထိအောင်ပစ်···။ ထိတဲ့ဟာ ယူလို့ ရတယ်··"

မိန်းကလေးတစ်ယောက်က တန်းနစ်(စ်)ဘောလုံး ငါးလုံးထည့်ထားသည့် ခြင်းတစ်ခြင်းထိုးပေးလာသည်။ ခပ်ဝေးဝေးမှာ ထောင်ထားသည့်အရာများကား အရက်ပုလင်း၊ (သောက်သုံးဖို့ လက်တွန့်စရာ ကောင်းလှတဲ့)ခပ်ပေါပေါ အချိုရည်ဗူးများနဲ့ မွေးပွအရုပ်သေးသေးကလေးတွေ···။

ဘယ်ဘက်က လှည့်စဉ်းစား၊ စဉ်းစား ငွေတစ်ထောင် ထွက်သွားသည်နှင့် သူတို့အတွက် ကျန်အောင်လုပ်ထားသည့် အရုပ်ပစ်ဆိုင်များ ဖြစ်လင့်ကစား အပျော်သဘောမျိုးတော့ သူပစ်ချင်နေမိသည်။

တင်းနစ်(စ်)ဘောလုံး ဆယ်လုံး (နှစ်ထောင်ဖိုး)ပစ်အပြီးမှာတော့ ဓာတုဆိုးဆေးတွေပါချေများနိုင်တဲ့ အပေါစား အချိုရည်ပုလင်းတစ်လုံးနဲ့ အသည်းပုံအနီရောင် မွေးပွအရုပ်ကလေးတစ်ခု သူရလာခဲ့သည်။

သူ့စိတ်ထဲမှာတော့ ဒီပစ္စည်းနှစ်ခုစလုံးက သူ့အတွက် အသုံးမဝင်လှသဖြင့် အချိုရည်ဗူးကို အရီးကို ပေးချင်နေပြီး၊ မွေးပွ အသည်းပုံ အရုပ်ကလေးကိုတော့ ကောင်မလေးကို ပေးချင်နေမိသည်။ အဲဒီနှစ်ခုကို ပြောင်းပြန်တော့ မပေးချင်ပါ··။ ကောင်မလေးကို အချိုရည်ပုလင်းပေးပြီး အရီးကို အသည်းအရုပ်ကလေး



ပေးမိပါက အခြေအနေတွေ ရှုပ်ထွေးသွားနိုင်သည်။ ရယ်လည်း ရယ်ချင်နေမိသည်။

သူ··ထိုသို့ ရယ်ချင်ချင် ဖြစ်နေစဉ်ပင်···

"ဂလောက်··ဂလောက်···ဂလောက်···"

"ကဲ···အကြွေတစ်ရာ၊ ငွေနှစ်ရာဆိုတာ မင်းတို့လေးတွေအတွက် လက်ဖက်ရည်ဖိုး မုန့်ဖိုးတောင် မရှိပါဘူး···ငါ့ကို လှူသွား···မင်းတို့လေးတွေ ကုသိုလ်ရတယ်···"

လာပြန်ပြီ···ဟို သူတောင်းစား အဘွားကြီး···။

အနောက်ကနေ ခွက်ကြီးနဲ့ အတင်းထိုးနေပြန်သည်။

"မရှိဘူး···မရှိဘူး··မပေးဘူး··"

အဲလို ပြောမိတော့ ထုံးစံအတိုင်း ဘောက်ဆတ် ဘောက်ဆတ်နဲ့ ဆဲရေးတိုင်းထွာပြီး တစ်ခြားလူများအား ခွက်နှင့် ထိုးပေးနေပြန်သည်။

ကြည့်လိုက်တိုင်း စိတ်ပျက်စရာ···။

လက်အကောင်း၊ ခြေအကောင်း ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းနဲ့ အလုပ်လုပ်မစားလိုဘဲ တောင်းစားနေသည့် သူများအကြောင်း စိတ်အချဉ်ပေါက်စွာ စဉ်းစားရင်း ပွဲဈေးတန်းအတိုင်း ဆက်လက် လမ်းလျှောက်လာရာ တစ်နေရာ အရောက်မှာတော့··

"ဟေး···ဟို···အစ်ကို···"

"ဟာ···သျှရီ···"

"ပွဲဈေးတန်းလျှောက်လာတာလား···"

"ဟုတ်တယ်···သျှရီတို့က အိုးပုတ်ရောင်းနေကြတာ

www.burmeseclassic.com

www.burmeseclassic.com



လား…"

"ဟုတ်တယ်…ဟိုမှာ အရိုးလေး…မောလို့ဆိုပြီး အနောက်မှာ လှဲနေတယ်…"

သူတို့ တူဝရီးနဲ့ အတော်ကလေး ခင်မင်နေပြီမို့ သူလည်း သျှရီ့ ဘေးကဖျာကြမ်းပေါ် ဝင်ထိုင်ရင်း အရိုးဖြစ်သူကို သူပင် သောက်ဖို့ ခပ်တွန့်တွန့်ဖြစ်နေသည့် အပေါ်စားအချိုရည်ပုလင်း ကမ်းပေးလိုက်ရင်း…။

"မောနေလို့ဆို··အချိုရည်သောက်လိုက်ပါလား…ကျွန်တော် ဘောလုံးပစ်ရင်း နိုင်လာတဲ့ဟာ··"

"အေးကွယ်··သာဓု··သာဓု··သာဓု…"

သူ တံတွေးတစ်ချက် အနိုင်နိုင်မျိုချလိုက်ရသည်။ ဂလု…။

သူ့လက်ထဲမှာတော့ အနီရောင်အမွေးပွအသည်းပုံ ကလေး…။

"ရော့…ဒါကတော့ သျှရီအတွက်…"

သူလည်း ရင်တွေခုန်နေသည်။ ဟိုကလည်း ရှက်ကိုး ရှက်ကန်းနှင့် လှမ်းယူသည်။ အနောက်က အဘွားကြီးကလည်း လုပ်ချောင်းကြီး တစ်ချက် ဆိုးလိုက်သည်။

မရေးတတ်ရေးတတ်နဲ့ လုံးချင်းဝတ္ထုတက်ရေးတဲ့ စာရေး ဆရာမပေါက်စလေးတွေရဲ့ ဝတ္ထုတွေထဲကအတိုင်း သူနှင့်သူမ အနေအထားက မင်းသားလိုလို မင်းသမီးလိုလို ဖြစ်နေကြသည်။

"အိုးပုတ်ကလေးတွေက ဘယ်လိုရောင်းတာလဲ…"



"တစ်ထောင်ဖိုး ငါးလုံးလေ…"

"ဒါဆိုလည်း တစ်ထောင်ဖိုး ထည့်ကွာ··အမှတ်တရ ဝယ်မယ်…"

"ဟင့်အင်း…အစ်ကိုလိုချင်ရင် သျှရီ အလကားပေးမှာ ပါ…"

ဘာရယ်မဟုတ်…ကောင်းကင်ကို မော့ကြည့်လိုက်တော့ ညနေခင်း ကြယ်တစ်ပွင့်(ဗီးနပ်စ်)ထွက်နေလေပြီ။

"အဟမ်း…အဟမ်း…အဟမ်း…"

"အဲ…"

"အဟမ်း…အဟမ်း…အဟမ်း…"

"ဘာဖြစ်နေတာလဲဗျ…"

ဟိုလူ··။ ဟိုလူ…။

လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တဲ့ ပန်းပွဲစား ကျော်ထွဋ်ခေါင်…။ သူ့ကို တွေ့လိုက်၍ အိုးပုတ်ဆိုင်ရှေ့မှာ ရပ် တည်ကြီးနှင့် လာဗရုတ်ကျနေသဖြင့်··

"တက္ကသိုလ်ကျောင်းသားက တစ်မြို့တစ်ရွာမှာ အိုးပုတ် လာရောင်းတာတွေ့ပြီး အံ့ဩသွားလို့ပါ…"

"လုပ်ပြီ…"

"အဟဲ…ဒီဆိုင်မှာ အိုးပုတ်တစ်မျိုးပဲ ရောင်းတာလား·· ဟို အသည်းပုံမွေးပွအရုပ်ကလေးရော မရောင်းဘူးလား··"

ကျော်ထွဋ်ခေါင်က ဆုသျှရီပန်လက်ထဲက စောစော တုန်းကမှ သူလက်ဆောင်ပေးထားတဲ့ အသည်းပုံကလေးကို

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြပြီး စ လေတော့…

"ဒါတော့ မရောင်းဘူးဗျ…။ လိုချင်ရင် အချိုရည်ပု လင်းတော့ ရောင်းတယ်။ ဟိုနောက်မှာ လှဲနေတဲ့ အပျိုကြီးဆီမှာ ဝယ်လို့ရတယ်။ ဝယ်မလား…"

ကျော်ထွဋ်ခေါင်က အကောင်းမှတ်၍ အနောက်ကို ကြည့် လိုက်သည်။ မြန်မာရင်ဖုံးအင်္ကျီဝတ်ထားတဲ့ ပါးရည်နားရည်တွန့် အဘွားကြီးတစ်ယောက်ကို တွေ့ပြီး တွန့်ကနဲ ဖြစ်ကာ…

"ဟဲ…ဟဲ…ဟဲ…ဟဲ…"

နှင့် ထွက်သွားလေတော့သည်။

"အဲဒီ အစ်ကိုဟာလေ…"

သူနဲ့သူ့ရီတို့ကတော့ ရယ်မဆုံး…

နောက်တော့ လူငယ်တို့သဘာဝ ဟိုဟိုဒီဒီ စကားတွေ ပြောဖြစ်ကြသည်။ အနောက်က ထွက်ထွက်လာတဲ့ လုပ်ချောင်း သံကြီးကိုလည်း ကြားကြားနေရစဉ်…သူနားထဲ မထင်မှတ်တဲ့ အသံတစ်ခု ဝင်ရောက်လာလေတော့၏…

"အစ်ကို…ဘာဖြစ်လို့လဲ…"

သူ့ရီကို လက်အသာကာပြလိုက်ပြီး သူ ထပ်မံနားစွင့် နေလိုက်သည်။

သစ်ပင်တစ်ပင်ရဲ့ အမြစ်အောက်နားက အသံတစ်သံ… တိုးတိတ်ညင်သာလွန်းပေမယ့် နားပါးလွန်းသည့် သူ့နားထဲသို့ တဖျစ်ဖျစ်နဲ့ ရောက်နေသည်။

သိမ်းငှက်တစ်ကောင်လို လျင်မြန်လွန်းသည့် မျက်လုံး



တစ်စုံနှင့် ဆိုင်ရဲ့အနောက်ဖက်သို့ အကဲခတ်လိုက်တော့ သက် တမ်းရင့် ခါတော်မှီ အပင်ကြီးတစ်ပင်…။

"အရီး…အရီး…ထ…ပြေးတော့…"

"ဟော…ဘာဖြစ်လို့တုန်း…"

"ပြေးမှာ ပြေး…"

စက္ကန့်ပိုင်းအချိန်လေးအတွင်းမှာ မိန်းမပျိုလေးတစ်ယောက် နဲ့ အဘွားကြီးကို ကယ်တင်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အဆုံး အဘွား ကြီးကို ကိုယ်တူကိုယ်ထထွက်အပြေးခိုင်းလိုက်ရပြီး။ သူ့ရီကိုတော့ လက်တင်းတင်းဆုပ်ကိုင်ကာ ခါတော်မှီအပင်ကြီးအောက်ကနေ ဘေးဘီသို့ ထွက်အပြေးမှာတင်….။

"ဝုန်း…."

"ဘုန်း…."

ကြောက်စရာကောင်းလှတဲ့ အသံနက်ကြီးနဲ့အတူ သူမ တို့ ဆိုင်တန်းလေးပေါ်တည့်တည့်သို့ ပြိုလဲကျလာလေတဲ့ ခါတော် မှီသစ်ပင်ကြီး။

လူ့အသက် ဇီဝိန်သုံးချောင်းကို မချွေလင့်သွားနိုင်ကစား သူမတို့ရဲ့ အိုးပုတ်တော်တော်များများတော့ ကွဲသွားလေပြီ။

"ဟယ်…."

"ဟာ…"

လူတွေအားလုံးလည်း လေမတိုက်၊ မိုးမရွာပါဘဲ အမြစ် မှ ကျွတ်ထွက်လာလေတဲ့ ခါတော်မှီသစ်ပင်ကြီးကို ကြည့်ရင်း ထိတ်ထိတ်လန့်လန့်နဲ့ အံ့အားသင့်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့…သူတို့ တူဝရီးကို အဲဒီ သူငယ်လေးကယ်သွားလို့"

"အေးဟယ်…လေမတိုက်၊ မိုးမရွာပါဘဲ သူတို့ဆိုင်ပေါ်တည့်တည့် သစ်ပင်ကြီးလဲကျသွားတာ အံ့သြစရာ ကောင်းလိုက်တာ…"

"ကယ်သွားတယ်လို့တော့ ဘယ်ပြောနိုင်မလဲ…အဲဒီကောင်လေးကိုယ်တိုင်ကိုက သခင်မရဲ့ ကျိန်စာကို သယ်လာသလိုဖြစ်မနေဘူးလား…။ ဟိုကလေးမလေးကို အသည်းအရုပ်ကလေးပေးပြီး ကြည်နူးနေတာ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်တယ်…"

ဘေးဘီက ထွက်လာတဲ့ ဝေဖန်လေကန်ရေးအသံတွေနဲ့ ရုတ်ရုတ်သဲသဲဖြစ်သွားတဲ့ မြင်ကွင်းထဲမှာ ခပ်ဝေးဝေးကနေ စိုက်ကြည့်နေတဲ့ သူစိမ်းတရံစာနှစ်ယောက်ကို သူကောင်းကောင်း သတိထားမိသွားသည်။

တစ်ယောက်က စောစောကလေးကမှ သူတို့ကို နောက်ပြောင်သွားလေတဲ့ ပန်းပွဲစား ကျော်ထွဋ်ခေါင်…။ နောက်တစ်ယောက်ကတော့ နတ်ထိန်း ဦးငွေဒွန်း…။

* * *

## အခန်း - ၁၇

အဲဒီနောက်ပိုင်းမှာတော့ သူနဲ့ဆုသျှရီတို့ရဲ့ သတင်းက အဲဒီမြို့ကလေးအတွက် hot news ဖြစ်လာခဲ့လေတော့သည်။

နဂိုကတည်းကမှ ကျိန်စာကြောင့် သေကွဲကွဲခဲ့ရသူ ဇနီးမောင်နှံက မွေးဖွားလာတဲ့ မိန်းမချောတစ်ဦး၊ သူမကိုယ်တိုင်ကလည်း သခင်မရဲ့ ကျိန်စာစူးရှဖို့ အခွင့်အရေးပိုများနေလေသူ၊ ပိုဆိုးသွားတာက ဒီမြို့အကြောင်းနဲ့ ဂမ္ဘီရဖြစ်စဉ်တွေအပေါ် သုတေသနပြုစုဖို့ ရောက်လာတဲ့ ခေတ်ပညာတတ် တနယ်တကျေးသားနဲ့ လူငယ်ဘာဝ သံယောဇဉ်တွယ်သလို ဖြစ်နေသည်မို့ သူကလည်း အမုန်းမြို့မှာ နေထိုင်နေစဉ် အတော်ကလေး သတိကြီးကြီးထားနေရသည်။

ဘုရားပွဲဈေးတန်း ညနေက အဖြစ်အပျက်အပြီး နောက်တစ်ရက်ညနေရောက်တော့ သူ အမုန်းမြို့အဝင်တန်းက တွေ့ရှိခဲ့တဲ့ ရေချမ်းစင်ကလေးတွေနားကို သဲလွန်စကောက်ဖို့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

အချိန်က နေဝင်ဆည်းဆာ နွားရိုင်းသွင်းချိန်…။

မြို့အဝင် ညာဘက်မြေကွက်လပ်ကျယ်ကျယ်မှာ မြေတလင်းပြင်ကျယ်တစ်ခု ရှိလေသည်။

မြေတလင်းပြင်ရဲ့ ဘေးဘက်မှာတော့ စီစီရီရီနဲ့ တည်ဆောက်ထားတဲ့ ရေချမ်းစင်ကလေးတွေ….။

ကမ္ဗည်းကျောက်စာမှာ ရေးထိုးထားတဲ့…

ဝန်ကြီးသတိုးသီဟရာဇာ ကောင်းမှု

နတ်လူ သာစုခေါ်စေသော် ဆိုတာကိုဖတ်ပြီး

သူ နည်းနည်းတော့ မျက်မှောင်ကြုတ် စဉ်းစားနေမိသည်။

အမုန်းမြို့အကြောင်း ဖော်ထုတ်တဲ့နေရာမှာ ဝန်ကြီးသတိုးသီဟရာဇာကို ချန်လှပ်ထားလို့ မရနိုင်ဘူးဆိုတဲ့ သဘောများလား..

သူ့မျက်လုံးများက စီစီရီရီရှိလှသည့် ရေချမ်းစင်ကလေးများရဲ့ အပေါ်ဆုံးထောင့်ဘက်သို့ ရောက်ရှိသွားပြန်သည်။

ယိုယွင်းပျက်စီးစပြုနေပြီဖြစ်တဲ့ အုတ်ပုံတွေ…။

အို…မဟုတ်ဘူး…။ အဲဒီလို မဟုတ်သေးဘူး…။

အုတ်ပုံများနားသို့ သူ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့ပြန်သည်။

ထင်သည့်အတိုင်းပင်…။

"ခွေတော်မျိုးတော် သင်္ချိုင်းတွေပဲ…."

မှန်သည်…။

အခု မြင်တွေ့နေရသည်ကတော့ ယိုယွင်းပျက်စီးစပြုနေပြီဖြစ်တဲ့ အုတ်ဂူတွေပေါ့..။ ကိုယ် မမြင်မတွေ့လိုက်သေးခင်ပင် အုတ်ဂူဘယ်နှစ်လုံးလောက် ယိုယွင်းပျက်စီး ပျောက်ကွယ်သွားပြီလဲဆိုတာတော့ မခန့်မှန်းနိုင်…။



"ဟင်…."

အမှောင်ရိပ်က တဖြည်းဖြည်း ရှင့်လာစဉ် ခွေတော်မျိုးတော်သင်္ချိုင်းရဲ့ ဘယ်ဘက်အစွန်က ရုပ်ထုများကြောင့် သူ အံ့အားသင့်သွားရပြန်သည်။

"ဘီလူးရုပ်တွေ…"

ခက်ထန်မာကျောသော အကြည့်…နဲ့အတူ အစွယ်ဖွေးဖွေး ဘီလူးရုပ်သုံးကောင်။

စိတ်ဝင်စားဖို့တော့ ကောင်းနေလေပြီ…။

ဖြစ်နိုင်ရင် ဒီနေရာက မပြန်ချင်သေး…။ ဒီထက်မကဆက်နေနိုင်သေးလျှင် ဒီထက်မကတဲ့ သဲလွန်စတွေ ထပ်ရလာလိမ့်ဦးမည်။

သို့သော် အမှောင်ထုက တဖြည်းဖြည်း ကြီးစိုးလာသည်။

ကောင်းကင်မှာ သောကြာကြယ်နဲ့အတူ မောင်ရင်ဆိုင်းထမ်းကြယ်စုများရဲ့ ဘယ်ဘက်နဲ့ညာဘက် အစွန်ကြယ်နှစ်လုံးပင် ထွက်နေလေပြီ။

"ငါ ပြန်မှ ဖြစ်တော့မယ်…"

လှို့ဝှက်ဆန်းကြယ်မှုများရဲ့ ခေါ်ဆောင်ရာသို့ သူ့စိတ်တွေ တစိုက်မတ်မတ် လိုက်ပါသွားသော်လည်း။ မယုံသင်္ကာစိတ်နဲ့ အမြဲနှိုးကြားနေတတ်တဲ့ စိတ်တစ်ခုက သူ့ကို ပြန်ဖို့အချက်ပြ

www.burmeseclassic.com

www.burmeseclassic.com



နေလေပြီ…။

မြေတလင်းပြင်မှ တက်၍ မြို့အဝင်လမ်းကလေးအတိုင်း လျှောက်လာခဲ့တော့ ဟိုးအဝေးတစ်နေရာကနေ မိန်းမပျိုတစ်ဦးရဲ့ လွမ်းမောဖွယ်ရာ ခေါ်သံတစ်ခုကို သူကြားလိုက်ရပြန်သည်။

"အ…မောင်…အ…မောင်…ရေ…မယ်…ဖြူ…ကို …မထားခဲ့ပါနဲ့…"

* * *

## အခန်း - ၁၈

နေ့လယ်နေ့ခင်းမို့ နေရောင်က အတော်ကလေး ပူနွေး တောက်ပလျက် ရှိသည်…။

မနေ့ညနေက မပြီးပြတ်သေးတဲ့ အဖြေကို ထုတ်ယူဖို့ မြို့အဝင်နားက မြေတလင်းပြင်ကျယ်သို့ သူ ထပ်မံရောက်ရှိလာ ပြန်သည်။

ဘီလူးသုံးကောင်ရဲ့ ခပ်လှမ်းလှမ်းနံ့ဘေးမှာတော့ ဇရပ် ပျက်တစ်ခု…။

ထိုဇရပ်ပျက်နဲ့ မလှမ်းမကမ်းမှာတော့ ညောင်ပင်တစ်ပင် ပေါက်ရောက်နေပြီး နတ်ကွန်းတစ်ခုကို တွေ့ရှိရ၍ ထိုနတ်ကွန်း ကို သူ စိတ်ဝင်စားသွားရပြန်သည်။

တောင်ပေါ်မြို့ကလေးတစ်မြို့မို့ ကိုးမြို့ရှင်နဲ့ပုလဲယဉ်နတ် ကွန်းများ ဖြစ်နေလေမလား။ နတ်သမိုင်းတော်တော်များများကို လည်း သူ တီးမိခေါက်မိထား၍ နတ်ကွန်းကလေးဆီ သွားရောက် ကြည့်ရှုလိုက်တော့ အတွင်းအပြင်(၃၇)မင်းမှာ မပါဝင်တဲ့ သူရသ

www.burmeseclassic.com

www.burmeseclassic.com



တီမယ်တော်ရဲ့ ရုပ်ထုကလေးသာ တွေ့ရသည်။

ပိဋကတ်သုံးပုံကို စောင့်သည်ဖြစ်စေ၊ မစောင့်သည်ဖြစ်စေ ဟာသ်ာယာဉ်မှာ ကျော့ကျော့ရှင်းရှင်းထိုင်ပြီး စာအုပ်ကိုင်ထားသော သူရဿတီမယ်တော်ကို သူ ကြည်ညိုလေးစားရပါသည်။

ထိုစဉ် ဝတ်ပြုဆုတောင်းသံသဲ့သဲ့ကို ကြားလိုက်ရ၍ အသံလာရာဆီ သူ လှည့်ကြည့်လိုက်တော့ အဆိုပါနတ်ကွန်းနှင့် မနီးမဝေးတစ်နေရာမှာ ဗုဒ္ဓဆင်းတုတော်များ တည်ရှိပြီး ဘုန်းတော်ကြီးတစ်ပါးက အမွှေးတိုင်များ ထွန်းညှိကပ်လှူ ပူဇော်နေလေသည်။

သူက ဘုန်းတော်ကြီးကို စောင်းငဲ့ကြည့်လိုက်သလို ဘုန်းဘုန်းကလည်း သူ့အား စောင်းငဲ့ကြည့်ရှုရင်း ခေါင်းညိတ်ကာ ပြုံးလေသည်။

ကြည့်ရတာ ဘုန်းဘုန်းက သူ့ကို သိနေသည့်ပုံ…။

"တစ်ယောက်တည်းလား ဒကာလေး…"

"တင်ပါ့ဘုရား…"

"ရက်ရှည်နေဖို့ စိတ်ကူးထားရင် ဘုန်းဘုန်းတို့ကျောင်းတိုက်ကို လာတည်းလို့ရပါတယ်"

"တင်ပါ့ ဘုရား…။ တပည့်တော် သိချင်တာလေးတွေ လျှောက်တင်ပါရစေဘုရား…"

"မေးပါ…ဒကာလေး…မေးပါ…"

"တပည့်တော် သိချင်တာက အခုတပည့်တော်တို့ ရောက်နေတဲ့ အဝန်းအဝိုင်းကြီးကိုပါ…။ စိတ်ထဲမှာလည်း နည်းနည်းထူးဆန်းနေသလို ခံစားရလို့ပါ။ ရေချမ်းစင်တွေ၊ ဆွေတော်မျိုးတော်အုတ်ဂူတွေ၊ ဘီလူးရုပ်တွေ၊ ဇရပ်ပျက်နဲ့ နတ်ကွန်း ပြီးတော့ အခု ဘုန်းဘုန်းအမွှေးတိုင်တွေ ပူဇော်နေတဲ့ ဗုဒ္ဓဆင်းတုတော်တွေဟာ စက်ဝိုင်းတစ်ခုလို ဖြစ်နေတယ်ဘုရား။ ဒီအဝန်းအဝိုင်းကြီးကို ဘယ်သူကများ တည်ဆောက်ခဲ့သလဲဆိုတာ အရှင်ဘုရား မိန့်တော်မူပါဦး"

"ဝန်ကြီးသတိုးသီဟရာဇာရဲ့ ကောင်းမှုတော်တွေပါ… ဒကာလေးပြောတဲ့အထဲမှာ တစ်ခုကျန်သွားတာရှိသေးတယ်။ ဘီလူးသုံးကောင်ရဲ့ မျက်နှာချင်းဆိုင်အနေအထားမှာ ကုန်းသဖန်းပင်ကြီး ခုနစ်ပင်စိုက်သွားတယ်လို့ ဘုန်းဘုန်းတို့ ရှေ့တွေ ရှေ့တွေက ဆရာတော်ကြီးတွေ မိန့်ကြားခဲ့ဖူးတယ်…။ နှစ်ပေါင်းရာနဲ့ချီခဲ့ပြီဆိုတော့ ကုန်းသဖန်းပင်ကြီးတွေလည်း မရှိကြတော့ဘူးပေါ့…"

"တင်ပါ့ ဘုရား…"

ဘီလူးသုံးကောင်ရဲ့ မျက်နှာချင်းဆိုင်အနေအထားမှာ ကုန်းသဖန်းပင်ကြီး ခုနှစ်ပင်… အရေအတွက်…။ ဟုတ်တယ်…။ သတိုးသီဟရာဇာ ပေးချင်တဲ့ message က ဘာလဲ။ ငါ ဖော်ထုတ်နိုင်ရတော့မယ်..။ သုံးရယ်၊ ခုနစ်ရယ်..။ တိကျတဲ့ အရေအတွက်တစ်ခုတော့ ငါရလာခဲ့ပြီ..။

"ဆွေတော်မျိုးတော် အုတ်ဂူတွေလည်း တွေ့တယ်နော် ဘုန်းဘုန်း…။ အရင်က အုတ်ဂူဘယ်နှစ်လုံးလောက်များ ရှိနိုင်မလဲ မသိဘူး..။"

"ဒါတော့ ဘုန်းဘုန်းတကယ်မသိဘူး။ ရန်သူမျိုးငါးပါး



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကြောင့် နှစ်တွေကြာလာတဲ့အခါမှာတော့ ယိုယွင်းပျက်စီးလာပြီပေါ့။ ဘုန်းဘုန်းတို့ မြို့မှာကတော့ ဒကာလေးလိုစွမ်းလှေလာလိုတဲ့ စိတ်ဓာတ်ရှိတဲ့လူတွေ အင်မတန်မှနည်းပါတယ်။ ဒီအထဲမှာ ဘုန်းဘုန်းတို့လည်း ပါမယ်ထင်ပါရဲ့…"

ဘုန်းဘုန်းက သဘောရိုးနှင့်ပြောကာ အသာအယာပြုံးပါသည်။

ခပ်တွေတွေကလေး တစ်ချက် စဉ်းစားလိုက်ပြီး…

"ကျွန်ုပ်သေးတယ် ဒကာလေးရဲ့ ကုန်းသဖန်းပင်ကြီးတွေရဲ့ ဘေးမှာ ဝန်ကြီးသတိုးသီဟရာဇာက ရေတွင်းရေကန်နှစ်ခုဆောက်လုပ် လှူဒါန်းခဲ့သေးတယ်လို့ ရှေးလူကြီးတွေ ပြောခဲ့ကြဖူးတယ်…"

အိုကေ…။ ဘုန်းဘုန်းရယ်။ ကျေးဇူးတင်လိုက်တာ..။

ထပ်ရလာခဲ့ပြန်ပြီ…သုံးရယ်၊ ခုနစ်ရယ်၊ နှစ်ရယ်…။

ထပ်ပြီး ကင်းထောက်ဦးမှ..။ အဲလေ..ထပ်ပြီးလျှောက်တင်ဦးမှ…

"ဘုန်းဘုန်းတို့ ကျောင်းတိုက်မှာ ပန်းပွဲစားကျော်ထွဋ်ခေါင်ဆိုတာ တည်းသလားဘုရား"

"တည်းတယ် ဒကာလေး..ဒကာလေးနဲ့ အသိလား.."

"ခင်တာ သိပ်မကြာသေးပါဘူး…"

ဘုန်းတော်ကြီးက အမွေးတိုင်များ ပူဇော်ထွန်းညှိအပြီးမှာတော့…

"ဘုန်းဘုန်းတို့ မြို့ခံတွေက စိတ်ရင်းဖြူစင်ပြီး သဘော



ကောင်းကြပါတယ် ဒကာလေး။ ဘုရားပွဲဈေးတန်းထဲမှာ ဒကာမလေး ဆုသျှရီပန်တို့ တူဝရီးကို ဒကာလေးကယ်ခဲ့တယ်ဆိုတဲ့ သတင်းလည်း ဘုန်းဘုန်းကြားပါတယ်။ အများကောင်းဖို့ စိတ်ရင်းစေတနာကောင်းနဲ့ လုပ်ပေးတဲ့သူဆိုရင်တော့ ကူညီဖို့ အခွင့်သင့်ပါပဲ..ဒကာလေး..အကူအညီလိုတဲ့အခါ ဘုန်းဘုန်းတို့ကျောင်းတိုက်ကို လာခဲ့ပါ…"

"တင်ပါ့ဘုရား…"

"ကဲ…ဘုန်းဘုန်းလည်း ကျောင်းတိုက်ကို ပြန်ဦးမယ် ဒကာလေး…"

"တင်ပါ့..တပည့်တော် တစ်ခုလောက် လျှောက်တင်ပါရစေဦး…"

"မေးပါ…ဒကာလေး…"

"မနေ့ညနေက တပည့်တော် ဒီနားကို လာတော့ ဟိုး..အဝေးက မိန်းမတစ်ယောက်ရဲ့ ခေါ်သံလိုလို အသံသဲ့သဲ့ကို ကြားတယ်ဘုန်းဘုန်း။ ဘုန်းဘုန်းကော ဒီနေရာကိုလာတဲ့အခါ အဲဒီလို ခေါ်သံမျိုး ကြားမိတတ်သလား ဘုရား.."

ဘုန်းဘုန်းက အဝေးတစ်နေရာသို့ ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း…

"တစ်ခါတစ်ရံ ကြားတတ်ပါတယ်…။ အမှုဲ့လိုက်ပါ ဒကာလေးရယ်။ အမှုလိုချင်လို့ ဖြစ်မှာပါ"

ထိုသို့ မိန့်ကြားပြီး နေရာမှကြွလေတော့သည်။

ဩော်..ငြိမ်းချမ်းအေးမြလိုက်တဲ့ ဆုံးမစကား…

www.burmeseclassic.com

www.burmeseclassic.com



အမျှဝေပေးလိုက်ပါ…တဲ့။ အမျှလိုချင်လို့ ဖြစ်မှာပါ…တဲ့…။

ရှုးစမ်းလေ့လာလိုခြင်း၊ ရန်လိုတုန့်ပြန်လိုခြင်း ကင်းမဲ့ကာ မေတ္တာတရားကို ဗဟိုပြုဆုံးမစကား ဆိုသွားလေတဲ့ ဘုန်းဘုန်းစကားကြောင့် သူ့ရင်တစ်ခုလုံး အေးမြငြိမ်းချမ်းသွားစဉ်…

"ဂလောက်…ဂလောက်…ဂလောက်…"

"ကဲ…အကြွေတစ်ရာ၊ ငွေတစ်ရာဆိုတာ မင်းတို့လေးတွေအတွက် လက်ဖက်ရည်ဖိုး မုန့်ဖိုးတောင်မရှိပါဘူး။ ငါ့ကို လှူသွား…မင်းတို့လေးတွေ ကုသိုလ်ရတယ်…"

ဟင်…။

လာပြန်ပြီ…။ ဟို သူတောင်းစားမကြီး…။

သူ ဘယ်တုန်းကမှ ပိုက်ဆံမထည့်ခဲ့ဖူးလေတဲ့ သူတောင်းစားမကြီး…။

အခုလည်း သူ့ဆီက မရမှန်းသိရက်နဲ့ ပိုက်ဆံလာတောင်းပြီး ပွစိပွစိရေရွတ်ကျိန်ဆဲကာ ဇရပ်ပျက်ဆီ တက်သွားလေတော့သည်။

သူ့ရဲ့မှတ်စုစာအုပ်ကလေးမှာတော့ မှင်နီနဲ့ကြယ်သုံးပွင့်ပြထားတဲ့ စာရင်းမှာ လူနှစ်ယောက်တိုးလာခဲ့လေတော့၏။


တစ်ယောက်က ဝန်ကြီးသတိုးသီဟရာဇာ

နောက်တစ်ယောက်က သူတောင်းစားမကြီး ပင်…။

* * *

အခန်း - ၁၉

တည်းခိုခန်းသို့ ပြန်ရောက်သည်နှင့် ထိုအဝန်းအဝိုင်းကို စိတ်ထဲက မြင်ယောင်ကြည့်ကာ ပုံတစ်ပုံဆွဲကြည့်လိုက်တော့ အခုလို ရလာသည်။



⬢ - ခွေတော်မျိုးတော်ခုတ်ဂူ(အရှေ့အတွက် အဘိအကျ

www.burmeseclassic.com



မသိရ)

✸ - ရေချမ်းစင်ငယ်များ (အရေအတွက် အတိအကျ မသိရ)

▲- ဗုဒ္ဓဆင်းတုတော်များ(အရေအတွက် အတိအကျ မသိရ)

★ - ဘီလူး (၃)ကောင်

▬- ဇရပ် (၁)ဆောင်

✶ - နတ်ကွန်း(၁)ခု

ဒ - ကုန်းသဖန်းပင် (၇)ပင် (မှတ်ချက်-ယခု ထိုနေရာ၌ လုံးဝမရှိတော့)

▭- ရေတွင်းရေကန်(၂)ကန်(မှတ်ချက်- ယခုထိုနေရာ၌ လုံးဝမရှိတော့)

အနှစ်ချုပ်ပြီးကြည့်လိုက်တော့ ကိတ်မုန့်ကြီးတစ်ခုကို ရှစ်စိတ်အညီအမျှ ပိုင်းပြီး တစ်စိတ်စီတိုင်းကို အမယ်တစ်မျိုးစီ ထည့်ထားသလို ဖြစ်နေသည်။

စုံထောက်ဉာဏ်ရည်ဉာဏ်သွေး အပြည့်ရှိတဲ့ သူ့ကိုဗ ဝန်ကြီးသတိုးသီဟရာဇာက အုံးစားပြီး ကျပ်ပေးခဲ့သလိုတော့ ဖြစ်နေလေပြီ...။

တိကျရေရာတဲ့ ဂဏန်းအရေးအတွက်များက ၁၊ ၁၊ ၂၊ ၇၊ ၃....။

မတိကျ မရေရာတဲ့ ဂဏန်းအရေအတွက်စာရင်းက ၁၈ ...။



ဒီဂဏန်းအရေအတွက်ဟာ အမုန်းမြို့ရဲ့ အိမ်တိုင်းမှာ အစဉ်အလာတစ်ခုလို ဆောင်ထားရတဲ့ အင်းပြားနဲ့များ ဆက်စပ်နေလေမလား...။

အကယ်၍ ဆက်စပ်နေခဲ့ရင်ကော၊ ဖော်ထုတ်ပေးလိုက်ရင် အမုန်းမြို့လေးဟာ သခင်မရဲ့ ကျိန်စာအောက်ကနေ လွတ်မြောက်သွားမှာလား...။

"ဟင်း..."

သက်ပြင်းရှည်ကြီးကို ချလိုက်ရင်း သူခေါင်းခါလိုက်မိသည်။

ပူထူနေအောင် စဉ်းစားရလွန်းတဲ့အတွက် ဦးနှောက်တစ်ခုလုံးလည်း အရည်ပျော်လုလုဖြစ်နေပြီ...။

နောက်တော့..သူ မေးကနဲ အိပ်ပျော်သွား၏...။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၀

"ဟင်…"

အိပ်ရာကနိုးလာတော့ ထူးခြားဆန်းကြယ်တဲ့ မြင်ကွင်းတစ်ခုက သူ့ကို ကြိုနေလေတော့သည်။

ရုပ်ပုံလွှာတစ်ခု…။ ဟုတ်တယ်…။ ရုပ်ပုံလွှာတစ်ခုကို သူ့ခုတင်ခြေရင်းက နံရံချပ်မှာ တွေ့မြင်လိုက်ရသဖြင့် ကျောထဲ စိမ့်ကနဲ ဖြစ်သွားရသည်။

သူ ခုတင်ပေါ်ကနေ ခုန်ဆင်းလိုက်ပြီး ရုပ်ပုံလွှာပေါ်နေတဲ့ နံရံဆီသွားကာ ကြည့်လိုက်မိတော့ ရုပ်ပုံလွှာကို ဘာနဲ့မှရေးဆွဲထားခြင်းမျိုး မဟုတ်ဘဲ အပေါ်စားတည်းခိုခန်းတို့ရဲ့ ထုံးစံအတိုင်း ညစ်ထေးထေးရှိလှတဲ့ နံရံချပ်မှာ ထိုရုပ်ပုံလွှာက သန့်စင်စွာ ထောပေါ်နေသယောင်ယောင် ဖြစ်နေသည်။

ဘာတွေလဲ…?။

သေချာတာ တစ်ခုကတော့ သာမန်ဖြစ်ရိုးဖြစ်စဉ်တော့



မဟုတ်…။

သူ အံကိုတင်းတင်းကြိတ်ရင်း စဉ်းစားကြည့်မိသည်။

ကြောက်ပြီး နောက်ဆုတ်သွားတယ်ဆိုတာ လေးနက်တို့ဘဝမှာ ထုံးစံရှိရိုးမရှိခဲ့။ ဘဝမှာ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့လာရတိုင်း ရဲရင့်စွာနဲ့ ခြေတစ်လှမ်းတိုးပြီး ရှေ့တက်ခဲ့တဲ့အတိုင်း အခုကိစ္စကိုလည်း ရှေ့တစ်လှမ်းတိုးပြီး ရင်ဆိုင်ကြရုံသာရှိသည်။

ထော်လာဂျီအကြံစောင့်ပြီး အင်တာနက်သုံးလို့ရနိုင်မယ့် ဟိုဘက်မြို့ကို ငါ ဒီနေ့ပဲတက်မယ်။ Googleမှာ ငါရှာချင်နေတဲ့ သတင်းအချက်အလက်တွေ အများကြီးပဲ…။

နောက်ပြီး အိမ်ကိုလည်း ဖုန်းဆက်ရဦးမယ်…ဟိုကောင်တွေရော ကျောင်းမှာ ဘာတွေဗရုတ်ကျနေပြီလဲ မသိဘူး။ သူတို့ကိုပါ ငါဖုန်းဆက်ရဦးမယ်…ဟုတ်ပြီ…အချိန်မရှိဘူး။ လစ်မှ…။

လန်းဆန်းသွားစေရန် ရေကို ကတိုက်ကရိုက် ချိုးလိုက်ရသည်။

နောက်တော့ ကျောပိုးအိတ်ထဲ အမှန်းမြို့မှတ်စုစာအုပ်ကလေးအပါအဝင် လိုအပ်တာတွေ ထည့်ပြီး အခန်းတံခါးကို ပိတ်လိုက်စဉ် စိတ်က တစ်ခုခုလိုနေသလို ခံစားလိုက်ရသည်။

သူက ကျောင်းမှာ ခပ်ရွှတ်ရွှတ်နဲ့ ဗရုတ်ကျတတ်တဲ့ ကျောင်းသားတစ်ယောက်ပေပဲ။ စောစောတုန်းက ကြောက်စိတ်အတွက် လက်စားချေဖို့ ရုပ်ပုံလွှာကို ရူးရူးနှစ်နှစ် စိုက်ကြည့်လိုက်တာ…

"ဠတ်မောနင်း သခင်မ…။ ကျွန်တော် ဟိုဘက်မြို့ကို

www.burmeseclassic.com



ခိုးလိုက်ဦးမယ်နော်…တာ့…တာ…”

အဲလိုပြောပြီး တံခါးကိုဒုန်းကနဲ ဆောင့်ပိတ်ခဲ့သည်။

မှန်၏…။

သူ့အခန်းနံရံချပ်မှာ သန့်စင်စွာလာပေါ်နေသော ရုပ်ပုံလွှာမှာ အမုန်းမြို့ကို ရူးရူးရှရှကျိန်စာတိုက်ထားတဲ့ သမင်လိုက်တောင်တော် သခင်မ မယ်မင်းဖြူဖြူရဲ့ ရုပ်ပုံလွှာ ဖြစ်နေလေတော့၏။

* * *

## အခန်း - ၂၃

ဒီနေ့ သူကားကြုံစောင့်ပြီး စီးလာတဲ့ ထော်လာဂျီက ဘာကြီးမှန်းကိုမသိ 'ဖုတ်…ဖုတ်'တို့၊ 'ဖွတ်…ဖွတ်..'တို့ အညစ်အပတ်အသံတွေ ထွက်နေပြီး၊ အူထွက်နေတဲ့ မီးခိုးတွေကလည်း သေိရင် အခု ပြည်တွင်းစစ်ဖြစ်နေတဲ့ ဆီးရီးယားနိုင်ငံရဲ့ ရှေ့တန်းစစ်မျက်နှာပြင်တစ်ခုကို ရောက်နေသလိုပင်…။

ထော်လာဂျီပေါ်မှာ ဂေါ်ဖီထုပ်တွေ အပြည့်အသိပ်တင်ထားပြီး သတ္တဝါဆိုလို့ သူနဲ့ဝက်တစ်ကောင်သာ ပါရှိ၏။

ထော်လာဂျီမောင်းသူ ပြောစကားအရ အဆိုပါ ဝက်မှာ ဝက်သိုးတစ်ကောင်ဖြစ်ပြီး ဟိုဘက်မြို့က ဝက်မတစ်ကောင်နဲ့ သားစပ်ရန် ပိုင်ရှင်က သူ့ထော်လာဂျီပေါ် ကားကြုံထည့်ပေးလိုက်သည် ဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဩော်…ဟိုဘက်မြို့ကို ထော်လာဂျီအကြုံစောင့်ပြီး စီးကြတာချင်းအတူတူ ဝက်သိုးကြီးကတော့ ကာမဂုဏ်မှီဝဲဖို့…။ သူ့မှာတော့ ကြီးဒေါ်နွားကျောင်းဖို့…။

ကားက စက်ရပ်သွားလိုက်၊ ပြန်ကောင်းသွားလိုက်နဲ့ စိတ်အချဉ်ပေါက်နေရတဲ့ကြား သူရယ်လည်းရယ်ချင်နေမိသည်။ ဒီကြားထဲ ကားမောင်းတဲ့ သူက တမျိုး…။

"ဒီဝက်ကြီးကတော့ ကျုပ်တို့မြို့မှာ မသိသူခပ်ရှားရှားရယ်…"

"အင်း…ဆိုပါဦး…"

"ဝက်မ မှန်သမျှ သူနဲ့ကင်းတာခပ်ရှားရှားဆိုပါတော့"

"ဩော်…ဩော်…"

ဝက်က နံရတဲ့ကြား၊ ဘေးနားကနေ ခရူး…၊ ခရူးနဲ့ သူ့အောင်မြင်ကြောင်း ထောက်ခံနေသလိုလို…။

"အခုလည်း ဟိုဘက်မြို့က ဝက်မတစ်ကောင်နဲ့ သားစပ်ဖို့ဆိုပြီး တစ်သောင်းခွဲနဲ့ဈေးတည့်သွားလို့ သူ့သခင်က ကျုပ်ထော်လာဂျီပေါ် တင်လွှတ်လိုက်တာ…ဒါထက် နောင်ကြီးကရော အဲဒီမြို့ကို ဘာလုပ်ဖို့ လိုက်လာတာလဲဟင်…"

"အင်…"

သူပြောလိုက်တော့မှပဲ ကိုယ်ကလည်း အဲဒီမြို့က မိန်းမတစ်ယောက်နဲ့ သားစပ်ဖို့ တစ်သောင်းခွဲနဲ့ ဈေးတည့်ပြီး သူ့ထော်လာဂျီပေါ် ပါလာသယောင်ယောင်…။ ဘယ်လိုဟာတွေပါလိမ့်…။ ဖင်အောက်ရောက်နေတဲ့ ဂေါ်ဖီထုပ်ကြီးတစ်ထုပ်နဲ့သာ



ကောက်ပေါက်ချင်နေမိတော့သည်။

"ဒီလိုပေါ့ဗျာ…အမုန်းမြို့မှာ ဖုန်းက လိုင်းမှမမိဘဲ..။ ကျုပ်လည်း အိမ်နဲ့ဖုန်းလေးဘာလေးပြောဖို့ တက်လာတာပေါ့.."

"ဖလွတ်…ဖလွတ်…ဖလွတ်…ဖုတ်…ဖုတ်…"

သူ့စကားအဆုံးမှာတင် အယုတ္တအနတ္တအသံတွေ တလှေကြီး ထွက်လာတဲ့ ထော်လာဂျီက တစ်နေရာထိုးရပ်သွားတာမို့ ကားမောင်းသမားက အောက်ဆင်းပြီး စက်ထဲ ဟိုနှိုက်ဒီနှိုက် လျှောက်နှိုက်ကာ ဟိုကြိုးဆွဲ၊ ဒီကြိုးဆွဲ ဆွဲနေပြန်သည်။

ဒီကြားထဲ ကိုမျိုးအောင်က တစ်မျိုး….။

ကိုမျိုးအောင်ဆိုလို့ လူလို့တော့ မထင်ကြပါနဲ့…။ ဝက်မတကာနဲ့ မကင်းလေသူကြီးကို ပြောတာပါ။

"မရတော့ဘူး…ကိုယ့်လူရေ..။ မရတော့ဘူး…။ ကျုပ်ထော်လာဂျီလစ်သွားပြီ။ ခင်ဗျားစောင့်နိုင်ရင်စောင့်…မစောင့်နိုင်ရင်လည်း နောက်တစ်စီးနဲ့သာ လိုက်ပေတော့…"

"မစောင့်နိုင်တော့ဘူးဗျာ…ဝက်ကလည်း တအားကိုနံတာ။ နောက်တစ်စီးအလာ စောင့်ကြည့်ဦးမယ် သိပ်ကြာနေရင်တော့ ဟိုဘက်ကပြန်လာတဲ့ ကားစီးပြီး အမုန်းမြို့ပဲ ပြန်တော့မယ်.."

"ကိုယ့်လူသဘော…ကိုယ့်လူသဘော.."

"အစ်…အစ်…အစ်…အစ်…"

ဝက်ကို ကျော်ခွပြီး ထော်လာဂျီပေါ်က သူ ခုန်ဆင်းလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒင်း ဒီလောက် အချစ်ကြမ်းတာ သခင်မက ဒါကျတော့ ဒဏ်မခတ်ပေဘူးလားမသိ။ အင်းလေ…။ မောင်ညိုနွေနဲ့ မယ်မင်းဖြူတို့ သမင်လိုက်တောင်ကို ထွက်ပြေးကြတုန်းက ဘုရင့်ရဲ့ စစ်သည်ရဲမက်တွေကို ဝက်တွေက လမ်းပြခဲ့ကြတာမှ မဟုတ်တာ…ရွှေတာလုတ်မြို့သူမြို့သားတွေက လမ်းပြခဲ့ကြတော့ သခင်မက ဝက်တို့ရဲ့ အချစ်ရေးကိုတော့ လွှတ်စေသတည်း နေမှာပေါ့…

* * *

## အခန်း - ၂၂

အရိပ်ကောင်းကောင်း သစ်ပင်ကြီးတစ်ပင်အောက်ကနေ နောက်ထပ်ရောက်လာမယ့် ထော်လာဂျီတစ်စီးတစ်လေကို သူ စောင့်နေသော်လည်း အချိန်တွေသာ ကြာလာသည်။ အသွားလမ်းကရော၊ အပြန်လမ်းကပါ ဘယ်ထော်လာဂျီမှရောက်မလာ…။

ကြာတော့ သူစိတ်မရှည်ချင်တော့ ဗိုက်တွေလည်း ဆာလာသည်။

သူရောက်နေသည့် နေရာကနေ အမှန်းမြို့ကို လှည့်ပြန်ပြီး ခြေလျင်လျှောက်ပါက မြို့အဝင်ဝနားရောက်ဖို့ သုံးမိုင်လောက်သာ လျှောက်ရမည် ထင်သည်။

ဒါ့ကြောင့် ထော်လာဂျီကို ရပ်စောင့်နေမလား။ တစ်နာရီအလောက် လမ်းသွက်သွက်လျှောက်ပြီး နောက်ကြောင်းပြန်လှည့်သွား သူစဉ်းစားနေစဉ် မိုးက တဖြည်းဖြည်းနှင့် အုံ့လာသည်။

လေခပ်ကြမ်းကြမ်းတိုက်နေပုံအရဆို မိုးက မြန်မြန်စဲကြီးတော့ ရှာမယ့်ပုံမပေါ်သေး။ ဒါ့ကြောင့် သူ အမှန်းမြို့ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ရန် ဆုံးဖြတ်လိုက်သည်။

မိုးငွေ့ပါတဲ့ လေနုအေးရဲ့ အထိအတွေ့ကြောင့် လမ်းလျှောက်ရတာ မမော။ လတ်ဆတ်စိမ်းစိုနေပြီး ကြည်နူးစရာကောင်းနေသေးသည်။

ဒီလိုနဲ့ သူအတော်အတန် လမ်းလျှောက်လာစဉ် တိမ်ထုထုတွေက ညို့မှိုင်းအုံ့ဆိုင်းကာ လျှပ်စီးများ ဝင်းလက်လာသည်။

"မိုးရယ် မရွာပါနဲ့ဦး။ သူများ မြို့ရွာမှာ ငါ ဖျားလို့မရဘူး။ မြို့အဝင်နားက ဇရပ်နားရောက်တော့မှ ရွာပါဟ.."

မိုးစက်မိုးမှုန်လေးများပါသည့် လေအေးအေးလေးများ သူ့အပေါ် ကျလာစဉ် အမှန်းမြို့အဝင်နားက ဝန်ကြီးသတိုးသီဟ ရာဇာရဲ့ကောင်းမှု ဇရပ်ပျက်တစ်ခုကို သူ ခပ်ပျပျကလေး လှမ်းတွေ့နေရသည်။

အရာရာဟာ ကွက်တိအံကိုက်ကလေး ဖြစ်သွား၍ တော်သေးတော့၏။ ဇရပ်ပေါ်သို့ ခပ်သွက်သွက်ကလေး သူပြေးတက်လာချိန်မှာတော့ မိုးက သည်းသည်းမဲမဲရွာချပြီ...။

ဝုန်းကနဲ ဒိုင်းကနဲ မိုးကြိုးများ ပစ်ချနေသည်ကို ဇရပ်ပျက်ပေါ်ကနေ လှမ်းကြည့်နေရသည်မှာလည်း အရသာသစ်တစ်ခုလိုပင်..။

ထိုစဉ်...။

"ဂျလောက်...ဂျလောက်...ဂျလောက်..."

"ကဲ..အကြွေတစ်ရာ၊ ငွေနှစ်ရာလောက်ဆိုတာ မင်းတို့လေးတွေအတွက် လက်ဖက်ရည်ဖိုး မုန့်ဖိုးတောင်မရှိပါဘူး—



ငါ့ကို လှူသွား...။ မင်းတို့လေးတွေ ကုသိုလ်ရတယ်..."

ဟင်...။

ရောက်လာပြန်ပြီ ဟို သူတောင်းစားမကြီး...။

ဒုက္ခပါပဲ...။ ရှောင်လွှဲသွားလို့ မရနိုင်တဲ့ နေရာရောက်တော့မှ သူနဲ့ကိုယ်နဲ့က ဇရပ်တစ်ခုအောက်မှာ မိုးအတူခိုမိရက်သား ဖြစ်နေသည်။

ဘယ်တုန်းကမှ ပိုက်ဆံမရဖူးမှန်းသိရက်နဲ့ အခုလည်း သူ့ရှေ့ ခွက်တစ်လုံး ထိုးပေးလာပြန်သည်။

သူ လက်ခါပြလိုက်တော့ ထုံးစံအတိုင်း ပါးစပ်ကနေ ငြိုငြင်ပွစိ ရေရွတ်ကျိန်ဆဲရင်း ဇရပ်ကို ထောက်ပံ့ပေးထားတဲ့ ကျွန်းတိုင်လုံးကြီးတစ်တိုင်အောက်ကို သွားရောက်ထိုင်ကာ ပါလာတဲ့ အထုပ်ထဲကနေ သိပ်အနံ့အသက်မကောင်းတော့တဲ့ စားကြွင်းစားကျန်တချို့ကို စားနေသည်။

ဆက်ကြည့်နေမိလျှင် ဘာတွေ စိတ်မချမ်းသာစရာ ထပ်တွေ့နေရမည်မှန်း မသိ၍ သူလည်းသက်ပြင်းအသာအယာချကာ မျက်နှာလွှဲရင်း မိုးတိတ်ဖို့ကိုသာ ဆုတောင်းနေမိသည်။

ဒီနေ့တော့ ဘာတွေဖြစ်နေမှန်းမသိ...။ အခကြေးငွေယူပြီး မိတ်လိုက်သည့် ခပ်ရင့်ရင့် ဝက်တစ်ကောင်နှင့် ထော်လာကျိုကားစီးထဲပေါ်မှာ အတူစီးခဲ့ဖူးလေပြီ..။ အခုလည်း ခပ်ရင့်ရင့်ကသေး တောင်းစားတတ်သည့် ခြေအကောင်းလက်အကောင်း သူတောင်းစားမတစ်ယောက်နဲ့ ဇရပ်တစ်ခုအောက်မှာ မိုးခိုနေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...."

အချိန်တွေရယ်...မြန်မြန်ကုန်ဆုံးပါတော့...။

သူက ထိုသို့ဆုတောင်းလေ...မိုးက အညို့းကြီးကြီး ရွာသွန်းလေပင်...။

ဒါနဲ့ ကျောပိုးအိတ်ထဲက အမှန်းမြို့မှတ်စုစာအုပ်ကလေး ထုတ်ပြီး ရင်းနှီးဖူးပြီးသား စာမျက်နှာတချို့ကို ပြန်လည်လှန်လှော ဖတ်နေစဉ် မှင်နီနဲ့ကြယ်ပွင့်သုံးပွင့် ပြထားတဲ့ စာရွက်အရောက် မှာတော့ သူအတွေးတွေ ဝင်းလက်တောက်ပ လာခဲ့ရတော့သည်။

၁။ နတ်ထိန်း ဦးငွေဒွန်း

၂။ ၅(အင်းပြားထဲက အလယ်ထိုင်ဂဏန်း)

၃။ ပန်းပွဲစား ကျော်ထွဋ်ခေါင်

၄။ ဝန်ကြီး သတိုးသီဟရာဇာ

၅။ သူတောင်းစားမကြီး....

အို...ဟုတ်တယ်။ ဒီသူတောင်းစားမကြီးဟာ ငါ့ရဲ့မှင်နီ နဲ့ ကြယ်သုံးပွင့်ပြထားတဲ့ နံပါတ်ငါးယောက်မြောက် ပုဂ္ဂိုလ်တစ် ယောက်ပဲ...။

သူတောင်းစားဆိုတော့ လူကောင်းသူကောင်း မရောက်ဖူး တဲ့နေရာ အနှံ့အပြားလည်း ရောက်ဖူးလိမ့်မယ်။ လူကောင်း သူ ကောင်းတွေ မသိနိုင်တဲ့ အရာတော်တော်များများကိုလည်း သိနိုင် လိမ့်မယ်...။

ဟုတ်တယ်...။ ငါ ဒီမိန်းမကြီးကို ချဉ်းကပ်ရလိမ့်မယ်။

* * *

## အခန်း - ၂၃

"အဟမ်း...အဟမ်း...အဟမ်း..."

သူတောင်းစားမကြီးနားကို သူရောက်သွားတော့ ဟိုက စားသောက်အပြီး၊ ဆက်ရက်မင်းစည်းစိမ်နဲ့ ပိုးလို့ပက်လက်ပင် အိပ်ပျော်နေလေပြီ...။

သူ ထပ်မံ ချောင်းဟန့်လိုက်တော့ မျက်လုံးပွတ်ကြည့်ပြီး အိပ်မှုန်စုတ်ဖွားနှင့်...

"ဘာလဲ...ဘာလဲဟဲ့...ငါ့ကို ပိုက်ဆံပေးမလို့လား.."

"အင်း...ပေးမယ်...ခင်ဗျားပြောသလို အကြွေတစ်ရာ၊ ငွေနှစ်ရာ တင်မကဘူး။ ကျွန်တော် သိချင်တာတွေ ခင်ဗျားပြောပြ နိုင်ရင် ငွေတစ်သောင်း နှစ်သောင်းအထိပါ ပေးမယ်..."

သူ့စကားကြောင့် ဟိုက ဝေါက်ကနဲ ထ,ထိုင်လိုက်ပြီး..

"အလိုတော်...ဖုတ်သွင်းရထားဆိုက်တာပဲ...။ မေး... မေး...။ နင်က ငါ့ဆီက ဘာသိချင်လို့လဲ".

ဖြစ်နိုင်လျှင် သူတောင်းစားတွေနဲ့ သူစကားမပြောချင် ဖြစ်မနေ ပြောလာရပြီဆိုရင်လည်း စိတ်ရှည်သည်းခံရတော့သည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို သိ၍ မတ်တပ်ရပ်နေရင်းမှ သူမအနားတိုင်လိုက်ရင်း…။

"ဒီမြို့ဟာ ကျိန်စာသင့်နေတဲ့ မြို့ဆိုတာ ခင်ဗျားသိတယ် မဟုတ်လား…"

"သိတယ်လေ…ဒါပေမယ့် အဲဒီကျိန်စာကို ငါကတော့ မကြောက်ပေါင်…"

"ဟမ်…ဘာဖြစ်လို့လဲ…"

"ဟဲ့..နင်ပဲ စဉ်းစားကြည့်လေ…သခင်မကျိန်စာ ပျက်ပြယ်သွားတော့ရော ငါ့လို သူတောင်းစားက ထူး…ချမ်းသာလာမှာမို့လို့လား…။ ငါ့ကို ဘယ်ယောကျ်ားက ဝိုင်းကြိုက်ကြမှာမို့လို့လဲ…။ နောက်ပြီး ငါ့ရုပ်ငါ့ရည်ကလည်း အချောအလှစာရင်းမဝင်တော့ ကိုယ်လက်အင်္ဂါချို့ယွင်းမှာတို့၊ ဘေးဥပဒ်အန္တရာယ်ကျရောက်မှာတို့ ပူစရာမလိုဘူးပေါ့ဟဲ့…။ အေးရာအေးကြောင်းပဲ"

"ကောင်းရော…"

"ဟဲ့..ငါပြောတာ မဟုတ်လို့လား…"

"ဟုတ်ပါတယ်…ခင်ဗျားပြောတာ သဘောကျလို့ပါ."

"ကဲ…ဒါဖြင့်လည်း ငါ့ကို ပေးထားတဲ့ကတိအတိုင်း တစ်သောင်းဖြစ်ဖြစ်၊ နှစ်သောင်းဖြစ်ဖြစ် ပေးတော့…"

"မလောနဲ့လေ…လာမှာပေါ့…မေးတာလေးတွေ ဖြေပါဦး…"

"ကဲ..မေးဟယ်…"

အဲလိုပြောပြီး သူမခေါင်းပေါ်ကနေ သန်းဥတွေကို တဖျစ်ဖျစ်ဆွဲချလိုက်ပြန်သေးသည်။



"ကျွန်တော့်ကို သိလား…"

"ဟင်…နင်က နင့်ကိုနင် မမှတ်မိတော့လို့ ငါ့လာမေးနေတာလား…"

"ဘုမတောနဲ့လေဗျာ…ပိုက်ဆံပေးမယ် ပြောပြီးပြီပဲ"

"အေးပါ…နင့်ကို ဒီမြို့ လာလည်တဲ့ ဧည့်သည်တစ်ယောက် အဖြစ်ကလွဲပြီး ငါပိုမသိဘူး…"

"ဒါဖြင့် ကျွန်တော် ဒီမြို့ကို လာတဲ့အကြောင်းကိစ္စကိုရော သိလား…"

"သိတော့မသိဘူး..။ ဒါပေမဲ့ ငါ ခန့်မှန်းကြည့်လို့ရပါတယ်။ နင်တို့လို ငွေရှိကြေးရှိ ခေတ်ပညာတတ်လူငယ်တွေရဲ့ ထုံးစံအတိုင်း အလုပ်မရှိ ကြောင်ရေချိုးဖို့ ရောက်လာတာဖြစ်မှာပေါ့…"

ပိသုလေးနဲ့ ဘေးပစ်…ဆိုတာ ဒါမျိုးထင်ပါရဲ့…။

"ငါ ပြောတာ မဟုတ်ဘူးလား…။ နင် သခင်မနဲ့ သူ တိုက်ခဲ့တဲ့ ကျိန်စာအကြောင်း စပ်စုစိန်လုပ်ဖို့ ရောက်နေတာ မဟုတ်ဘူးလား.."

"ဟုတ်တယ်…ခင်ဗျားပြောသလို စပ်စုစိန်လုပ်ဖို့ ဒီမြို့ကို ရောက်လာခဲ့တာပဲ…။ ခင်ဗျားက တောင်းရမ်းစားသောက်နေတဲ့ သူဆိုတော့ သူများ မရောက်ဖူးတဲ့နေရာတွေလည်း ရောက်နိုင်တာပဲလေ။ သူများမှာ မရှိနိုင်တဲ့ အတွေ့အကြုံတွေလည်း ရှိနိုင်သေးတာပဲ။ အဲဒီတော့ ကျွန်တော် သိချင်တာက ကျွန်တော့် အရင်းကိစ္စအတွက် အထောက်အကူရနိုင်မယ့် စကားဖြစ်ဖြစ်၊

www.burmeseclassic.com



မှတ်တမ်းမှတ်ရာဖြစ်ဖြစ်၊ ပစ္စည်းတစ်ခုတစ်လေ ဖြစ်ဖြစ်ပေါ့ဗျာ..။ ခင်ဗျားဆီမှာ မရှိနိုင်ဘူးလား...''

''အဲဒီလို ပေးနိုင်ခဲ့ရင် နင်ကငါ့ကို ငွေတစ်သောင်း နှစ်သောင်း ပေးမှာလား...''

''ပေးမှာပေါ့ဗျ...''

''အေးဟဲ့...နေဦး...ငါ စဉ်းစားလိုက်ဦးမယ်...နင့်ဆီ က ပိုက်ဆံရအောင် လုပ်ရတာကလည်း မလွယ်ပါလားနော်..''

အဲဒီလို ပြောပြီး သူ့ခေါင်းစုတ်ဖွားကြီးထဲကနေ သန်းဥတွေ ကို ထပ်မံ ပလက်ဂင်ဆွဲနေပြန်ပါသေးသည်။

''သခင်မ အကြောင်း...အင်း...စကားဖြစ်ဖြစ်။ မှတ် တမ်းမှတ်ရာဖြစ်ဖြစ်၊ ပစ္စည်းတစ်ခုတစ်လေဖြစ်ဖြစ်...အမလေး... ငါ့မှာရှိလိုက်ပါတော့ဟယ်...ဒီလိုဆို ငါနှစ်သောင်းရမှာ...''

အဲဒီလို သူ့ဟာသူ တောင်စဉ်းစား မြောက်စဉ်းစား သိပ်မကြာခင်...။

''အဲ...ငါ့မှာ စာအုပ်တစ်အုပ်ရှိတယ်...''

''အင်း...ပြောပါဦး...''

''အဲဒီစာအုပ်ကို ငါဝယ်ခဲ့တာလည်း မဟုတ်ဘူး။ ခိုး တာလည်း မဟုတ်ဘူး..။ ဘူတာစကြ်န်ဘေးမှာ လူတစ်ယောက် မေ့ပြီးကျန်ခဲ့လို့ ငါ ကောက်ယူခဲ့တာ...''

''ဟုတ်လား...အဲဒီလူက ဘယ်လိုပုံစံလဲ...''

''နင်တို့လို ခေတ်ပညာတတ်ရုပ်မျိုးပဲ...ဒါပေမယ့် သူကတော့ အသက်ကြီးမယ် ထင်တယ်...''



''ထားပါတော့...အဲဒီစာအုပ်ကို ခင်ဗျားဖတ်ဖူးလို့ ကျွန် တော့အတွက် အထောက်အကူရနိုင်လိမ့်မယ်လို့ ပြောတာလား..''

''ဖတ်တတ်ပါ့မလားဟယ်...။ ငါတို့လို သူတောင်းစား က စာကို အရေးတယူလုပ်ပြီး သင်နေပါ့မလား...။ အဲ..သေစာ ရှင်စာလောက်တော့ ရေးတတ်တာပေါ့။ နင့်အတွက် အထောက် အကူရမရဆိုတာတော့ ငါလည်း မပြောတတ်ဘူးလေ။ ဒါပေမဲ့ အဲဒီစာအုပ်ထဲမှာ ဝန်ကြီးသတိုးသီဟရာဇာအကြောင်း ထည့်ရေး ထားလိမ့်မယ်လို့တော့ ထင်တယ်...''

ဝန်ကြီးသတိုးသီဟရာဇာ...။

အို...အဲဒီပုဂ္ဂိုလ်ကြီးအကြောင်း သူ သိပ်သိချင်နေတာ ကြာခဲ့ပြီပေါ့...။

''ငါလည်း စာသိပ်ဖတ်တတ်လွန်းလို့တော့ မဟုတ်ဘူး။ ငါက ဒီဇရပ်မှာ နေလာတာကြာပြီဆိုတော့ ဒီနားတစ်ဝိုက်မှာ ခော်ကွန်းထိုးတာတွေ အမြဲတမ်းလိုလိုတွေ့နေရပြီး ဝန်ကြီးသတိုး သီဟရာဇာဆိုတဲ့ စကားလုံးကိုတော့ ကျက်မိနေပြီလေ။ အဲဒီစာ အုပ်ထဲမှာလည်း အဲဒီလို စကားလုံးဆန်ဆန်တွေ တွေ့လို့ မင်းများ စိတ်ဝင်စားမလားလို့ပါ...''

''အဲ...စိတ်ဝင်စားတယ်..ခင်ဗျားမှာ အခုရှိလား...''

''ရှိပါ့...ဘယ်လိုလဲ...ငွေနှစ်သောင်းကိစ္စ...''

သူက အိတ်ကပ်ထဲက ငါးထောင်တန် လေးရွက်ကို ထောင်ပြလိုက်တော့ သူတောင်းစားမကြီးမှာ ဝမ်းသာအားရနှင့် သူ့အမြဲလွယ်နေကြ ခပ်ညစ်ညစ်အိတ်စုတ်ကြီးကို ဖွင့်ကာ ရှာပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အိတ်က အရှုံးလွယ်အိတ်ထက်ပင် ဆိုးမည်ထင်ပါ၏။

ခပ်ဆွေးဆွေးအဝတ်စုတ်တွေ၊ ဖူးခွံပုလင်းခွံတွေ၊ မုန့်ဖူးခွံတွေနှင့် ရှုပ်ယှက်ခတ်နေပြီး ပိုက်ဆံတော်တော်များများကို ဖြစ်သလို စုထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကလေးတစ်လုံးပင် ထွက်လာသေးသည်။

"အမယ်…ဘယ်ဆိုးလို့တုန်း…အိုစာမင်းစာတောင် စုပြီးနေပြီပဲ…"

"မများပါဘူးဟယ်…လေးသောင်းခွဲတည်းပါ…"

သူ မျက်ခုံးတွန့်မိသွားရလေတော့သည်။

"နှင့်ဆီက ပိုက်ဆံနဲ့ဆိုရင် ငါ ခြောက်သောင်းခွဲတော့ရပြီ…တစ်သိန်းလောက်ရရင် ရွှေဝယ်ထားလိုက်မယ်လေဟယ်…တစ်မူးသားဖြစ်ဖြစ်…၊ တစ်ပဲသားဖြစ်ဖြစ်…"

"ခင်ဗျား အကြံဘယ်ဆိုးလို့တုန်း…ရွှေဈေးကော ဘယ်လောက်ပေါက်လဲဆိုတာ သိလို့လား…"

"ခုနစ်သိန်းကျော်ကျော်တော့ ရှိလောက်ရောပေါ့…"

ဟာ…ဟ…

"ကဲ…ကဲ…ဒီမှာ… နင်လိုချင်တဲ့စာအုပ်…ဟုတ်ပြီနော်…။ ပေးတော့ ပိုက်ဆံ…"

ပေးတော့…ပိုက်ဆံလို့ပြောပြီး သူ့လက်ထဲက ငါးထောင်တန် လေးရွက်ကို ဆတ်ခနဲ ဆွဲလုသွားချိန်မှာပဲ၊ အတော်ကလေးဟောင်းနွမ်းနေပြီး တချို့စာမျက်နှာများ စုတ်ပြဲနေသည့် စာအုပ်ကလေးတစ်အုပ် သူ့လက်ထဲရောက်လာသည်။

သူတော်စင်တစ်ပါးရဲ့ ခရီးသွားမှတ်တမ်းစာအုပ်



တစ်အုပ်…။

ဝါကြန့်ကြန့်စာရွက်များကို ခပ်မြန်မြန်ကလေး လှန်လှောကြည့်လိုက်တော့ မယ်မင်းဖြူဖြူအကြောင်းနှင့် ဝန်ကြီးသတိုးသီဟရာဇာ အကြောင်းပါသည့် အခန်းများကို သူတွေ့လိုက်ရသည်။

ဟုတ်ပြီ…သူ နှစ်သောင်းနှင့်ထိုက်တန်သည့် ကျေနပ်မှုကလေးတစ်ခုတော့ ရလာခဲ့ပြီ…။

တည်းခိုခန်းပြန်ရောက်တော့မှ သေသေချာချာ လေ့လာတော့မည်လို့ ဆုံးဖြတ်လိုက်ပြီး စာအုပ်ကလေးကို ကျောပိုးအိတ်ထဲ ထည့်ကာ မိုးအတိတ်ကို စောင့်ရင်း သူတောင်းစားမကြီးနှင့် ငွေတစ်ပြားမှမကုန်တဲ့ ချက်တင်ဝင်နေမိတော့သည်။

"ငါတို့တွေက ဘိုးဘေးဘီဘင်အစဉ်အဆက်ကိုက သူတောင်းစားတွေလေ…။ တောင်းစားရလို့ ဘယ်တုန်းကမှ ဂုဏ်ငယ်သလို မခံစားခဲ့ရဖူးဘူး…။ နင် မယုံရင် စမ်းကြည့်…။ သူတောင်းစားလုပ်ပြီးရင် ဘယ်အလုပ်မှ လုပ်ချင်မှာ မဟုတ်တော့ဘူး…။

"ဟား…ဟား…ဟုတ်ပါပြီဗျာ…။ ဒါဆို ခင်ဗျားအလုပ်က အတော် ဇိမ်ကျတဲ့အလုပ်ပေါ့ ဟုတ်လား…"

"အို…ခွက်စုတ်ကလေးတစ်လုံးရှိတာနဲ့ အငြိမ်ပဲ…အေးအေးဆေးကြောင်းပဲ…။

"အချိန်တန်တော့ ငွေပြည့်လာတာပဲ…။ စောင့်သိမ်းနေရုံပဲ…"

"တစ်နေ့ကို ဘယ်လောက်လောက်ရတုန်း…"

"ထောင့်ငါးရာ၊ နှစ်ထောင်ကြားတော့ ရှိမယ်…ပွဲလမ်း

www.burmeseclassic.com

www.burmeseclassic.com



သဘင်တွေ ရှိမယ်ဆိုရင်တော့ သုံးလေးငါးထောင်ပေါ့…"

"ဒါဆို ခင်ဗျား တစ်လ ခုနစ်သောင်း၊ ရှစ်သောင်းလောက် ကိုက်တာပေါ့။ တောင်းစားတဲ့ပိုက်ဆံနဲ့တင် တိုက်ဆောက်ကားစီးလို့ ရနေပြီ.."

"ဟဲ့…ငါက ဒါလေးလည်း ဝါသနာပါသေးတယ်"

လက်နှစ်ချောင်းထောင်ပြတော့ သူသဘောပေါက်သွားသည်။

"ပြီးခဲ့တဲ့ တစ်လလုံး ငါ "ကိုး"ကို သဲကြီးမဲကြီးပတ်တာ မထွက်ဘူးဟယ်…အခု ငါ့မှာ ကြွေးပူရှိတယ်။ ငါ့လိုဘဝတူ သူတောင်းစားတစ်ယောက်ဆီက ချေးထားတာလေ။ ငါတော်တော်နဲ့ပြန်ဆပ်နိုင်ဦးမယ် မထင်ဘူး…"

"တယ်ဟုတ်ပါလား…။ ခင်ဗျားတို့ လောကသားအချင်းချင်း ရိုင်းပင်းကြသားပဲ…"

"အတိုးနဲ့ ယူရတာပေါ့ဟယ်…။ အဲဒီ သူတောင်းစားက ငါတို့လောကမှာတော့ ဆရာတစ်ဆူပဲ။ ပိုက်ဆံတော်တော်များများ ရှိတယ်။ နှစ်ဆယ်တိုးနဲ့ ငွေတိုးပြန်ချတယ်လေ…"

"wow ! (ဝါးဝို…!)"

သူတောင်းစားနဲ့ စကားပြောရတာ တယ်လည်း စိတ်ဝင်စားစရာကောင်းပါ့လား…

အပြင်မှာတော့ သဲသဲမဲမဲရွာနေတဲ့ မိုးက တစ်စတစ်စနဲ့ ကိုယ်ရှိန်သတ်ပြီး တိတ်ဖို့ ဟန်ပြင်နေလေပြီ။

အဲဒီ မိန်းမကြီးနဲ့ ထပ်ပြီးစကားတွေ ပြောချင်သေးသော်လည်း ဗိုက်က အတော်ကလေး ဆာနေလေပြီ။



"ကဲ…ဒီလောက်မိုးနဲ့ကတော့ ထီးမပါလည်း ကိစ္စမရှိဘူး။ ခပ်သုတ်သုတ်ကလေး လျှောက်သွားရင် ရပြီ။ စကားပြောရတာလည်း ကောင်းတယ်..။ ဗိုက်လည်း ဆာနေပြီ…ပြန်ဦးမယ်.."

"ငါ့မှာ မုန့်လက်ကောက် ထန်းလျက်ဆမ်းရှိတယ်…အစာပြေ စားသွားပါ့လား…"

"တော်ပြီ…တော်ပြီ…ကျွန်တော် ပြန်လိုက်ဦးမယ်.."

"အေး…အေး…"

စောစောတုန်းက ဒေါသအမျက်ချောင်းချောင်းထွက်နေတဲ့ မိုးကောင်းကင်ကြီးက အခုတော့ သူမဟုတ်တော့သလိုနှင့် ပြာလွင်ကြည်ဝင်းကာ နေပင်ထွက်လာသေးသည်။

မိုးရွာပြီးစ တောက်ပတဲ့နေရောင်ခြည်အောက် သမ်းလျှောက်ရတာ အတော်ကလေး ပျော်ဖို့ကောင်းသည်။

အရာရာဟာ စိမ်းစိမ်းစိုစို..။ လတ်လတ်ဆတ်ဆတ်… တောက်တောက်ပပ ကြည်ကြည်လင်လင်။

"ဟေး…ဟေး…ဟဲ့…ကောင်လေး.."

ဇရပ်ပေါ်က သူထွက်ခွာလာပြီး သိပ်မကြာခင် သူတောင်းစားမကြီးရဲ့ ခေါ်သံကြောင့် သူလှည့်ကြည့်လိုက်တော့ ဟိုက လက်ယပ်ခေါ်နေလေသည်။

"လာဦး…လာဦး…"

ဒါနဲ့သူလည်း ဇရပ်ဆီ နောက်တစ်ခေါက် ပြန်လျှောက်သွားလိုက်တော့…။

"မင်းနဲ့ ဆိုင်မဆိုင်တော့ မသိဘူးပေါ့ဟယ်…ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ ကြွေးပူပြဿနာတွေကို ငွေနှစ်သောင်းစာလျှော့ချပေးခဲ့တဲ့ နှင့်ကို ကျေးဇူးတင်တဲ့အနေနဲ့ ငါ လက်ဆောင်လေးတစ်ခုတော့ ပေးခဲ့ဦးမယ်…”

“ဘာများလဲဗျ…”

“ငါ နှင့်ဆီက ပိုက်ဆံထပ်မတောင်းပါဘူး…။ ငါ့အ ဘွား သူတောင်းစားလုပ်တုန်းက သူ့အသက်ဆယ့်ငါးနှစ်သမီး လောက်မှာ ဒီနေရာတစ်ဝိုက် လျှောင်အကြီးအကျယ်လှုပ်ပြီး ဟော ဟို ရုပ်ပွားဆင်းတုတော်တစ်ဆူပြိုကျ မြေခခဲ့တယ်။ အဲဒီအထဲက သူ ဟောဒါလေးရလာပြီး တစ်ဆင့် တစ်ဆင့်နဲ့ လက်ဆင့်ကမ်း ပြီး သိမ်းလာခဲ့ကြတာ အခု ငါ့လက်ထဲအရောက်အထိပဲ…။ ငါ့အတွက်တော့ ဘာမှအသုံးမဝင်ပါဘူး။ အဲ…နှင်လို စပ်စုစိ အတွက်ဆိုရင်တော့ အသုံးများကျနေမလားလို့ပါ…”

“ဟင်…”

အံ့သြခြင်းကြီးစွာနှင့် သူ သူတောင်းစားမကြီး လက်ထဲ ကနေ တစ်စုံတစ်ရာကို လှမ်းယူလိုက်စဉ် စိတ်ထဲက သိမ့်ကနဲ တုန်လှုပ်သွားရသည်။

သူ နားမလည်သည့် ဘာသာဖြင့် ရေးသားသည့် ရှေး ဟောင်းပေပုရပိုက်တစ်ခု…။

* * *

အခန်း (၂၄)

ဉာဉ့်နက်သည်အထိ သူမအိပ်ရသေးဘဲ သူတောင်းစား မကြီးဆီက ငွေနှစ်သောင်းနှင့် ဝယ်ယူခဲ့ရသည့် သူတော်စင်တစ် ပါး၏ အမိဋ္ဌာန်အောင်ခရီးသွားမှတ်တမ်းစာအုပ်ကို ဖတ်ပြီး စဉ်း စားနေမိသည်။

စာမျက်နှာတချို့ စုတ်ပြဲကာ၊ စာမျက်နှာတချို့ မရှိတော့ ပြီမို့ စာအုပ်တစ်အုပ်လုံးရဲ့ ဆိုလိုရင်းကို အတော်ကလေး ခြုံငုံ တွေးခေါ်နေမိသည်။

ဒီလိုပါ…။

ဒီစာအုပ်ကို ရေးတဲ့သူက ထင်ပေါ်ကျော်ကြားသည့် သူန်ကြီးတစ်ပါး မဟုတ်သလို ရသေ့ရဟန်းတစ်ပါးလည်း မဟုတ် ပါ။

မုတ်ဆိတ်ကျင်စွယ်နဲ့ ဆံပင်များကို ဖြတ်တောက်ခြင်း မရှိတော့တဲ့ ပိတ်ဖြူစင်ကြယ်ဝတ်လူပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး အရှု

www.burmeseclassic.com

www.burmeseclassic.com



ကျရာ အရပ်ဒေသများဆီသို့ အဓိဋ္ဌာန်ပုတီးစိပ်ရင်း လောကုတ္တရာ ရေးရာများ၌ ပျော်မွေ့သူတစ်ဦးပါ။

သူ့စာအုပ်ရဲ့ အဓိကဆိုလိုရင်းမှာလည်း မယ်မင်းဖြူဖြူ နဲ့ ဝန်ကြီးသတိုးသီဟရာဇာ အကြောင်းကို အဓိကထား ရေးသား ခြင်းမျိုးမဟုတ်ဘဲ အဓိဋ္ဌာန်ဝင်ခြင်းအားဖြင့် ကောင်းသော အကြံ အစည်များ အမှန်တကယ်ဖြစ်လာကြောင်း ဖော်ပြပေးရေးထားသ ဖြင့် ဂါထာများ၊ ဘုရားရှိခိုး ဆုတောင်းပုံများနှင့် ကျင့်စဉ်တော် တော်များများ ပါရှိနေသည်။

သို့သော် သေချာတာတစ်ခုကတော့ အဆိုပါပုဂ္ဂိုလ်မှာ လေးနက်ထက် မယ်မင်းဖြူဖြူနှင့် ဝန်ကြီးသတိုးသီဟရာဇာအ ကြောင်းကို ပိုမိုသိရှိနေသူ တစ်ဦး ဖြစ်လေသည်။

ထိုခရီးသွားမှတ်တမ်းစာအုပ်ထဲမှ အမုန်းမြို့နှင့် မသက်ဆိုင် လှသည့် အကြောင်းအရာများကို ဖယ်ထုတ်ဖတ်ရှုမည်ဆိုလျှင် ထေ ကဲ့သို့ ဖြစ်၏…။

အိပ်မက်တစ်ခုအရ သူတော်စင်မှာ သမင်လိုက်တော တော်ကနေတဆင့် သွားရောက်ရမည့် လူသူအရောက်အပေါက်နည်း သည့် ဂူတစ်ဂူသို့ အဓိဋ္ဌာန်ပုတီးစိပ်ရန် အမုန်းမြို့သို့ ရောက်ရှိ သည်။ သူ သွားရောက်မည့် သမင်လိုက်တောင်တော်တွင် သခင် မယ်မင်းဖြူဖြူ စံမြန်းနေထိုင်ကြောင်း အမုန်းမြို့သားတွေက ပြော သူ သိရှိခဲ့လေသည်။

သူ သွားလိုသည့်ဂူမှာ အလွန်တရာတောနက်သည့် တောထဲ၌ သုံး၊ လေးည ဖြစ်သလို အိပ်စက်ခဲ့ရကာ တောနက်ထဲ



လေလေ လူကို အန္တရာယ်ပြုမည့် သားရဲတိရိစ္ဆာန်များ ပိုများ လာလေလေကို သူရင်ဆိုင်ခဲ့ရသည်။

ဆာလောင်နေသည့် အမဲလိုက် ကျားတစ်ကောင်နှင့် ထိပ်တိုက်တိုးသဖြင့် မေတ္တာပွားပြီး ဖြေရှင်းခဲ့ရကြောင်း အသေးစိပ်ရေးထားပြီး ဂူသို့ သွားရင်း လမ်းပျောက်ကာ တောထဲ ဘဲဝဲလည်နေစဉ် မိန်းမပျိုတစ်ဦးနှင့် ဆုံတွေ့ခဲ့ရကြောင်း ရေးထား သည်။

ထိုမိန်းမပျိုမှာ ကုန္ဒေသိက္ခာအပြည့်နှင့် သူ့ထံ လျှောက် လှမ်းလာပြီး သစ်လွင်တောက်ပသော ဝတ်စုံကို ဆင်မြန်းထား သည်။

ရေအပြည့်ထည့်ထားသော ဗူးသီးခြောက်တစ်လုံးနှင့် သစ် သီးဝလံများ ပေးကာ ဂူသို့ အနီးစပ်ဆုံးရောက်နိုင်သည့် လမ်းကို ညွှန်ပြပေးခဲ့ပြန်သည်။

သူတော်စင်မှာ မျက်တောင်လည်းမခတ်၊ နေပူထဲ၌ အရိပ် မထွက်သည့် ထိုမိန်းမပျိုကို ရိပ်စားမိပြီး စုံစမ်းမေးမြန်းရာ "မယ်မင်းဖြူဖြူ"ဖြစ်ကြောင်းနှင့် သမင်လိုက်တောင်ကို စောင့် ရှောက်ကြောင်း ရှိသေစွာ ပြန်လည်ဖြေကြားသည်။

အမုန်းမြို့ကို စူးရှသော ကျိန်စာတိုက်လင့်ကစား သူတော် စင်များအား ကူညီစောင့်ရှောက်တတ်သော မယ်မင်းဖြူဖြူကို တွေ့ပြောဆို၊ တရားရေအေးတိုက်ကျွေးခဲ့သော် မယ်မင်းဖြူဖြူ လည်း ပါရမီရင့်သန်သော တစ်နေ့၌ လိုက်နာမည်ဖြစ်ကြောင်း ကတိဝတ်ပြုခဲ့ပြီး သူတော်စင်တောထဲ၌ ဒုက္ခရောက်ပါက

www.burmeseclassic.com



စိတ်ထဲကနေ တောင့်တလိုက်ပါ သူမ အရောက်လာခဲ့မည်ပြောကာ ပျောက်ကွယ်သွားကြောင်း ရေးသားထားသည်။

အင်း…ဒါကတော့ မယ်မင်းဖြူဖြူ အကြောင်းပေါ့…။

ဝန်ကြီး သတိုးသီဟရာဇာနှင့် ပက်သက်ပြီး သူတော်စင် ရေးသားထားသည်မှာလည်း အတော်ကလေးစိတ်ဝင်စားစရာ ကောင်းနေသည်။

သူတော်စင်သည် ဂူထဲ၌ အဓိဋ္ဌာန်ပြီးဆုံးသွားသော်၊ သမင် လိုက်တောင်တော်သခင်မ မယ်မင်းဖြူဖြူ၏ နတ်သမိုင်းကို အတော် အတန်စိတ်ဝင်စားသွားပြီး အမုန်းမြို့သို့ ခေတ္တရောက်ခိုက် စုံစမ်းရာ လူအများသိရှိပြီးဖြစ်သော ပဒေသရာဇ်ခေတ် မထင်မရှား မိဘုရား ငယ်တစ်ပါး၏ ဘဝဇာတ်ခုံနှင့်အတူ သူမကို မနာလိုမရှုစိတ်ပွား ကာ ကုန်းချောကွပ်မျက်ဖို့ နောက်ကွယ်က ကြိုးကိုင်လှုပ်ရှားခဲ့သူ မိဘုရားခေါင်ကြီး ရှင်ငွေစံ အကြောင်းပါသိခဲ့ရသည်။

ဒီအထိ လေးနက်အတွက် ဟနေသည့် ကွင်းဆက်များကို မဖော်ထုတ်နိုင်သေး…။ နောက်စာမျက်နှာများသို့ ရောက်တော့ မှ လေးနက် အသက်ရှုရပ်မတတ် ဖြစ်လာခဲ့ရသည်။ အကြောင်း မှာ ဝန်ကြီး သတိုးသီဟရာဇာအကြောင်းများ ထည့်သွင်းရေးသား ထားသောကြောင့်ဖြစ်၏။

ခေတ်အဆက်ဆက်၊ ဘုရင်အဆက်ဆက် အားထားကိုး ပင်ပြုရသည့် ဝန်ကြီးသတိုးသီဟရာဇာမှာ စာပေကျွမ်းကျင်နှံ့စပ် ပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံကြောင်း၊ တိုင်းပြည် ချောက်ချား ကျလုဆဲဆဲ အချိန်များ၌ သူ့အစွမ်းအစဖြင့် ကယ်တင်ပေးခဲ့သော



သာဓကများရှိကြောင်း သူတော်စင်က ရေးသားထားသည်။

နိုင်ငံရေး၊ သိပ္ပံ၊ ဂီတ၊ အင်းအိုင်ခလှဲ့၊ ဆေးပညာနှင့် သင်္ချာဘာသာရပ်တို့၌ စိတ်ဝင်တစား လိုက်စားမှုရှိပြီး မဇ္ဈိမဒေသ သို့ သွားရောက်ခဲ့ဖူးကြောင်း ဖတ်အပြီးမှာတော့ လေးနက်အတွက် ခေါင်းစားစရာတွေ အများကြီးဖြစ်လာခဲ့ရသည်။

မဇ္ဈိမဒေသနဲ့ သင်္ချာ….

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၅

''သင်္ချာ'' လို့ဆိုလိုက်တာနဲ့ လူတော်တော်များများ
သေးလ် (၆၄၀-၅၄၆ BC) ကို ပြေးသတိရကြသည်။ ပိုက်သ
ဂိုးရ (၅၈၂-၅၀၀၂ BC) ကိုပြေးမြင်ယောင်ကြမည်။

သူတို့ထက် ခြေတစ်လှမ်း ရှေ့ပိုရောက်ခဲ့ကြတဲ့ အိန္ဒိ
က ဟိန္ဒူလူမျိုးများနဲ့ ဂရိလူ့အဖွဲ့အစည်းရဲ့ သင်္ချာရေးရာများ
တော့ လူတော်တော်များများ မေ့လျော့နေကြလိမ့်မည် ထင်ပါသည်

သင်္ချာပညာရှင် ဒေါက်တာခရမ်းမားက သူ့ရဲ့ ကျမ်း
စောင်ထဲမှာ ဘီစီ ၆၀၀ မတိုင်ခင်ကတည်းက ဟိန္ဒူလူ့အဖွဲ့အစည်း
မှာ သင်္ချာဟာ ရေပန်းစားနေပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်
ပိုက်သဂိုးရသည်လည်းသေးလ်ရဲ့ တိုက်တွန်းမှုကြောင့် အီဂျစ်
ဘေဘီလုံ နိုင်ငံများသို့ ခြေဆန့်လေ့လာမှုများ ပြုလုပ်ခဲ့သလို အိန္ဒိ
ယအထိပါ ခရီးပေါက်ခဲ့ကြောင်း တချို့စာအုပ်တွေထဲမှာ ဖော်
ဖတ်သားဖူးခဲ့သည်။



သမိုင်းပညာရှင်တချို့ကမူ ပိုက်သဂိုးရအပေါ် အိန္ဒိယ ဒဿနက လွှမ်းမိုးမှုအပြည့်ရှိပြီး သူသင်ကြားပို့ချနေသည့် ဘာသာရေး၊ ဒဿနရေးရာ၊ သင်္ချာရေးရာ သဘောတရားအားလုံး ဘီစီ ခြောက်ရာစုကတည်းက အိန္ဒိယမှာ ရှိနှင့်ပြီးဖြစ်ကြောင်း ပါမောက္ခရော် သင်ဆင်ကလည်း ထောက်ပြခဲ့ဖူးပြန်သည်။

ကဲ…ကောင်းပြီ။

ဒါကတော့ လေးနက်သိထားသည့် အိန္ဒိယနိုင်ငံ ဟိန္ဒူ လူမျိုးတို့၏ သင်္ချာနှင့် ပက်သတ်သည့် သမိုင်းစဉ်လာကြီးမားမှု…။

အခု အမှန်းမြို့ရဲ့ အိမ်တိုင်းမှာ ကပ်ထားကြရတဲ့ အန္တရာယ် ကင်း အင်းပြားတွေ၊ မြို့အဝင်နားက (တစ်ခုခုကို ရည်ရွယ်ပြီး ဆောင်းမှုကုသိုလ်ပြုခဲ့ဟန်ရှိတဲ့)ဝန်ကြီးသတိုးသီဟရာဇာရဲ့ လက် ရှမ်းပြုမှုတွေနဲ့အတူ၊ သူတော်စင်တစ်ပါးရဲ့ ခရီးသွားမှတ်တမ်းအ ရ ဝန်ကြီးဟာ သချာ်ဘာသာရပ်ကို လိုက်စားပြီး အိန္ဒိယသို့ ကြာခဏသွားရောက်တတ်ကြောင်း ဖော်ပြမှုတွေက လေးနက် ကို တစ်စုံတစ်ရာတွေးခေါ်ဖို့ တွန်းပို့သွားခဲ့ပြန်သည်။

အဲဒါကတော့ ပဒေသရာဇ်တို့ရဲ့ ထုံးစံအတိုင်း မယ်မင်း မြို့ကို လူမဆန်စွာ ကွက်မျက်ပစ်ခဲ့ကြကြောင်း အားလုံးသိရှိ ပြီး ဖြစ်ပေမယ့်…

ကွယ်လွန်ပြီးတဲ့နောက်ပိုင်း မည်သို့မည်ပုံ ထပ်၍လူမဆန် စွာ စီမံခဲ့ကြသည်ကိုတော့ မည်သူမျှ မသိရှိနိုင်။

ဝန်ကြီးသတိုးသီဟရာဇာဟာ မြင့်မြတ်ဖြူစင်လှတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်လင့်ကစား မိဖုရားခေါင်ကြီး ရှင်ငွေစံထ

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်ယုတ်မာသည့် မိန်းမသားတစ်ဦးရော မဖြစ်နိုင်ဘူးလား…။

တွေးရင်း…တွေးရင်း အဖြေက ခုနစ်ဆယ်ရာခိုင်နှုန်းလောက် ထွက်လာသည်။

ဝန်ကြီးဟာ မိဖုရားခေါင်ကြီးကို နီးရာစား ကြောက်စရာ ရတဲ့ အခြေအနေတစ်ရပ်ထဲကျနောက်ပြီး၊ ပိပိရိရိ သေသေသပ်သပ်နဲ့ မိဖုရားခေါင်ကြီးအလိုကျ တစ်စုံတစ်ရာများ ဆောင်ရွက်ပေးခဲ့ရလေသေးသလား…။

ဦးနှောက်များ အရည်ပျော်မတတ်စဉ်းစားလိုက်ရသဖြင့် လေးနက် ကော်ဖီတစ်ခွက် ထဖျော်ကာ ပြတင်းတံခါးနား ကပ်ရင်း အိပ်မောကျနေတဲ့ အမုန်းမြို့ကလေးရဲ့ ညရှုခင်းကို ဦးနှောက်ဆေးတဲ့သဘောမျိုး ကြည့်နေမိသည်။

ညဥ့်လေအေးလေး တစ်ချက်အဝှေ့မှာ ယိမ်းနွဲ့နွဲ့လဆောင်းတွေ သယ်ယူလာတဲ့ ညမွှေးပန်းရနံ့နဲ့ တချို့ကြောင့် သျှရီကိုလည်း သူ လွမ်းနေမိသည်။

ကိုယ် ပြန်ဖို့ သိပ်မလိုတော့ဘူး…သျှရီ…။

အမုန်းမြို့လေးမှာ ဘယ်သူက ဘယ်သူ့ကိုမဆို လွတ်လွတ်လပ်လပ်ချစ်လို့ရနိုင်မယ့် အချစ်မြို့တစ်မြို့အဖြစ် ကိုယ်တတ်စွမ်းသလောက် အစွမ်းကုန် ကြိုးစားပေးသွားမှာဖြစ်ပေမယ့် မင်းနဲ့ကိုယ်ရဲ့ ဇာတ်လမ်းအဆုံးသတ်ကတော့ ကြေကွဲစရာပဲ ကောင်းနေမှာပါ…။

ကိုယ်လည်း ဘဝတစ်လျှောက်လုံး အမြဲတမ်းမဟုတ်



ဆောင် မင်းကို အချိန်တော်တော်များများ သတိရနေမှာပါ…။

ဪ…အမုန်းမြို့ကလေးရယ်…။

မင်းကို တစ်စုံတစ်ယောက်က မှော်တွေအပြည့်ထည့်ထားတဲ့ သေတ္တာတစ်လုံးအဖြစ် ဖန်တီးပစ်ခဲ့ပြီး သေသေချာချာသော့ခတ်ခဲ့တယ်ဆိုတာတော့ သေချာတယ်။

အဲဒီသော့ကိုလည်း အဲဒီတစ်စုံတစ်ယောက်ကပဲ ပီပီပြင်ပြင်ဖွင့်ပေးနိုင်မယ့်သူတစ်ယောက်ကို ရည်ရွယ်ပြီး နည်းအမျိုးမျိုးနဲ့ သဲလွန်စပေးခဲ့ သိမ်းဆည်းခဲ့တယ်။

ဝန်ကြီးသတိုးသီဟရာဇာ ပေးချင်နေတဲ့ message တွေကို ကိုယ်သိနေတယ်။

သော့…။

အဲဒီသော့ကလေး အခုဘယ်မှာလဲ…။

မြေကြီးထဲမှာလား…ကောင်းကင်ပေါ်မှာလား…။

သေတ္တာကလေးကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖွင့်ပေးပြီးတော့မှ အဲဒီသော့ကလေးက ကိုယ့်ဆီရောက်လာမလား…။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်မပြန်ခင် အမုန်းမြို့သူမြို့သားတွေ ကျေနပ်လောက်တဲ့အထိ ကိုယ်ရှင်းပြခဲ့ရဦးမည်…။

မှော်သေတ္တာနဲ့ သူ့ကို ဖွင့်လို့ရနိုင်မယ့် သော့တစ်ချောင်းတို့ကို….။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၆

ကိုယ်လုပ်ချင်ရာတွေ လျှောက်လုပ်ပြီး မိဘ၊ ဆွေမျိုး အပေါင်းအသင်းများနှင့် ဆယ်ရက်ကျော်ကျော်လောက် အဆက်အသွယ်ပြတ်နေပြီးကာမှ ဒီနေ့တော့ ထော်လာဂျီတစ်စီးနဲ့ ကားကြုံလိုက်လာရင်း အမုန်းမြို့ထက် ပိုမိုခေတ်မီတဲ့ ဒီဘက်မြို့ကလေးဆီ သူရောက်လာခဲ့သည်။

ဟမ်းဖုန်းကို ပါဝါဖွင့်ဖွင့်ချင်း message တွေက တစ်ဒိုင်းဒိုင်းဝင်လာသည်။

အိမ်က၊ နောက်ပြီးတော့ ဟိန်းထက်သူနဲ့ဖြိုးဝေအောင်တို့ဆီက . . .။

ပေးပို့တဲ့ ရက်စွဲတွေကိုဖတ်လိုက်တော့ အမုန်းမြို့ကို သူစရောက်ခဲ့တဲ့နေ့ကစပြီး မနေ့ကအထိ ပျက်ရက်မရှိ ပေးပို့ထားတာတွေ့ရတဲ့အတွက် စိတ်အပူလွန်နေတဲ့ မိဘတွေဆီကို ဖုန်းဆက်ဖို့ သိုင်းဝတ္ထုတွေထဲကလို ကီတစ်ချက်သွင်း လိုက်ရသည်။

ကံကောင်းထောက်မစွာနှင့် ဖုန်းစတင်ကိုင်သူမှာ မေမေ



ဖြစ်နေ၍ တော်သေးတယ်။ ယောက်ျား ယောက်ျားချင်းမို့ လူငယ်တစ်ယောက်ရဲ့ ထင်ရာစိုင်းတတ်တဲ့အကျင့်ကို ဖေဖေ ကိုယ်ချင်းစာနိုင်သော်လည်း မေမေနဲ့ဖုန်းအပြောမှာတော့ နားတွေအူတက်လာသဖြင့် ဖုန်းနှင့်နားရွက်ကို နှစ်လက်မလောက် ခွာလိုက်ရသည်။

“မဖြစ်ဘူး . . မဖြစ်ဘူး . . ဒီပုံစံအတိုင်းဆို မင်းကိုခြေငြိမ်သွားအောင် သူသူအောင့်သမီး ဇင်သူငြိမ်းနဲ့ နားဖောက်တော့မှ”

ဆိုတာလည်း ပါလိုက်သေးသည်။

ဘာတွေမှန်းလည်းမသိ ရုပ်ရှင်ဗီဒီယိုအထဲက ဒိုင်တွေအတိုင်းပင် . . .။

“သားဒီတစ်ပတ်ထဲ ရောက်အောင်ပြန်လာခဲ့မယ် မေမေ” လို့ပြောပြီး ဖုန်းချကာ ဟိန်းထက်သူနှင့် ဖြိုးဝေအောင်ဆီ ဖုန်းခေါ်လိုက်တော့ ဟိုက သရဲအခြောက်ခံရမတတ် ထခုန်ကြသည်။ (ကိုယ်ကတော့ သူတို့ကို မမြင် သို့သော် ထခုန်သွားကြသည်လို့တော့ ထင်ပါသည်)

“ဟကောင်တွေ . . . သီချင်းသံတွေကြားတယ် . . မင်းတို့ဘယ်ရောက်နေကြတာတုန်း”

“အဲဒါ မင်းကိုမေးရမှာဟ . . . အခု မင်းဘယ်ရောက်နေလဲ . . .”

“ငါလား . . . အဟဲ . . . အမုန်းမြို့နဲ့ ၁၅မိုင်လောက်ရှိတဲ့ မြို့တစ်မြို့ကို ရောက်နေတယ်”

“နေစမ်းပါဦး . . မင်းကို ငါတို့မသိလို့ မေးစမ်းပါရစေ

www.burmeseclassic.com

www.burmeseclassic.com



ဦး··ငါတို့ဖုန်းဆက်တိုင်း မင်းဖုန်းပိတ်ထားတယ်နော်··အဲဒါ ဘာဖြစ်လို့လဲ···။ နောက်ပြီး မင်း ငါတို့ကိုလည်း ဖုန်းမခေါ်ဘူး။ အခုခေတ်မှာ ဖုန်းမရှိတဲ့မြို့တော့ ရှိနိုင်မယ်မထင်ပါဘူးကွာ···"

"အမုန်းမြို့မှာ လိုင်းဖုန်းတော့ရှိတယ်ဟေ့···ဒါပေမဲ့ ဟန်းဖုန်းကျတော့ ရေိယာမမိဘူး···။ ငါလည်း ငါပြောတဲ့စကားဘေးလူ မကြားစေချင်တာနဲ့ ဒီနေ့တော့ အမုန်းမြို့ကနေ ၁၅မိုင်လောက်ဝေးတဲ့ မြို့တက်ပြီး မင်းတို့ဆီ ဖုန်းဆက်တာ"

"နေဦး···နေဦး ဟေ့ကောင်···ငါတို့မေးတာ ဖြေဦး··အဲဒီ အမုန်းမြို့ဆိုတာ တကယ်ရောရှိလား···"

"ရှိတာပေါ့ကွ···ရှိလို့ငါ ဆယ်ရက်လောက်တောင် အခန်းငှားပြီး နေနေပြီပဲ···"

"မင်းတော့ တကယ်ချီးကျူးတယ်။ ရှိလား မရှိလား မသိဘဲ ဘုရားပေါ်မှာ နေကသိုဏ်းရှုနေတဲ့ အဖိုးကြီးပေးသွားတဲ့ မြေပုံစာရွက်ကိုင်ပြီးလည်း တစ်ယောက်တည်းသွားရဲတယ်"

"အဲလိုတော့ မဟုတ်ဘူးကွ···ပါရဂူဘွဲ့အတွက် ငါ သုတေသနစာတမ်းပြုစုနေတာ မင်းတို့လည်း အသိပဲ···။ ငါ အမုန်းမြို့ကိုရောက်ခဲ့တဲ့ အကြောင်းပြချက်ထဲမှာ အဲဒီကိစ္စက အဓိကပါတာပေါ့ကွာ။ လူငယ်သဘာဝ စတန့်ထွင်ပြီးရောက်လာတာတော့ မဟုတ်ဘူး။ သူများမြို့ရွာမှာ ကိုယ်တစ်ယောက်တည်း ခြေတစ်လှမ်းမှားသွားတာနဲ့ ဘာမဆိုအကုန်ဖြစ်နိုင်တယ်···"

"အေး··ဒါကြောင့်လည်း ကျောင်းမှာ လေးနက်ဆိုပြီး နာမည်တွေ ကြီးနေတာပေါ့···ဘယ်လိုလည်း ဟိတ်ကောင်···



အမုန်းမြို့ဟာ တကယ်ပဲ သခင်မရဲ့ကျိန်စာသင့်နေတဲ့ မြို့တစ်မြို့လား"

"ဟုတ်တယ်···"

"ဟင်···"

"မင်းတို့ထင်ထားတာထက်တောင် အခြေအနေတွေက ခက်ခဲသိမ်မွေ့သေးတယ်··"

"ဟုတ်လား··ငါတို့ကိုလည်း ရှင်းပြပါဦး··"

"ရှင်းပြဖို့ အချိန်မရှိဘူး···ဒီကိစ္စကို ငါမြန်မြန်အပြတ်ဖြတ်တော့မှာ··နောက်ပြီး ငါဖုန်းဆက်စရာလည်း ကျန်သေးတယ်"

"ဟုတ်လား···ဘယ်သူ့ဆီလဲ···"

"အရှေ့တိုင်းဘာသာက နေမင်းမောင်ဆီကိုပေါ့··ငါ အခု ပေပုရပိုက်တစ်ခုရထားတယ်။ ဘာဘာသာနဲ့ရေးထားမှန်းတော့ မသိဘူး··ပျူ၊ မွန်၊ ပါဠိ၊ သက္ကတ တစ်ခုခုဖြစ်မှာပေါ့ကွာ··အဲဒါ သူ့ဆီကို ချောပို့နဲ့ အဲဒီပေပုရပိုက်ကလေး ပို့ပြီး မြန်မာလိုဘာသာပြန်ခိုင်းမလို့ဟေ···"

"နေပါဦး ဒီကောင်က ဒီလောက်စွမ်းပါ့မလား"

"ငါတို့ထက်စာရင် ပိုနီးစပ်တာပေါ့··သူ့ဘာသာ ပြန်မပေးနိုင်လဲ အရှေ့တိုင်းဘာသာတို့၊ ရှေးဟောင်းသုတေသနတို့က ဆရာကြီးတွေနဲ့ သူ ဆက်သွယ်ပေးနိုင်တာပေါ့··"

"ငါတို့တောင် အဲဒီ ပေပုရပိုက်ကို ကြည့်ချင်လာပြီ··မင်းက ဘယ်ကရလာတာလည်း ···"

"အမုန်းမြို့အဝင် ဇရပ်ပျက်မှာနေတဲ့ သူတောင်းစားအဖိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်ဆီက…”

သူ့စကားကြောင့် နှစ်ကောင်စလုံးတွန့်သွားကြသည် ထင်ပါသည်။

“မင်းတော့ ဂျိုန်း(စ်)ဘွန်းဖြစ်နေပြီနဲ့တူတယ်။ ဇာတ်လိုက်မင်းသမီး ချောချောလေးရော မတွေ့မိဘူးလား…”

“အေး..တွေ့တော့တွေ့တယ်..အဟဲ…”

အဲလိုပြောပြီး ဘာရယ်မဟုတ် ရီးသားဖြူစင်လှတဲ့ သူ့ရီကို ပြေးမြင်ယောင်မိပြန်သည်။

“ဟိတ်ကောင်..ဟိတ်ကောင်..အဲဒီကိစ္စတော့ မလွှဲနဲ့ အခု ချက်ချင်းပြော… အခု ချက်ချင်းပြော…”

“မြို့ပြက အကောင်းစားရေမွှေးနံ့တွေနဲ့ လူကို ခေါင်းကိုက်အောင်လုပ်တဲ့ မိန်းကလေးမျိုးတော့ မဟုတ်ဘူးကွ..သူဟာ သူ့ တောရွာမှာ သနပ်ခါးနံ့မွှေးမွှေးလေးနဲ့ အေးရာအေးကြောင်းနေတဲ့ ကောင်မလေးတစ်ယောက်ဘဲ..”

“ဟာ..ဒိုင်တွေက လန်းလှချည်လား..ငါတို့တောင် လာကြည့်ချင်လာပြီ..ဆက်ပြော ဟိတ်ကောင်..ဆက်ပြော…”

“ငါ့မှာ တကယ်အချိန်မရှိလို့ပါကွာ နေမင်းမောင်ဆီ ဖုန်းဆက်ပြီးရင် ငါ အင်တာနက်လည်း သုံးရဦးမယ်..”

“ဟာကွာ…မင်းကလည်း ..ဈေးကိုင်လိုက်တာ အရမ်းပဲ…”

“မဟုတ်ဘူး သူငယ်ချင်း..မင်းတို့ဘာမှမသိဘူး..အမုန်းမြို့ကို ငါတတ်နိုင်သလောက် အမြန်ဆုံး ကျိန်စာအောက်ကကယ်တင်ပစ်လိုက်ချင်ပြီကွာ…ငါ့မှာ သဲလွန်စတွေ တော်တော်



များများရထားတယ်။ အဖြေထုတ်ဖို့ ၃၀ရာခိုင်နှုန်းလောက်ပဲ ကျန်တော့တာ..ငါပြန်လာတော့ အားလုံးရှင်းပြပါ့မယ်…”

“အေးပါ..ဟုတ်ပါပြီ..ဒါနဲ့..ဟိတ်ကောင်..အဟဲ..မေးရမှာတော့ ခပ်ကြောက်ကြောက်ပဲ…မင်း..မင်းလေ..ဟို…ဟို…သခင်မနဲ့..တွေ့ပြီပြီးလား…”

“အေး..သခင်မ မယ်မင်းဖြူဖြူရော..သခင် မဟုတ်ကြတဲ့ မောင်မင်းမဲမဲတွေရော ငါ အကုန်တွေ့ထားတယ်…။ ဒုက္ခရောက်တဲ့နေရာတိုင်းမှာ..တောကြောင်တွေ လက်ခမောင်းခတ်တတ် ကြစမြဲပဲ..ငါ့ကောင်တို့ရေ…ဒီတော့ အယူတိမ်းပြီးနတ်စိမ်းဖြစ်နေတဲ့သူကိုလည်း ပြန်လွှတ်ပေးရမယ်။ နတ်အားကိုးနဲ့ မိုက်နေကြတဲ့ လူညစ်တွေကိုလည်း ထောင်ထဲပို့ရမယ်…ကဲ…အချိန်မရှိဘူး…တာ့…တာ…”

“အောင်မာ..ပြောသွားတာ ဆရာကြီးကျနေတာပဲ…”

သူတို့ဟာ သူတို့ ပြောချင်ရာပြော..။

ကိုယ်ကတော့ အဲဒီလိုပြောပြီး ဖုန်းကို ခွပ်ခနဲပိတ်ပစ်လိုက်သည်။

ပြီးတော့ နေမင်းမောင်ဆီ ဖုန်းခေါ်ရသည်။ တစ်ဖက်က လိုလိုချင်ချင်ရှိသဖြင့် ပေပုရပိုက်ကလေးကို ချောပို့ကတစ်ဆင့် ပေးပို့လိုက်မည်ဟု ပြောကာ အမုန်းမြို့က နေဝန်းနီတည်းခိုခန်းလိပ်စာကို ပေးခဲ့သည်။

အားလုံးပြီးစီးသွားတော့ အင်တာနက်ဆိုင်တစ်ဆိုင်ရှိရာသို့ သူရောက်လာခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com


## အခန်း - ၂၇

နည်းပညာအချက်အလက် တော်တော်များများ ရှာဖွေလို့ရတဲ့ ဝက်ဘ်ဆိုက်တွေကတစ်ဆင့် cabalistic square လို့ ရိုက်ကြည့်လိုက်တာနဲ့ ကမ္ဘာ့အထင်ကရ မှော်၊ အောက်လမ်းပညာတွေ၊ အင်းအိုင်၊ ခလှဲ့ဂမ္ဘီရ ဖြစ်ရပ်ဆန်းတွေရဲ့ Data တွေ ကျ လာသည်။

website တော်တော်များများကတော့ ဖတ်ချင်စရာ လေ့ လာချင်စရာတွေပင်။

'အချိန်' ကို ငဲ့ကွက်ပြီး ကမ္ဘာ့အထင်ကရ အင်းကွက် အင်းပြားအစီအရင်များကိုသာ လေးနက် တစ်ခုပြီးတစ်ခု ကြည့်ရှု လာစဉ် ထူးဆန်းသော ပုံလေးတစ်ပုံကို ယခုကဲ့သို့ တွေ့မြင်လိုက် ရသည်။





လိုရှုအင်းပြားဆိုပါလား...။

တရုတ်ရိုးရာ အန္တရာယ်ကင်း အင်းပြားတစ်ပြားဖြစ်ပြီး ဘီစီ ၁၀၀၀ခန့်တုန်းက ပါမြူးတေးရှင်း တရုတ်ရှေးဟောင်းကျမ်း တစ်စောင်မှ ထိုအင်းပြားအကြောင်း သိရှိခဲ့ရသည်ဟု ဝက်ဘ်ဆိုဒ်ကဆိုထားသည်။

အင်းပြားသမိုင်းကြောင်းမှာလည်း ဒဏ္ဍာရီဆန်ဆန်နှင့် ထူးခြားအံ့သြဖွယ်ကောင်းလှပါသည်။

ဒီလိုပါ...

လွန်ခဲ့တဲ့ နှစ်ပေါင်း လေးထောင်(၂၂၀၅-၂၁၉၈ဘီစီ)ခန့် တုန်းက တရုတ်ပြည်မှာ တာယုဘုရင်စိုးစံပြီး တစ်ရက်မှာတော့ ဝမ်ဟိုမြစ်ကမ်းနားမှာ ထူးဆန်းတဲ့ လိပ်တစ်ကောင်ကို တွေ့ရှိခဲ့သတဲ့...။

ဘုရင်ကလည်း လေးနက်လိုပဲ ကိုယ်နဲ့ဆိုင်ဆိုင် မဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင် စပ်စုစိန့်လုပ်တတ်ပုံရပါတယ်။ ဒါနဲ့ မင်းချင်းတွေကို လိပ်ဖမ်းခိုင်းပြီး လိပ်ကျောပေါ်က ထူးဆန်းတဲ့အစက်အပျောက်တွေကို ကြည့်ရှုစစ်ဆေးကြည့်လိုက်တော့ အပေါ်က ပုံအတိုင်းတွေ့ရသတဲ့…။

အကွက်ကြီးကိုးကွက်ထဲမှာ အရေအတွက် မတူတဲ့အစက်အပျောက်တွေ…

အကွက်တွေထဲမှာရှိတဲ့…အစက်အပျောက်တွေကို အလျားလိုက်ဖြစ်ဖြစ်၊ ဒေါင်လိုက်ဖြစ်ဖြစ် ဒေါင့်ဖြတ်အတိုင်းဖြစ်ဖြစ် ပေါင်းကြည့်လိုက်ရင် ဆယ့်ငါး(၁၅)စက်ဆီ ရှိသတဲ့…။

(၁၅လို့ ဖတ်လိုက်ရတာနဲ့…လေးနက်တစ်ကိုယ်လုံး မတ်ကနဲဖြစ်သွားပြီး အမုန်းမြို့ရဲ့အိမ်တိုင်းမှာ ဆောင်ထားတဲ့ အင်းပြားကိုပင် ဖြတ်ကနဲမြင်ယောင်လိုက်မိသေးသည်…)

ဘုရင်နဲ့မှူးမတ်သေနာပတိတွေကလည်း ဂမ္ဘီရကို ယုံကြည်သူများပီပီ အကွက်ကိုးကွက်ဆီတိုင်းမှာ စုံကိန်းမကိန်းတွေ ဟန်ချက်ညီညီ ပါနေတဲ့အတွက် အဓိပ္ပာယ်တစ်စုံတစ်ရာရှိရမယ်လို့ ယုံကြည်သွားကြပြီး…စွမ်းအင်သတ္တိနဲ့ ပြည့်စုံတဲ့သင်္ကေတအဖြစ်နဲ့ လက်ခံခဲ့ကြတယ်တဲ့…။

နောင်အခါမှာတော့ တရုတ်လူမျိုးတွေဟာ အဲဒီသင်္ကေတထဲက ဂဏန်းအရေအတွက်တွေကို အင်းပြားအဖြစ် ရေးချခဲ့ကြပြီး “လိုရှု”အမည်နဲ့ အိမ်အဝင်ဝတွေမှာ တစ္ဆေ၊ သရဲတွေ မဝင်ရောက်နိုင်ဖို့ ထားရှိခဲ့ကြတာ ယနေ့အထိပါပဲတဲ့…။

အင်တာနက်ထဲက သတင်းအချက်အလက်တွေကို ဖတ်



ပြီးသွားချိန်မှာတော့ လေးနက်အတွက် စဉ်းစားစရာတွေ ဖြစ်လာသည်။

လိပ်ရဲ့ကျောကုန်းမှာရှိတဲ့ အစက်အပျောက်တွေကို ဂဏန်းအဖြစ်နဲ့ ချရေးကြည့်လိုက်တော့ အခုလိုရလာသည်။

| | | |
|---|---|---|
| 8 | 3 | 4 |
| 1 | 5 | 9 |
| 6 | 7 | 2 |

ကောင်းပြီ…

အဲဒီအင်းကွက်ကို နာရီလက်တံ ပြောင်းပြန်ရွှေ့သလို အနည်းငယ် ရွှေ့ကြည့်လိုက်ပါက အမုန်းမြို့ရဲ့အိမ်တိုင်းက နံဖူးစီးမှာကပ်ထားတဲ့ အင်းပြားအတိုင်း အတိအကျရလာပြန်သည်။

| | | |
|---|---|---|
| 8 | 3 | 4 |
| 1 | 5 | 9 |
| 6 | 7 | 2 |

=

| | | |
|---|---|---|
| 4 | 9 | 2 |
| 3 | 5 | 7 |
| 8 | 1 | 6 |

အိုကေ‥

လုံးဝသေချာသွားပြီ…။

အမုန်းမြို့ရဲ့အိမ်တိုင်းမှာ ကပ်ထားတဲ့အင်းပြားဟာ ကျွ

www.burmeseclassic.com

www.burmeseclassic.com



ကျော် လိုရှုအင်းပြားကလွဲပြီး တခြားဘယ်အင်းပြားကမှ မဖြစ်နိုင်…။

ဒါဆိုရင် စဉ်းစားရမှာတစ်ခုက အခုခေတ်ကိုရောက်တဲ့အထိ ခေတ်ပညာတတ်ပုဂ္ဂိုလ် မရှိသလောက်နည်းပါးလှတဲ့ အမုန်းမြို့ကို ဘယ်သူက အဲဒီကမ္ဘာကျော်အင်းပြားကြီး သယ်ချလာလေသလဲ?

လေးနက်မျက်လုံးထဲမှာတော့ သချာ်ပညာကို စိတ်ဝင်စားပြီး မန္တလေးအထိ ခရီးဆက်ခဲ့ဘူးတဲ့ ဝန်ကြီးသတိုးသီဟရာဇာကို ဖျတ်ကနဲမြင်ယောင်လာမိသည်။

သိမ်မွေ့နက်နဲလှတဲ့ ပြ ဿနာရဲ့အဖြေက တဖြည်းဖြည်းနဲ့ ပေါ်လုပေါ်ခင်ဖြစ်လာတာမို့…လေးနက် ရင်တွေခုန်လာပြီး အသက်ရှူမြန်လာသည်…။

ကောင်းပြီ…။

ဦးနှောက်ကို ထပ်အလုပ်ပေးပြီး…စဉ်းစားကြည့်မယ်ဆိုရင် ဝန်ကြီးသတိုးသီဟရာဇာဟာ ဒီအင်းပြားတွေကို ဘယ်သူ မြင်ပြီး သတိထားမိအောင် ထင်သာမြင်သာရှိတဲ့နေရာတွေမှာ ကပ်နိုင်းခဲ့ရတာလဲ?

နောင်အနာဂတ်ကို မျှော်ရည်ပြီး အမုန်းမြို့ရဲ့ကျိန်စာတွေကို ပျက်ပြယ်သွားအောင် ကူညီဖြေရှင်းပေးနိုင်မယ့် ခေတ်ပညာတတ်လူငယ်တစ်ဦးဦးကို ချိန်ရွယ်ပြီး အတိတ်စိမ်းပေးသွားတဲ့ သဘောများလား?

အိုး…။



စိတ်လှုပ်ရှားစရာကောင်းလိုက်တာ…။

အိုကေ…။

ဒီလိုဆိုရင်…မြို့အဝင်ဝက ဝန်ကြီးသတိုးသီဟရာဇာရဲ့ ကောင်းမှုအဝန်းအဝိုင်းကြီးနဲ့ ပြန်လည်ချိန်ထိုးစဉ်းစားကြည့်ကျ ရအောင်…။

ကျောပိုးအိတ်ထဲကနေ အမုန်းမြို့မှတ်စုစာအုပ်အမဲလေးကို ရှာတော့ မတွေ့ မနက်က လောလော…လောလော…ထွက်လာခဲ့တာမို့ တည်းခိုခန်းမှာ ကျန်ရစ်ခဲ့ပြီနဲ့တူပါရဲ့…။

လေးနက် ကိုယ့်ကိုယ်ကိုယ် ပျစ်ပျစ်နှစ်နှစ်ကျိန်ဆဲရင်း Log out လုပ်ကာ အင်တာနက်ဆိုင်ထဲက ထွက်လာခဲ့သည်။

ဒီနေ့ မြို့ပေါ်တက်လာခဲ့တာ ဆက်စပ်လို့မရတဲ့ ကွင်းဆက်တချို့တော့ ရလာခဲ့ပြီ။ အပြင်ရောက်တော့ မွန်းလွဲနေက အပူသိပ်မပြင်းတော့…။

မဖြစ်…ထော်လာဂျီကြုံစောင့်ပြီး…အမုန်းမြို့ကို ပြန်ရလိမ့်မည်…။

တော်ကြာ ဆယ်ငါးမိုင်စာလောက် လမ်းလျှောက်နေရမှ ဟုတ်ပေ့ဖြစ်နေဦးမည်…။

ဒါမှမဟုတ်လဲ မယ်မင်းဖြူဖြူက ကရော်ကရော် လုပ်နေဦးမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၀

"ဟာ…"

တည်းခိုခန်းပြန်ရောက်သည်နှင့် သူ အတော်ကလေး ဒေါပွသွားရချေသည်။ အကြောင်းမှာ တစ်စုံတစ်ယောက်က သူ့အခန်းကို ဝင်မွှေသွားပုံရပြီး သူ့အဝတ်အစားအသုံးအဆောင် ပစ္စည်းတွေအားလုံး ဖရိုဖရဲ အရှုပ်ရှုပ်အပွပွဖြစ်နေသည်။

ဒါကတော့ မယ်မင်းဖြူဖြူလက်ချက်မဖြစ်နိုင်…။

မောင်မင်းမဲမဲတွေ လက်စွမ်းပြသွားတာဖြစ်နိုင်သည်…။

တောက်…,

ဟု မန်နေဂျာ ဦးအေးမောင်၊ သူ့တည်းခိုခန်းထဲဝင်ပြီး စိတ်တိုင်းကျ မွှေသွားတာတောင် ဘာမှ သိလိုက်ပုံ မပေါ်။ သူ့ ပုခိုး လှန်မသွားတာပဲ တော်တော်ချေသေးသည်။

မဖြစ်…အဲဒီလူကို ခေါ်ပြီး ကောဦးမှပဲ…။

ကောင်တာသွားပြီး အကျိုးကြောင်းပြောကာ သူ့အခန်း



သို့ ဦးအေးမောင်ကို ခေါ်လာတော့ ဟိုက မျက်စိပျက်မျက်နှာပျက်

"ခင်ဗျားတို့ဗျာ…ကိုယ့်တည်းခိုခန်းထဲ ဝင်ပြီး မွှေသွားတာတောင် ဘာမှ မသိလိုက်ကြဘူးလား‥ဘယ်မှာလဲ‥ကျွန်တော်တို့လို တည်းခိုသူတွေရဲ့ အသက်အန္တရာယ်လုံခြုံရေးဆိုတာ ကျွန်တော်တို့က လေးဘက်လေးတန် အကာအရံမရှိတဲ့ ဇရပ်ပေါ် တက်နေနေတာမဟုတ်ဘူးနော်…။ အခကြေးငွေပေးပြီး တည်းခိုခန်းမှာ လာတည်းနေတာ…ဒီတော့ ခင်ဗျားတို့ လုံခြုံရေးကို နှစ်ဆတိုးပြီး ဂရုစိုက်ပါ…။

"မဟုတ်ဘူး‥အဲလိုမဟုတ်ဘူး‥"

"ဘာ မဟုတ်တာလဲ‥"

"မင်းအခန်းကို ဝင်မွှေရအောင် ငါကောင်တာမှာ အချိန်ပြည့်ရှိနေတာပဲ‥။ ဘယ်လူစိမ်းမှ ငါတို့ တည်းခိုခန်းထဲကို ရောက်မလာဘူး‥"

"ခင်ဗျား ကြီးဒေါ်ကြီးတည့်မှပဲ‥အလစ်သမားက တည်းခိုခန်းရဲ့ ဓည့်ကြိုကောင်တာကနေ ဖြတ်ပြီး ဝင်ပါ့မယ်လို့ ခင်ဗျားကို ကတိပေးထားလို့လား…"

"မဟုတ်သေးဘူးနော်‥ကောင်လေး‥။ ဒီလိုကိစ္စမျိုး ငါတို့ တည်းခိုခန်းမှာ တစ်ခါမှ မဖြစ်ဖူးသေးဘူး‥အခုဟာက သိပ်ကိုထူးဆန်းနေပြီ‥"

"ခင်ဗျားက ဘာကိုဆိုလိုချင်တာလဲ‥"

"ငါတို့ မြို့မှာ သခင်မကို ဘယ်သူကမှ မစပ်စုရဲကြဘူး မင်းသာ တစ်မြို့တစ်ရွာကနေ ရောက်ချလာပြီး စပ်စပ်စုစုတွေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ..”

“ဒီတော့...”

“သခင်မ..မင်းကို လက်စွမ်းပြနေပြီနဲ့တူတယ်.. အမလေး..”

အဲလိုပြောပြီး ခပ်ညစ်ညစ် နံရံတစ်ချပ်မှာ သန့်စင်စွာ ရုပ်ပုံလွှာ ပေါ်နေတဲ့ သခင်မပုံတူကို မြင်သွားပြီး ဦးအေးမောင် တွန့်ကနဲ ဖြစ်သွားရပြန်သည်။

“ဒါ..ဒါကြီးက..”

“အဲဒါလည်း ခင်ဗျားတို့ပဲ မေးရမှာပဲ...။ ဒီပုံကြီးက ဘာဖြစ်လို့ ဒီမှာ လာပေါ်နေရတာတုန်း...”

“ဟကောင်ရ...မင်းကို သခင်မအစွမ်းပြနေတာ ဒါလေးတောင် မသိဘူးလား...”

“အဓိပ္ပာယ်မရှိတာ...။ ခင်ဗျားတို့ကလဲ ထစ်ကနဲဆို သခင်မ လွှဲချပစ်လိုက်ကြတာပဲ... ဒီတစ်ခန်းလုံးကို ဝင်မွှေသွားတာ ကျွန်တော် မှတ်စုစာအုပ်တစ်အုပ်ပျောက်သွားတယ်ဗျ...။ အဲဒီကိစ္စ ခင်ဗျား ဘယ့်လိုလုပ်ပေးမလဲ...”

“မင်း ဒီတည်းခိုခန်းကနေ ထွက်သွားလိုက်တာ အကောင်းဆုံးပဲ...။ ငါတို့လည်း မင်းဆီက ရတဲ့ပိုက်ဆံနဲ့ အန္တရာယ်ကို လက်ယပ်ခေါ်နေရတာနဲ့ မကာမိဘူး... ဒါကြောင့် အခန်းပဲ အပ်ဖို့ လုပ်လိုက်တော့ ကောင်လေး...”

“ဒီမှာ...ပြစ်မှု တစ်စုံတစ်ရာမရှိဘဲနဲ့ ကိုယ့်တည်းခိုခန်းမှာ လာတည်းနေတဲ့ သူကို အခုလို မောင်းထုတ်တယ်ဆိုတာ ဥပဒေ



နဲ့ ငြိစွန်းတယ်နော်...ရဲစခန်းသွားပြီး ကျွန်တော် အမှုဖွင့်လိုက်ရမလား...”

“ဟာကွာ...မင်းတော်တော်ရစ်တဲ့ ကောင်ပဲ...။ ကဲပါ...။ ရဲစခန်းတော့ သွား အမှုမဖွင့်ပါနဲ့ ကျေးဇူးရှင်ရယ်... နော်...။ ပျော်သလိုသာ စံမြန်းတော်မူပါ...ပျော်သလိုသာ စံမြန်းတော်မူပါ...။ အခုလို လူလက်ချက်လား၊ နတ်လက်ချက်လား... အဲ...အဲလေ...ခွင့်လွှတ်တော်မူပါ...သခင်မရယ်...အဲဒီကိစ္စအတွက် ငါတို့ ဘယ်လို ဖြေရှင်းပေးရမလဲ...”

“အရင်ကထက် လုံခြုံရေးကို နှစ်ဆပိုပြီး ဂရုစိုက်ပါ... ကဲ...ဒါပဲ...သွားတော့...”

ဦးအေးမောင်က သူ့ကို ဘောက်ဆတ်ဘောက်ဆတ် ကြည့်ပြီး ထွက်သွားသည်။ သူ့ခင်မျာလည်း ဖြပ္ပာဦးခေါင်း ပိုက်ထားသလို ဖြစ်နေပုံရ၏။

နှင်ထုတ်တော့လည်း ဆင်းမသွား၊ အရုပ်တွေမျိုးစုံကို သူ့တည်းခိုခန်းပေါ် သယ်လာတဲ့အတွက် အတော်လေး စိတ်လေနေပုံရသည်။

ဟင်း...။

သူ သက်ပြင်းသဲ့သဲ့ ချလိုက်ရင်း ပွစာကျဲနေသည့် သူ့ပစ္စည်းများကို နေရာတကျ ပြန်လည် ထားရှိနေ၏။

ဟုတ်တယ်...

ဘယ်ပစ္စည်းမှ မပျောက်...။

အမှန်းမြို့နဲ့ ပက်သက်တဲ့ သဲလွန်စတွေ၊ မှင်နီနဲ့ ကြယ်သုံး

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပြ စာရင်းတွေ၊ ပုံကြမ်းတွေ ဆွဲထားတဲ့ မှတ်စု စာအုပ်ကလေး တစ်အုပ်သာ ပျောက်သွားသည်။

အခုလောက်ဆို သူ သတိကြီးကြီး ထားနေမိတဲ့ လူပုဂ္ဂိုလ်များကလည်း သူ့ကို သတိကြီးကြီး ထားနေလောက်ပြီ။

အစစ အရာရာ သတိ၊ ဝီရိယ နှင့် ဆင်ဆင်ခြင်ခြင် ဝိပိရိရိ လုပ်ရတော့မည်။

နို့မို့ဆို သူများ မြို့ရွာမှာ ခြေတစ်လှမ်း မှားလိုက်သည်နှင့် အသက်ပင် ပါသွားလောက်သည်။

ပြဿနာကလည်း ဒီလောက်နဲ့ ပြီးဆုံးသွားမှာ မဟုတ်…။ အမုန်းမြို့ကိုလာသောင်းကျန်းနေတဲ့ လူရမ်းကားတစ်ယောက်၊ သခင်မ ကျိန်စာသင့်သွားပြီ ဆိုတဲ့ ကျော်မကောင်းကြားမကောင်း သတင်းက ထွက်လာလိမ့်ဦးမည်။

ကဲ…ဒါတွေအသာထား…။

အမုန်းမြို့ မှတ်စုစာအုပ် ပျောက်သွားတော့လည်း ဘာအရေးလဲ…။

အဲဒီ အထဲက အချက်အလက်တွေ အားလုံး အလွတ်နီးပါး ရနေတာပဲ…။

မြို့အဝင်ဝက သတိုးသီဟရာဇာရဲ့ ကောင်းမှုအဝန်းအဝိုင်းနဲ့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း လေးထောင်ကျော်တုန်းက လိပ်တစ်ကောင်ရဲ့ ကျောကုန်းပုံသဏ္ဍာန်ကို နှိုင်းယှဉ်ကြည့်ကြရအောင်…။

ထူးခြားမှု တစ်ခုခုတော့ တွေ့လာရမှာပါ…။

* * *

## အခန်း - ၂၉

တကယ်တမ်း ပုံချဆွဲကြည့်လိုက်တော့ ထူးခြားချက်က တစ်ခုမဟုတ်၊ အများကြီးကို တွေ့လာရသည်။

ရှစ်စိပ်အညီအမျှ ပိုင်းထားတဲ့ ကိတ်မုန့်ပုံသဏ္ဍာန် အဝန်းအပိုင်းအစား၊ အင်တာနက်မှာ တွေ့ခဲ့ရတဲ့ လိပ်တစ်ကောင်ရဲ့ ကျောကုန်းပေါ်က အစက်အပျောက်များအတိုင်း၊ ဝန်ကြီးသတိုးသီဟရာဇာရဲ့ ထူးဆန်းတဲ့ ကောင်းမှုကုသိုလ်အဝန်းအဝိုင်းကြီးကို စိတ်ကူးနှင့် ပြောင်းလဲကြည့်ရာ…

ဘုန်းဘုန်းတစ်ပါး မိန့်ကြားသွားတဲ့ ဘီလူးသုံးကောင်ရဲ့ မျက်နှာချင်းဆိုင်မှာ ကုန်းသဖန်းပင်ကြီး ခုနှစ်ပင်ရှိခဲ့ဖူးတယ်ဆိုတဲ့ စကားကို ကြားယောင်လာမိသည်။

ကျန်သေးတယ် ဒကာလေးရဲ့…ကုန်းသဖန်းပင်ကြီးရဲ့ အနားမှာ ဝန်ကြီးသတိုးသီဟရာဇာက ရေတွင်းရေကန်နှစ်ခု ဆောက် လှူဒါန်းခဲ့သေးတယ်လို့ ရှေးလူကြီးတွေ ပြောခဲ့ကြဖူးတယ်…။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ…အိုကေ…။

သုံးရယ်၊ ခုနစ်ရယ်၊ နှစ်ရယ်နဲ့ ပုံတစ်ပုံ စဆွဲကြည့်ကြရအောင်…။



အိုး…။

ကျန်သေးတယ်…။


တိကျတဲ့ အရေအတွက်ကို သိတဲ့ နောက်ထပ် ... က နတ်ကွန်း(၁)ခု။ အဲဒီနတ်ကွန်းဟာ ဘီလူးသုံးကောင်ရဲ့ ညာဘက်ဘေးက ဇရပ်ပျက် နားမှာရှိတာ…။

အိုကေ…။

ဒါဆိုရင် လိုရှုအင်းပြားအလိုအရ ထပ်ပြီး ဖြည့်စွက်ထည့်သွင်းရမယ်ဆိုရင် ဆွေတော်မျိုးတော် အုတ်ဂူက (လေး)ခု၊ ... စင်ငယ်တွေက (၉)ခု၊ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တွေက (၆)ခု



ဖြစ်ခဲ့ပုံရသည်။



အခုလိုများ ဖြစ်နေလေမလား…။

ပုံဆွဲရင်းနဲ့ သူ့လက်တွေ အတုန်တုန်အယင်ယင် ဖြစ်လာသည်။

အကြောင်းမှာ သူရေးဆွဲနေသည့် ဝန်ကြီးသတိုးသီဟရာဇာ ကောင်းမှုပုံမှာ လိုရှုအင်းပြားနှင့် အတော်ကလေး ဆင်တူနေသည်။

တစ်ခုပဲ ကွဲလွဲတာက လိုရှုအင်းပြားရဲ့ ဘယ်ဘက်ထောင့်မှာက ရှစ်…။ ဝန်ကြီးသတိုးသီဟရာဇာရဲ့ ကောင်းမှုက ထိုနေရာမှာ ဇရပ်ကရှစ်ဆောင်မဟုတ်…။ တစ်ဆောင်တည်း။

အိုး…။

ဒီလိုတော့ ဘယ်ပြောလို့ရဦးမလဲ…။

မိုးတွေ သည်းသည်းမဲမဲ ရွာတဲ့နေ့က သူတောင်းစားမကြီးနဲ့ အဲဒီဇရပ်မှာ သူအတော်ကြာကြာ နေဖူးခဲ့သည့်မို့ ဇရပ်တစ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



လုံးကို သူ မှတ်မိနေသည်။

ဇရပ်တစ်ဆောင်တည်း ဆိုတာကတော့ မှန်တယ်။

ဒါပေမယ့် အဲဒီဇရပ်ကို ထောက်ပံ့ပေးထားကြတဲ့ ဇရာမ ကျွန်းတိုင်လုံးကြီးတွေက…

သူ့ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားရချေသည် ပြေးကြည့်စရာမလို…အဖြေက လုံးဝရှင်းနေသည်။

ကျွန်းတိုင်လုံးကြီး ရှစ်လုံး…။

ကျွန်းတိုင်လုံးကြီး ရှစ်လုံးကို ဘုံနန်းပြဿဒ် အမိုးအုပ် ပေးလိုက်သည်နှင့် ဇရပ်တစ်ဆောင်အဖြစ် ဝန်ကြီးက ပုံမှားရိုက် ပေးသွားသည်။

"ကောင်းပြီ…။ ဒီအထိ အဆင့်ဆင့် ပုံဖော်လို့ ရနေပြီ…။ အရေးကြီးဆုံး တစ်ခုပဲ ကျန်တော့တယ်…။ အဲဒါက လိုရှုအင်းပြားထဲက အလယ်မှာ ရပ်တည်နေတဲ့ ဂဏန်းအရေအ တွက်…တစ်နည်းဆိုရရင်တော့ (5) ပေါ့…5 ဘယ်မှာလဲ …5…"

မှန်သည်…။

ဝန်ကြီးဟာ အကွက်ကျကျနှင့် သူ၏ကောင်းမှုကုသိုလ်ကို လိုရှုအင်းပြားပုံဏ္ဍာန် တည်ဆောက်ပြီး 5 ကို ပဟေဠိသဖွယ် ချန်လှပ်ထားခဲ့သည်။

5 ဘယ်မှာလဲ…။

5 ဟာ ဘယ်အရာကို ကိုယ်စားပြုနေသလဲ…။



5 ဟာ ကောင်းကင်ပေါ်မှာ…၊ ဒါမှမဟုတ် မြေပြင် ပေါ်မှာ မရှိလျှင် မြေကြီးထဲမှာ ရှိကို ရှိရပေလိမ့်မည်…။

5 ကို တွေ့သည်နှင့် အရာရာ နိဂုံးချုပ် ပြီးဆုံးသွားပေ လိမ့်မည်…။

သူ အဖြေတစ်ခုကို တိတိကျကျကို ရသွားလေပြီ…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃၀

အချိန်က နေဝင်ဆည်းဆာ နွားရိုင်းသွင်းချိန်…။

အလင်းဖျော့ဖျော့နဲ့ မှုန်ရီနေတဲ့ ပြန့်ပြူးပြူး ကောင်းကင်မှာ မှိတ်တုတ်တုတ် ကြယ်တစ်ချို့ ခေါင်းပြူနေလေပြီ…။

ဒီအချိန်ဆိုရင် ဇရပ်ပျက်နဲ့ အုတ်ဂူတွေရှိရာ ဒီနေရာကို လူကောင်းသူကောင်းတွေ ယောင်လို့ပင် ခြေဦးလှည့်လေ့ မရှိကြတော့…။

တစ်ခါတစ်ရံ အဝေးက လွင့်ပျံ့လာတတ်တဲ့ သခင်မရဲ့ လွမ်းလွမ်းမောမော ညည်းညူသံကို ကြားရတတ်သဖြင့် ဒီနေရာတဝိုက်က နာမည်ဆိုးနှင့်လည်း ကျော်ကြားလှသည်။

ဒါပေမယ့် လူရွယ်လေးတစ်ယောက်ကတော့ တစ်သက်နှင့်တစ်ကိုယ် ယောင်လို့မှ မကိုင်ဖူးခဲ့တဲ့ ပေါက်တူးတစ်လက်ကို ကိုင်ရင်း မြို့အဝင်ဝက ဝန်ကြီးသတိုးသီဟရာဇာရဲ့ ကောင်းမှုအဝန်းဝိုင်းကြီးထဲမှာ ရပ်နေသည်။



သူ့ရင်တစ်ခုလုံးလည်း လှုပ်ရှားဗြောင်းဆန်လျက်ရှိချေသည်။

5…။

သိပ်ကို လှပလွန်းတဲ့ မြေပုံကွက်ကလေးတစ်ခု…။

အခုတော့ အဲဒီ မဟာသမိုင်းဝင် 5 ကို သူ ဖမ်းနိုင်တော့မည်။

တကယ်တော့ ဒီမြေပုံကွက်ကလေးကို သူ သတိမထားမိ၍တော့ မဟုတ်၊ မှင်နီနဲ့ ကြယ်သုံးပွင့်ပြထားတဲ့ စာရင်းမှာ 5 ကိုနံပါတ် (၂) နေရာမှာ သူ ဦးစားပေးပြီး ရေးမှတ်ခဲ့ဖူးသည်။

5 ကိုဘယ်နေရာကစပြီး သူ သတိထားမိသွားတာလဲ။ ဒါလည်းရှင်းပါသည်။ အမုန်းမြို့ရဲ့ အိမ်ရှေ့တိုင်းမှာ ကပ်ထားကြတဲ့အင်းပြားတွေကတဆင့် 5ကို သိလာရသည်…။ ၁ ကနေ ၉ အထိ ကိန်းဂဏန်းတွေကို သုံးတန်းခွဲရေးပြီး အင်းပြားကိုpattern တွေ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလာတိုင်း 5 တစ်ခုတည်းသာ အလယ်ထိုင်ထဲမှာ တည်ငြိမ်ရင့်ကျက်စွာ တည်ရှိနေသည်မို့ 5ကို သတိကြီးကြီး ထားမိခဲ့သည်။

အိုကေ…။ ဒါကတစ်ပိုင်း…။

သူတောင်းစားမကြီးဆီက ငွေနှစ်သောင်းပေးပြီး ဝယ်ခဲ့ရတဲ့ သူတော်စင်တစ်ပါးရဲ့ ခရီးသွားမှတ်တမ်းအရ ဝန်ကြီးသတိုးသီဟရာဇာဟာ ဂဏန်းသင်္ချာကို စိတ်ဝင်စားကြောင်း၊ မဇ္ဈိမဒေသ ခရီးနှင်ဖူးကြောင်း ရေးသားဖော်ပြချက်တွေက လေးနက်ကို အင်းပြားနဲ့ ပက်သက်လေ့လာစုံစမ်းဖို့ အင်တာနက်ဆိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



တွန်းပို့ခဲ့သည်။

အင်တာနက်မှ တဆင့် လိုရှုအင်းပြားနဲ့ အမုန်းမြို့အဝင်ဝက ဝန်ကြီးရဲ့ ကောင်းမှုကုသိုလ်အဝန်းအဝိုင်းကြီး ဆက်နွယ်ပတ်သက်မှုကို လေးနက်သိလာရသည်။

အရင်တုန်းက ဒီနေရာကို ရောက်တိုင်း ဒီအဝန်းဝိုင်းကြီး ပေးချင်တဲ့ message ကို လေးနက် မဖမ်းနိုင်ခဲ့…။

အခုတော့ ရှင်းသွားပြီ…။

လုံးဝကို ရှင်းသွားပြီ…။

ကြည့်ပါ…။

အခုအချိန်မှာ ကုန်းသဖန်းပင်ကြီး ခုနစ်ပင် မရှိတော့သော်လည်း ဒီအဝန်းဝိုင်းကြီးကို စက်ဝိုင်းသဖွယ် အတိုင်းအတာအတိအကျနဲ့ ပုံဖော်ကြည့်မည်ဆိုလျှင် ဘီလူးသုံးကောင်နဲ့ ကုန်းသဖန်းပင်ကြီးတွေနဲ့ အကွာအဝေးကို သိရှိနိုင်သည်။

ဒါမှမဟုတ်လည်း သူရဿတီနတ်ကွန်းနဲ့ ရေချမ်းစင်ငယ်ကိုးခုထဲက လေးခုနဲ့ တစ်ဝက်အနေအထားကို မျဉ်းဖြောင့်ဆွဲပြီး တိုင်းတာကြည့်ပါကလည်း စောစောက အကွာအဝေးအတိုင်း တိတိကျကျ ထွက်လာလိမ့်မည်…။

(သင်တို့အနေနဲ့ အနည်းငယ် နားရှုပ်သွားပါက နောက်ဆုံး ဆွဲခဲ့တဲ့ ပုံကို ကြည့်ပြီး အကွာအဝေးကို အဖြေရှာနိုင်သည်။)

ဒီ အဝန်းဝိုင်းကြီးရဲ့ အချင်းဟာ ပေသုံးဆယ်ဝန်းကျင်သာ ရှိသည်။

ဒီတော့ ဆယ့်ငါးပေ နေရာဝန်းကျင်ဟာ ဒီအဝန်းဝိုင်းကြီးရဲ့ center ပဲဖြစ်ရမည်။



အဲဒီနေရာဟာ 5 ရဲ့နေရာ…။

နောင်လာနောင်သားတွေ ရှာဖွေလိုစိတ်ရှိလာနိုင်ဖို့အတွက် ဝန်ကြီးဟာ 5 ကို မြေပြင်ပေါ်မှာတော့ ထားခဲ့ပုံမပေါ်…။

ကောင်းကင်ပေါ်မှာလည်း ရှိနိုင်မည်မဟုတ်…။

ကောင်းပြီ…5 ဟာ မြေကြီးအောက်တစ်နေရာမှာ ရှိကိုရှိနေရလိမ့်မည်။

အဝန်းဝိုင်းကြီးရဲ့ centre နေရာကိုမှန်းပြီး သူ ပေါက်တူးနှင့် မြေကြီးကို စတင်တူးဖော်လေတော့၏…။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃၁

အဝေးက ကြားနေရတဲ့ ခွေးအူသံသဲ့သဲ့က လမိုက်ညကို ပိုပြီး တုန်လှုပ်ခြောက်ခြားအောင် တွန်းပို့နေသလို ဖြစ်နေသည်။

"ဒုတ်…ဒုတ်…"

ပေါက်တူးနှင့်မြေကြီးကို ဟန်ချက်ညီညီ တူးဖော်နေရသဖြင့် သူ့လက်များ နာကျင်လာကာ သူ့တကိုယ်လုံးလည်း ချွေးပြန်လျက် ရှိချေပြီ။

ခပ်ကြမ်းကြမ်းအလုပ်များကို မလုပ်ကိုင်ဖူးသည့်အလျောက် မြေကြီးတူးနေသည့်အလုပ်ကလည်း တော်တော်နှင့် ခရီးမတွင်…။

သို့တိုင် လေးနက် အားမလျှော့…။

ထူးခြားမှု တစ်ခုတစ်လေကို သိပ်မကြာခင် တွေ့လာရတော့မည်…။

သူ့စိတ်တွေကလည်း ဟိုး…ပဒေသရာဇ်ခေတ်ဆီသို့ ပြန်လည်ရောက်ရှိသွားရင်း မယ်မင်းဖြူဖြူ ကွယ်လွန်ပြီးကာစ၊ ဝန်ကြီး သတိုးသီဟရာဇာကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းခဲ့ရသည့် အကျပ်အ



တည်းတစ်ခုကို စိတ်ကူးနှင့် မြင်ယောင်လာမိလေတော့သည်။

မိဖုရားခေါင်ကြီး ရှင်ငွေစံ၊ ဒါမှမဟုတ်လည်း မိန်းမတို့ သဘာဝ မနာလိုမရှုစိတ်ရှိသူ နှန်းရဆောင်ရ မိဘုရားတစ်ပါးပါး၊ ဒါမှမဟုတ်လည်း မယ်မင်းဖြူဖြူကို ရာဇမာန်ရှနေသည့် ရှင်ဘုရင်က ပဒေသရာဇ်တို့ရဲ့ ထုံးစံအတိုင်း မယ်မင်းဖြူဖြူ ကွယ်လွန်ပြီးသည့်နောက် အောက်လမ်းဆန်ဆန် အစီအရင် ဒါမှမဟုတ်လည်း မြို့စောင့်၊ နယ်စောင့်အဖြစ် မတရားမလျော်ကန်သည့် အစီအရင် တစ်ခုခုကို စီရင်ခဲ့ပါလိမ့်မည်။

အဲဒီအစီအရင်က အမုန်းမြို့ကို နှစ်တွေရာနဲ့ချီအောင် ခြောက်လှန့်ဒုက္ခပေးနေပါလိမ့်မည်။

သို့သော် ရွှေနန်းတော်မှာက ကိုယ်ကျင့်သိက္ခာနဲ့ပြည့်စုံတဲ့ ဝန်ကြီးတပါးက ရှိနေသည့်အလျောက် ထို ကောက်ကျစ်လို့ ဝှက်တဲ့ နန်းတွင်းအစီအရင်ကြီးဟာ ဝန်ကြီးနားပေါက်ကြားသွားပြီး…။

ဝန်ကြီးဟာ ပဒေသရာဇ်အလွန် ယနေ့ခေတ် လူသားတွေ သိရှိ၊ အဖြေထုတ်နိုင်ကြစေဖို့ သူ့နည်းသူ့ဟန်နှင့် အီကွေးရှင်းတွေ၊ အမှတ်အသားတွေနဲ့ message ပေးသွားခဲ့သည်။

ဒါဟာ ဘာနဲ့သွားပြီး အလားသဏ္ဍာန်တူသလဲဆိုတော့ ဂယ်လီလီယိုတို့၊ ကိုပါနီကပ်(စ်)တို့ ခေတ်တုန်းက မိမိတို့ရဲ့ စကြဝဠာတွေ့ရှိချက်တွေကို (အသက်အန္တရာယ်ရန်မှုခံရမှာစိုးပြီး) နောင်းလူတို့ သိရှိနိုင်စေရန် စကားလိမ်၊ စကားဝှက်တွေနဲ့ အမှတ်အသားပြု၊ ရေးသားသွားကြသလိုပင်…။

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးဟာ သင်္ချာပညာကို စိတ်ဝင်စားပြီး မဖြိုမဒေသ (ဒါမှမဟုတ်လည်း) တိုင်းတပါးပါးကို ခရီးနှင်ခဲ့ဖူးသည့်အလျောက် လိုရှအင်းပြားကို သိရှိလာခဲ့ပြီး သူပေးချင်တဲ့ message ကို လိုရှအင်းပြားအပေါ် အခြေခံကာ တည်ဆောက်ခဲ့သည်။

ရွှေတလုတ်မြို့ ခေါ် အမုန်းမြို့ရဲ့ အိမ်တိုင်းမှာ လိုရှအင်းပြားတွေ ကပ်စေခြင်းအားဖြင့်၊ တချိန်မှာ ထိုမြို့ကို ရောက်ရှိပြီး ပြဿနာအဖြေထုတ်ပေးမယ့်သူ တစ်စုံတစ်ဦးကို ထိုအင်းပြားနဲ့ ပတ်သက်ပြီး စုံစမ်းလေ့လာဖို့ ဝန်ကြီးက တွန်းပို့ပေးခဲ့သည်။

ဝန်ကြီးအကြံက ပိုင်ပါသည်။

လေးနက်သည်လည်း အင်တာနက်ဆိုင်သို့ ရောက်ရှိသွားပြီးလိုရှအင်းပြားရဲ့ ဂဏန်းအရေအတွက်နဲ့ မြို့အဝင်ဝက ဝန်ကြီးရဲ့ကောင်းမှုကုသိုလ် အဝန်းပိုင်းကြီးကို ချိန်ထိုး သုံးသပ်နိုင်ခဲ့လေသည်။

ဝန်ကြီးသည် "5"ကို မြုပ်ကွက်သဘောထားပြီး ကုန်းသဖန်းပင်ကြီးတွေ၊ ရေချမ်းစင်ငယ်တွေ၊ ဆွေတော်မျိုး အုတ်ဂူတွေ၊ ဘီလူးရုပ်တွေ၊ ရေတွင်းရေကန်တွေ ဗုဒ္ဓဆင်းတုတော်တွေနဲ့ ဇရပ်၊ နတ်ကွန်းတို့ရဲ့ အရေအတွက်ကို လိုရှအင်းပြားရဲ့အရေအတွက်အတိုင်း အတိအကျ တည်ဆောက်ခဲ့ပါလိမ့်မည်။

(ထိုအခါ လိုရှအင်းပြားထဲက အလယ်မှာ တည်ရှိနေတဲ့"5"ပျောက်ဆုံးနေသဖြင့်၊ ခေတ်ပညာတတ်များ "5"ကို ရှာဖွေကြစေရန် ဝန်ကြီးက အနာဂတ်ကို ရည်ရွယ်ပြီး ဖိအားပေးခဲ့ပုံရသည်။)



သို့သော်...သို့သော်...။

ဝန်ကြီးထုတ်စေချင်တဲ့အဖြေဟာ နှစ်တစ်ရာနဲ့လည်း ထွက်မလာ၊ နှစ်နှစ်ရာနဲ့လည်း ထွက်မလာ၊ နောက်ဆုံး လေးနက် အမုန်းမြို့ကို ရောက်မလာခင် နှစ်ပေါင်းကိုးရာကျော်တဲ့အထိ လိပ်ခဲတည်းလည်း အနေအထားမှာ ရှိနေသည်မို့ ကုန်းသမန်းပင်ကြီးများလည်း မရှိကြတော့။ ရန်သူမျိုးငါးပါးဒဏ်ကြောင့် ဆွေတော်မျိုးတော်အုတ်ဂူတွေ၊ ရေချမ်းစင်ငယ်တွေ၊ ရေတွင်းရေကန်တွေ ကျိုးပျက်ကြေမွကုန်ကြပြီး အမုန်းမြို့ရဲ့အိမ်တိုင်းမှာ ကပ်ကြရတဲ့ အန္တရာယ်ကင်းအင်းပြားနဲ့ မြို့အဝင်ဝက ဝန်ကြီးရဲ့ကုသိုလ်အဝန်းပိုင်းရဲ့ အရေအတွက်ကို မည်သူမျှ ချိန်ထိုးမစဉ်းစားတော့။ (စပ်ဆက်နေမလားဆိုတာလည်း မည်သူမျှ သံသယ မရှိကြတော့)

ဒါကြောင့် လေးနက်သည်လည်း ကွင်းဆက်များလွတ်ကာ အမုန်းမြို့မှာ နေ့အတော်ကြာ သောင်တင်လျက် ရှိချေသည်။

အခုတော့... ဒီသမိုင်းကြွေးကို ဒီညမှာပဲ အပြီး ဆပ်နိုင်တော့မည်။

ဒါဆိုရင် လေးနက်ဟာ ပဒေသရာဇ်ခေတ်ကိုလည်း မမှီ၊ ဝန်ကြီးနဲ့လည်း မရင်းနှီးမပတ်သက်ဖူးပါဘဲ၊ ဝန်ကြီးဟာ "5"ကိုချန်လှပ်ပြီး ဒီအဝန်းအဝိုင်းကြီးကို ကုသိုလ် ပြုတည်ဆောက်ခဲ့ရလိမ့်မည်ဟု ဘာ့ကြောင့် အတတ်ယောကိန်း ထုတ်နိုင်ခဲ့ပါသလဲ?

တကယ်တော့ အဲဒီအဖြေကို လေးနက် လွယ်လွယ်ကူကူ ရလာခဲ့ခြင်းတော့ မဟုတ်ပါ..။

နေ့နံအားဖြင့် မယ်မင်းဖြူဖြူဆိုသည်မှာ ကြာသပတေး

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ၄ . . .။

ဒါ့ကြောင့် ဝန်ကြီးဟာ ဘုရင်ကို နှစ်ပေါက်တစ်ပေါက် ရိုက်ပြီး သူ ကုသိုလ်ပြုတည်ဆောက်ခဲ့တဲ့ အဝန်းအဝိုင်းထဲက ၄ ကို မယ်မင်းဖြူဖြူအဖြစ် ကိုယ်စားပြုခဲ့ပုံရသည်။

အဲဒီ '၄' ကို နောင်လာနောင်သားတွေ တူးဖော်ရယူနိုင်ဖို့ မြေကြီးအောက်မှာ လိုရူအင်းပြားရဲ့ ငါးနေရာအတိုင်း အလယ်ခေါင်တဲ့တဲ့မှာ မြှုပ်ထားခဲ့ပုံရသည်။

အဲဒီအဖြေကို လေးနက်ထုတ်နိုင်တဲ့အချိန်မှာ နေဝန်ဆည်းဆာ နွားရိုင်းသွင်းချိန်သို့ပင် ရောက်နေပြီ . . .။

ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘဲ တည်းခိုခန်းကနေ ပေါက်တူးတစ်လက်တောင်းယူပြီး မြို့အဝင်ဝသို့ ရောက်လာခဲ့ရလေတော့၏။

အခုတော့ တူရင်း . . တူးရင်းနှင့် ညဦးနက်သန်းခေါင်သို့ပင် ရောက်နေလေပြီ . . ။

လူဆိုလို့ မိမိတစ်ယောက်တည်း . . .။

အဝေးက ခွေးအူသံတွေကလည်း နီးလာလိုက် . . . ဝေးသွားလိုက် . . .။

လက်များလည်း ပွန်းပဲ့နာကျင်လာကာ သူ့တစ်ကိုယ်လုံး ကိုက်ခဲမောပန်းလာလျက် နောက်ဆုံးမှာတော့ သူအရာရာကို မေ့လျော့သွားခဲ့လေတော့၏ . . .။

* * *

## အခန်း - ၃၂

လေကြမ်းများကြောင့် သူ့တစ်ကိုယ်လုံး တောင့်တင်း အေးစက်လာတော့မှ လန့်ဖြန့်နိုးလာခဲ့တော့သည်။

"ဟင် . . ."

ပေါက်တူးနှင့်တူးရင်း ဆွရင်းကနေ ဇရပ်ပျက်ပေါ်တက်ကာ ဘယ်အချိန်က မှေးကာနဲ့အိပ်ပျော်သွားလိုက်မှန်းမသိ . . .။

နိုးလာတော့ မိုးပေါ်တည့်တည့်က 'လ' ပင် အနောက်ဘက်ယွန်းယွန်း ရောက်နေလေပြီ . . ။

မကြာခင် အရုဏ်တက်တော့မည် . . ။

အရုဏ်တက်ချိန်ရောက်လာလျှင် သူ့အဖြစ်ကို လူအများဝိုင်းဝန်းစပ်စုလာကြပြီး ကံဆိုးပါက ရပ်ကွက်ရုံး . . ဒါမှမဟုတ်လည်း ရဲစခန်းတွေ ဘာတွေအထိ ရောက်သွားပြီး သူ့အစီအစဉ်တွေအားလုံး ပျက်သွားပေလိမ့်မည်။

မဖြစ် . . .။

အရုဏ်မလာခင် အားလုံးပြီးစီးမှ ဖြစ်လိမ့်မည် . . .။

www.burmeseclassic.com

www.burmeseclassic.com



ပေါက်တူးကိုကိုင်ရင်း တူးလက်စနေရာသို့ သူရောက်သွားပြီး မြေကြီးကို နက်သထက်နက်အောင် ထပ်မံတူးဖော်လာရာ···။

"ဒုတ်···"

ပေါက်တူးက မြေကြီးမဟုတ်သည့် အစိုင်အခဲတစ်ခုခုကို ထိတွေ့လိုက်သလိုမျိုး အသံထွက်လာသည်။

သူ့စိတ်တွေလှုပ်ရှားကာ ထိုတစ်စုံတစ်ရာကို စမ်းကြည့်လိုက်တော့···

ဘာလဲတော့မသိ···။

သေချာတာတစ်ခုခုတော့ ထူးခြားနေလေပြီ··။

ဒါနဲ့ ထိုနေရာအပေါ် တည့်တည့်မဟုတ်ဘဲ ဘေးဘီများကို ကွေ့ဝိုက်တူးဆွကာ မြေကြီးနှင့်ရောထွေးနေသည့် ထိုတစ်စုံတစ်ရာအား ဆွဲထုတ်ပြီး ကျင်းပေါ်တက်လာတော့···။

အရှေ့ဘက်ယွန်းယွန်းမှာ ရောင်နီပင်ပြူနေလေပြီ···။

အလင်းမှုန်တို့က ည၏ ညစ်ထေးမှုကို တစ်စတစ်စ သန့်စင်ပေးနေသလို သူသည်လည်း မြေကြီးများကို တစ်စတစ်စ ဖယ်ရှားလာလိုက်ရာ နောက်ဆုံးမှာတော့ ထင်ရှားပြတ်သားသည့် အရာတစ်ခုကို သူ တွေ့လိုက်ရသည်။

"အိုးတစ်လုံးပဲ···"

မှန်သည်··။

အိုးတော့ အိုးတစ်လုံးပါပဲ···။

ရုတ်တရက်ကြည့်လိုက်ပါက ဘာမှအထင်ကြီးစရာမ



ကောင်းတဲ့ သာမန်မြေအိုးလေးတစ်လုံး···။

သို့သော်···ဒီအိုးထဲမှာ··နှစ်ပေါင်း ကိုးရာကျော်ကျော်ကြာတဲ့အထိ သမိုင်းကြွေးတွေ ကိန်းအောင်းနေနိုင်တာမို့ သူ မြေအိုးကလေးကို··သတိကြီးကြီးထားပြီး ပတ်ပတ်လည် ကြည့်ရှုနေမိသည်။

ဘာလုပ်ရမလဲ···အိုးကိုဖွင့်လိုက်ရမလဲ···အထဲက ဘာတွေထွက်လာမှာလဲ···ဒီအိုးကိုဖွင့်လိုက်တာနဲ့··အဖြေတစ်ခုထွက်လာပြီး··အမုန်းမြို့ကို သင့်နေတဲ့ကျိန်စာတွေ ပြေပျောက်သွားမှာလား···။

စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် မြေအိုးအဖုံးကလေးကို မဖွင့်ခင် သူ သစ္စာဆိုလိုက်သေးသည်··။

"ဘုရားတပည့်တော်ဟာ ကျိန်စာသင့်နေတဲ့ မြို့ကလေးကို စေတနာအရင်းခံပြီး ကူညီနေသူတစ်ယောက်ဖြစ်ပါတယ်ဘုရား့ ဒီသစ္စာမှန်ကန်ခဲ့ပါရင်···ဒီမြေအိုးကလေးထဲမှာ ကျိန်စာအားလုံးကို ဖယ်ရှားပေးနိုင်မယ့် သော့တစ်ချောင်းတွေ့ရပါလို၏ဘုရား···"

ထိုသို့ သစ္စာဆိုပြီး မြေအိုးဖုံးကလေးကို ဖွင့်လိုက်တဲ့အချိန်မှာတော့···။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃၃

ကျောင်းထိုင်ဘုန်းတော်ကြီးသည် လေးနက် ဆက်ကပ်လာသည့် မြေအိုးအတွင်းမှ အောက်လမ်းအစီအရင်ကိုကြည့်ပြီး နှုတ်ဆိတ်စွန့်အသွားလေတော့သည်··။

အောက်သိုးသိုးအနံ့နဲ့အတူ မိန်းမတစ်ယောက်ရဲ့ ဆွေးမြေ့မွကြေနေတဲ့ ဆံပင်ချည်တွေးတွေ၊ လက်သည်းခွံ၊ ခြေသည်းခွံတွေ၊ ထမီအထက်ဆင်စတွေနဲ့အတူ မိန်းမပုံတူအရုပ်ကလေး တစ်ရုပ်က ဇောက်ထိုးအနေအထားနှင့်မို့ ကြက်သီးထစရာလည်း ကောင်းနေသည်။

"ဒကာလေး ဒါတွေဘယ်ကရလာခဲ့တာလဲ··။"

"လျှောက်တင်ရမှာ ရှည်လျားလှပါတယ် ဘုရား·· တပည့်တော် ဒီတစ်မြို့လုံးက မြို့ခံတွေကို ဘောလုံးကွင်းမှာဖြစ်ဖြစ်၊ ရုပ်ကွက်ရုံးမှာဖြစ်ဖြစ် ဖိတ်ကြားပြီး ရှင်းလင်းပြောဆိုဖို့ စီစဉ်ထားပါတယ်။ တပည့်တော် ဒီမြို့ကိုလာခဲ့တဲ့ အကြောင်းရင်းကလည်း ဒီမြေအိုးလေးကို ရှာဖို့ လာခဲ့ရခြင်းပါဘုရား···"



"ဒါ··မိန်းကလေးတစ်ယောက်ကို ရည်ရွယ်ပြီး လုပ်ထားတဲ့ အောက်လမ်းအစီအရင်တစ်ခုပဲ ဒကာလေးရဲ့"

"မှန်ပါတယ်ဘုရား··ဒီမိန်းမပုံတူ အရုပ်ကလေးဟာ မြေကြီးအောက်ထဲမှာ နှစ်တွေ ရာနဲ့ချီပြီး ဇောက်ထိုးအနေအထားနဲ့ မကျွတ်မလွတ် နေခဲ့ရပါတယ်ဘုရား··"

လေးနက်သည် သူ တူးဖော်တွေ့ရှိခဲ့သည့် အောက်လမ်းအစီအရင် မြေအိုးကလေးကို ဘာလုပ်ရမှန်းမသိဖြစ်ကာ တစ်ချိန်က ဒီအဝန်းအဝိုင်းနား ဗုဒ္ဓဆင်းတုတော်တွေရှေ့မှာ ဆီမီးအမွှေးတိုင်ပူဇော်နေသည့် ဘုန်းဘုန်းရှိရာ ကျောင်းတိုက်သို့ ရောက်လာခဲ့ပြီး လျှောက်တင်အကူအညီတောင်း ခံနေခြင်းဖြစ်ပေသည်။

ဘုန်းဘုန်းသည်လည်း စိတ်မသာမယာနှင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း···

"အိုကွယ်···ခမျာ ဝဋ်ကြီးလိုက်တာ···ဒကာလေးရယ်··"

"တပည့်တော် လျှောက်တင်တာ ရဲဝံ့သွားရင် သည်းခံခွင့်လွှတ်ပါ ဘုရား···။ ဒီ မြေအိုးကလေးဟာ ဟိုး···လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးရာကျော်က မတရားစီရင်ခဲ့တဲ့ နန်းတွင်းအောက်လမ်းအစီအရင်တစ်ခုပါ···။ ဒီ ပုံတူမိန်းမရုပ်ရဲ့ ဝိညာဉ်ဟာလည်း မကျွတ်လွတ်ရသေးပါဘူး··။ ဒီ မတရားမှုကြီးဟာ အမုန်းမြို့ကို စူးရှနေတဲ့ ကျိန်စာနဲ့လည်း ဆက်စပ်နေပါတယ် ဘုရား··

နောက်ပြီး တပည့်တော် အထင်မမှားဘူးဆိုရင် ဒီ ပုံတူမိန်းမရုပ်ကလေးဟာ သမင်လိုက်တောင်တော်သခင်မ မယ်မင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူ ဖြစ်ပါတယ်။ အရှင်ဘုရား… တပည့်တော် အနေနဲ့ကတော့ မတရားမှုကိုပဲ ဖော်ထုတ်ပေးနိုင်ပါတယ်။ ရက်စက် ယုတ်မာစွာနဲ့ ပြုလုပ်ခဲ့ကြတဲ့ အောက်လမ်းအစီအရင်ကိစ္စကိုတော့ လွတ်အောင် ကျွတ်အောင် မပြုလုပ်နိုင်တာမို့ ဘုန်းဘုန်းဆီ လာရောက် အကူအညီတောင်းခံရတာပါ ဘုရား…”

“ဘုန်းဘုန်းလည်း ဒီအရုပ်ကလေးကို တွေ့လိုက်တာနဲ့ တောင်တော်သခင်မကို ရည်ရွယ်ပြီး လုပ်ခဲ့တာလို့ ရိပ်စားမိပါတယ်။ ဒီအစီအရင်နဲ့ ဘုန်းဘုန်းတို့မြို့ကို စူးရှနေတဲ့ ကျိန်စာဆက်စပ်နေလိမ့်မယ်လို့လည်း တွေးမိပါတယ်··။ ဒီလောက် လျှို့ဝှက်သိမ်မွေ့လှတဲ့ သမိုင်းကွင်းဆက်ကြီးကို ဖော်ထုတ်ပေးနိုင်ခဲ့တဲ့ ဒကာလေးကိုလည်း ဘုန်းကြီးကျေးဇူးလည်းတင်တယ်။ သာဓုလည်း ခေါ်ပါတယ်…။ ဒကာလေးရယ်…သခင်မပဲဖြစ်ဖြစ်…ဘယ်သူ ဘယ်ဝါပဲဖြစ်ဖြစ်ပါ…။ ဒီလို ဝိညာဉ်ကို နှစ်တွေ ရာနဲ့ချီပြီး ခေါက်ထိုးခွဲ ချုပ်နှောင်ထားတဲ့ မတရားလောကီအစီအရင်တွေကို ဘုန်းဘုန်းတို့ဘက်က တတ်နိုင်သလောက် မမ္မနဲ့ တရားရေအေးနဲ့ လွတ်အောင်ကျွတ်အောင် လုပ်ပေးရမှာပါ”

“တင်ပါ့ဘုရား…”

တစ်ပူက ထိုသို့ အေးမယ်မှ မကြံသေး…။

နောက်ထပ် အပူတစ်ခုက ဘုန်းကြီးကျောင်းထဲသို့ တည့်တည့်ကြီး ဝင်လာလေတော့သည်။

ရောက်လာသူမှာလည်း တစ်ခြားသူမဟုတ်…။

ရက်အတော်ကြာ မတွေ့ဖြစ်သည့် ဆုသျှရီပန်ရဲ့ ကြီးဒေါ်



အရီးဖြစ်နေသည်။

“ဟင်··မောင်ရင်လေးက စောစောစီးစီး ဘုန်းဘုန်းဆီ ရောက်နေတာလား…။ အရှင်ဘုရား··တပည့်တော်အဖြစ်ကိုလည်း ကယ်ပါဦး…ဟီး…”

အရီးက အဲဒီလိုပြောပြီး ချုံးပွဲချငိုကြွေးကာ မျက်မှန်ကြီး ချွတ်ပြီး မျက်ရည်များကို သုတ်နေသည်။

သူ နည်းနည်းတော့ စိတ်ပူသွားသည်။

ဆုသျှရီပန်တို့ တူဝရီးမှာ ပြဿနာတစ်ခုခု ရှိနေပြီဆိုတာတော့ သေချာပြီ··။ လာသူမှာ အရီးဖြစ်နေ၍ ဒုက္ခရောက်နေသူမှာ အိုးပုတ်မလေးများ ဖြစ်နေမလား…။

အို…မဖြစ်ပါစေနဲ့…။

“ဟဲ့…ဒကာမကြီးရဲ့··ငိုနေလို့ ဘုန်းဘုန်းတို့က ဘာသိမှတုံး…ဘာဖြစ်လာသလဲပြော ဘုန်းဘုန်းတို့ ဘာကူညီပေးရမလဲ…”

“တပည့်တော် တူမလေး…။ တပည့်တော် တူမလေး ဆုသျှရီပန်လေ…သခင်မ ကျိန်စာစူးပြီ··ဘုန်းဘုန်းရဲ့…”

“ဟင်…သျှရီ…သျှရီဘာဖြစ်လို့လဲ…ပြောပါဦး··အရီး”

“မသိဘူး…သခင်မက ငန်းတော်ကျားနဲ့ ပေါက်ခိုင်းလိုက်တယ်ထင်တာပဲ…။ ခြံထဲမှာ ခွေခွေကလေး သတိမေ့နေတယ်။ ခြေထောက်တစ်ခုလုံး ရောင်ကိုင်းပြီး အစွယ်ရာနှစ်ပေါက်လည်း တွေ့တယ်။ ဘုန်းဘုန်းရေမန်းလေး ပေးပါဦး…”

“ဟာ…မြွေပေါက်ခံရရင် မြွေပေါက်ခံရတယ်··ရှင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါ အရီးရ..။ အချိန်နှောက်ကျလို့မရဘူး။ ဆေးရုံ၊ ဆေးခန်းပြေးရမှာဗျ။ လာ..လာ...ကျွန်တော် လိုက်ခဲ့မယ်..”

လိုက်လည်း လိုက်ကြတဲ့ အမုန်းသခင်မနဲ့ အမုန်းမြို့ခံတွေ...။

ဘယ့်နှယ့်...မြွေပေါက်ခံရတာကို ဆေးခန်းမပြေးဘဲ ဘုန်းကြီးကျောင်းလာပြီး ရေမန်းတောင်းရတယ်လို့...။

ဒီကိစ္စက ဘုန်းကြီးနှင့် မဆိုင်...ကိုယ်နဲ့သာ ဆိုင်သည်။

ဘုန်းကြီးကိုတော့ ကိုယ်က မြေအိုးကလေး ပေးပြီး အိမ်စာလုပ်ခိုင်းခဲ့ပြီ...။

သျှရီ...ညီမလေး...ကိုယ်လာပြီ...။

* * *

## အခန်း - ၁၄

“တကယ်တော့ ခင်ဗျားတို့ မြို့ကလေးဟာ ဘာနဲ့သွားတူနေသလဲ ဆိုတော့ သော့ပျောက်နေတဲ့ မှော်သေတ္တာတစ်လုံးနဲ့ သွားတူနေပါတယ်”

ဒီနေ့ဟာ အုပ်ချုပ်ရေးမှူး အစီအမံနဲ့ မြို့ခံများအားလုံးကို ဘောလုံးကွင်းထဲမှာ စုစည်းစေပြီး ရွှေတလုတ်မြို့ကလေး ဟာ သခင်မရဲ့ ကျိန်စာအောက်ကနေ ထာဝရလွတ်ငြိမ်းချမ်းသာသွားပြီဖြစ်ကြောင်း လေးနက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည့် နေ့ပင်ဖြစ်လေသည်။

“အဲဒီသော့ကို ကျွန်တော် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဖြစ်ပုံက ဒီလိုပါ...”

လေးနက်က သူ့အမုန်းမြို့ကို ရောက်ရှိလာပုံကစလို့ မြေအိုးကလေးကို တွေ့ရှိဖို့အဆင့်ဆင့် ရှာဖွေခဲ့ရပုံ၊ ဘုရား၊ တရား၊

www.burmeseclassic.com

www.burmeseclassic.com



သံယာအစွမ်းနဲ့ ထိုအောက်လမ်းအရုပ်ကလေးကို ကျွတ်လွတ်သွားစေရန် ပြုလုပ်ခဲ့ရကြောင်းများ အသေးစိတ် ရှင်းပြနေလေသည်။

လေးနက်ရဲ့ တစ်ဖက်တစ်ချက်မှာ ထိုင်နေကြတဲ့ ဘုန်းတော်ကြီးနဲ့တကွ ပန်းပွဲစားကျော်ထွဋ်ခေါင်တို့သည်လည်း ခေါင်းတညိတ်ညိတ်နှင့် လေးနက်စကားကို စိတ်ဝင်တစားနားထောင်နေကြလေသည်။

မြို့ခံလူများကတော့ မယုံတစ်ဝက်၊ ယုံတစ်ဝက် ဟာကနဲ့ ဟင်ကနဲ့နဲ့ပေါ့ . . .။

ဒီလူငယ်လေးပြောတာ အမှန်ပဲလား . . .။ သခင်မရဲ့ ကျိန်စာအောက်ကနေ အမုန်းမြို့ကလေး လွတ်မြောက်ပြီ မလွတ်မြောက်ဘူးဆိုတာကတော့ စောင့်ကြည့်ဖို့ အချိန်ကာလတစ်ခု လိုနေပါသေးသည်။

ဥပမာ . . .လူငယ်တို့ သဘာဝချစ်ခြင်းမေတ္တာအပြည့်အဝအပြန်အလှန်ထားရှိနိုင်ခွင့်၊ အပျိုချော လူပျိုချောများ ဘေးဥပါဒ်မရှိကြခြင်းနဲ့ ရွှေတလုတ်မြို့သူ မြို့သားများ ကြိုးစားရင်ကြိုးစားသလောက် စီးပွားရေးလာဘ်လာဘများ တိုးတက်ကောင်းမွန်လာပါမှ ထိုလူငယ်ကလေးပြောသော စကားများကို ယုံကြည်ရပါလိမ့်မည်။

လေးနက် ဆက်ပြောပြန်သည်။

"ဒီမြို့က လူတွေဟာ ချစ်စရာကောင်းလောက်အောင်ကို ရိုးသားကြပါတယ်။ ဒါ့ကြောင့်လည်း သမင်လိုက်တောင်တော်သခင်မ မယ်မင်းဖြူဖြူကို မျက်စိပိတ်နားပိတ် ကြောက်ရွံ့



ရှိသေခဲ့ကြတယ် . . .အဲ . . .ဒါကို အခွင့်ကောင်းယူပြီး . .မယ်မင်းဖြူဖြူနဲ့ခေတ်ပြိုင် မောင်မင်းမဲမဲအုပ်စုကြီးပေါ်လာတာကိုတော့ ဘယ်သူမှ မသိခဲ့ကြဘူး . . ."

"ဟယ် . . ."

"ဟမ် . . ."

"မောင်မင်းမဲမဲ . .ဟုတ်လား . .အို . .ပေါက်တီးပေါက်ရှာ . . .သခင်မရဲ့ နတ်သမိုင်းမှာ မောင်းမင်းမဲမဲ မရှိပါဘူးတော် . . ."

လိုက်လည်းလိုက်ကြတဲ့ ဓာတ်လိုက်ကျော်နဲ့ သူ့ရဲ့မြို့ခံတွေ . . .။ ပန်းပွဲစား ကျော်ထင်္ဋခေါင်ကတော့ လေးနက်စကားကြောင့် ပြုံးစိစိနှင့်ခေါင်းညိတ်နေလေသည်။

"ကျွန်တော့် စကားကို ဆုံးအောင်နားထောင်ကြပါဦး။ ဒီလိုပါ . . .ဟောဒီမြို့ကလေးမှာ သခင်မရဲ့ကျိန်စာ စူးရှနေတယ်ဆိုတာ မှန်သင့်သလောက် မှန်ပါတယ်။ ဟုတ်သင့်သလောက်လည်း ဟုတ်ပါတယ်။ ဒီလို အခွင့်ကောင်းယူပြီး အမုန်းမြို့ကလူတွေ ရိုးသားမှုအပေါ် အမြတ်ထုတ်ဖို့ လူတစ်ယောက်ဟာ အုပ်စုဖွဲ့ပြီး ဓာတ်ကွက်ဆင်ပါတော့တယ် . . .။ အဖွဲ့ခေါင်းဆောင်ကို ဘယ်သူလို့များ ထင်ပါသလဲ ခင်ဗျား . . ."

"ဘယ်သူများလဲ . . ."

"ဟယ် . . .ဘယ်သူတဲ့ တုန်း . . ."

"နတ်ထိန်း ဦးငွေဒွန်းပါပဲ . . ."

"အာ . . ."

"မဖြစ်နိုင်ပါဘူး . . .မြို့ကြီးသားရာ . .မင်းက ဒီမြို့ကို

www.burmeseclassic.com

www.burmeseclassic.com



လာပြီး စိတ်ကူးနဲ့ ရုပ်ရှင်တွေ ရိုက်နေတာကိုး…"

ထိုစကားကို ပြောသူက သူ အမှန်းမြို့ဆီရောက်ဖို့ ပထမဆုံး ထော်လာဂျီအကြုံတင်ခေါ်လာခဲ့ဖူးသူ(တစ်နည်း)သူ မေးသမျှကို လုံးဝ ပြန်မဖြေခဲ့ဖူးသည့် ကိုတေမိပင်…

"ဟုတ်တယ်…မဖြစ်နိုင်ဘူး မောင်ရင်လေးရဲ့…ဘာဘ ဦးငွေဒွန်းဆိုတာ ဒီမြို့မှာ အမှားအယွင်းတစ်ခုခုရှိလို့ နတ်ကိုင်ခံရပြီပေ့ဆိုတာနဲ့ သခင်မ အမျက်ပြေအောင် ကန်တော့ပွဲအုန်းပွဲတွေ ထိုးပြီး သူပဲတာဝန်ယူဖြေရှင်းပေးနေတဲ့ သူတော်ကောင်းကွဲ…"

"ကောင်းပြီ‥ကျွန်တော့်စကားဆုံးအောင် နားထောင်ကြပါဦး။ ဒီမြို့ကို လေ့လာစုံစမ်းဖို့ တစ်ကိုယ်တော်ရောက်လာကြတဲ့အထဲမှာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဟောဒီကရဲအရာရှိ ဒု–ရဲအုပ် ကျော်ထွဋ်ခေါင်လည်း ပါပါတယ်။ ကဲ‥ကိုကျော်ထွဋ်ခေါင်…မှုခင်းရေးရာကိစ္စတွေကို ခင်ဗျားကပဲ ရှင်းပြလိုက်ပါဦး…"

"ဟင်…ကျော်ထွဋ်ခေါင်က ဘုန်းကြီးကျောင်းမှာတည်းတဲ့ ပန်းပွဲစားမဟုတ်လား…"

"ကျုပ်တို့ မျက်စိတွေတောင် လည်လာပြီတော်…တကာတဲ

ဒုရဲအုပ် ကျော်ထွဋ်ခေါင်က စကားဆက်ပြန်ရာ…

"ဒီက မြို့မိမြို့ဖတွေ အားလုံးလည်း သိရှိပြီး ဖြစ်ကြမှာပါ…ညနေဆည်းဆာ နွားရိုင်းသွင်းချိန် မြို့အဝင်ဝက ဝန်ကြီးရဲ့ကောင်းမှုအဝန်းဝိုင်းနားမှာ တစ်ခါတစ်ရံ မိန်းမတစ်ယောက်ရဲ့



ညည်းညူသံသဲ့သဲ့ကို ကြားရတတ်တယ်…

အမောင်ရေ…မယ်ဖြူကို မထားခဲ့ပါနဲ့တို့…ဘာတို့ဆိုတာ‥အဲဒါ ဦးငွေဒွန်း…ဖန်တီးထားတဲ့ လုပ်ဇာတ်တွေပါပဲ။ သူ့အုပ်စုထဲက 'ဇ'ရှိတဲ့ မိန်းမတစ်ယောက်ကို မြို့အဝင်တောစပ်လောက်ကနေ အော်ခိုင်းတာမျိုး၊ ကက်ဆက်ဖွင့်ပြီး ခြောက်လှန့်ခိုင်းထားတာမျိုး ရှိပါတယ်…ဒါက တစ်ခု…

နောက်ပြီး ဘုရားပွဲဈေးညနေတုန်းက ဒီမြို့ရဲ့ အန္တရာယ်အများဆုံး ကျနိုင်ခြေရှိတဲ့ ဆုသျှုရီပန်ရဲ့ ဈေးဆိုင်တည့်တည့်အပေါ် သစ်ပင်ကြီးလဲပြိုသွားတာလည်း ဦးငွေဒွန်းရဲ့ လုပ်ဇာတ်ပါပဲ မြို့မိမြို့ဖများလည်း ပြန်စဉ်းစားကြပါဦး။ ဘုရားပွဲကျင်းပဖို့ ဂေါပကဆီကနေ နေရာကန့်ထရိုက်ဆွဲခဲ့တာ ဦးငွေဒွန်းပါ။ သူ့ရဲ့တပည့်တပန်းတွေက ဆိုင်ခန်းတွေ ဆောက်ဖို့အကွက်ချကြတဲ့အခါ အမြစ်အောက်ခြေမှာ တဖျစ်ဖျစ်မြည်နေတဲ့ သစ်ပင်ကြီးတစ်ပင်ကို သတိထားမိပြီး ဦးငွေဒွန်းကို အခြေအနေတင်ပြကြပါတယ်။ အဲဒီအချိန်မှာပဲ ဦးငွေဒွန်းဟာ ဆုသျှုရီပန်ကို အပြတ်ရှင်းချင်တာနဲ့ ထန်းသီးကြွေခိုက် ကျီးနားခိုက် အခွင့်အရေးကို စောင့်ပြီး အဲဒီ ခါတော်မီသစ်ပင်ကြီး တည့်တည့်က ဆိုင်ခန်းကို ဆုသျှုရီပန်တို့ကို နေရာချပေးခဲ့တယ်။ သူမျှော်လင့်ထားသလိုပါပဲ ခါတော်မီသစ်ပင်ကြီးက ဆုသျှုရီပန်တို့ ဆိုင်ခန်းပေါ် ကျခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ချီမှာလည်း ဆုသျှုရီပန်ဟာ လေးနက်ကျေးဇူးကြောင့် အသက်ဘေးကနေ လွတ်မြောက်ခွင့်ရခဲ့ပြန်တယ်"

ညာဘက်ခြေထောက်မှာ ပတ်တီးအဖွေးသားနဲ့ ဆုသျှုရီ

www.burmeseclassic.com



ပန်ကတော့ လူအုပ်ကြားထဲကနေ လေးနက်ကို ယှဲ့ယှဲ့ကလေး ပြုံးပြနေလေသည်။

မြို့ကြီးသား ကယ်ပေလို့ ရွှေတလုတ်မြို့ရဲ့ အရှုပ်အထွေးတွေကို သိခွင့်ရတဲ့အပေါ် ကျေးဇူးလည်းတင်နေမိပြန်သည်။

"ဒါကတော့ ဒီကမြို့ခံတွေ သိနိုင်လောက်တဲ့ လတ်တလောကိစ္စတွေနဲ့ ပတ်သက်ပြီး ဦးငွေဒွန်းရဲ့ မသမာတဲ့လုပ်ရပ်တွေကို ကျွန်တော် ရှင်းပြနေရခြင်း ဖြစ်ပါတယ်။ သူဘာ့ကြောင့် ဒါမျိုးတွေ လုပ်နေတာလဲလို့ မြို့ခံတွေက သိချင်ကြပါလိမ့်မယ်။ ဆုသျှရိပန်ကို ဘာ့ကြောင့် သတ်ချင်ရတာလဲ…။ တကယ်တော့ သူ ဆုသျှရိပန်ကို သတ်တာမဟုတ်ပါဘူး။ သခင်မကိုနိုစာအရ ဆယ့်ခြောက်နှစ်အရွယ် အချောအလှထိပ်ခေါင် ဘယ်အပျိုစင်မဆို ဦးငွေဒွန်း အလွတ်ပေးမှာမဟုတ်ပါဘူး။ သတ်မှာပါပဲ…။ သခင်မရဲ့ ကိုနိုစာဘယ်လောက်အထိ အစွမ်းထက်နေသလဲဆိုတာကို သူက လုပ်ဇာတ်တွေခင်းပြီး ပြနေတဲ့သဘောပါပဲ…။ ဒါဟာ ဘာ့ကြောင့်လဲ။ အဖြေက ရှင်းပါတယ်.."

၃-ရဲအုပ် ကျော်ထွဋ်ခေါင်က ငွေကြေးစာရင်းဇယားပါသည့် မှတ်စုစာအုပ်ကို ပရိသတ်မြင်အောင် ထုတ်ပြလိုက်ပြီး…။

"ဟောဒီမှာ ကြည့်ပါ…။ လ..အလိုက်၊ နှစ်အလိုက် သခင်မနတ်ကွန်းကရထားတဲ့ အလှူငွေတွေပါ..။ သခင်မကို မြို့ခံတွေ ကြောက်ရွံ့ကြတဲ့အတွက် နတ်ထိန်းဦးငွေဒွန်းလက်ထဲမှာ အလှူငွေ ဘယ်လောက်ရှိနေမလဲဆိုတာ လူတွေယောင်လို့တောင် စပ်စုရဲကြမှာ မဟုတ်ပါဘူး။ နတ်ဆက်ထားတဲ့ အလှူငွေတွေ



လူတွေဆီက ရလာတဲ့ ကောက်ပဲသီးနှံတွေ၊ စားဦးစားဖျားတွေနဲ့ ဦးငွေဒွန်းဟာ အပြင်ထွက်အလုပ်လုပ်စရာမလိုလောက်အောင် ချမ်းသာကြွယ်ဝနေပါပြီ။ တကယ်တော့ ဟောဒီမြို့မှာ ဖြစ်ပျက်သမျှ ကိုနိုစာသင့်မှုကိစ္စ တော်တော်များများဟာ ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲဆိုသလို ဦးငွေဒွန်း အကွက်ဆင်ခဲ့တာတွေချည်းပါပဲ။ သူဟာ ဒီမြို့လေးကို ကယ်တယ်ပေးဖို့ ရောက်လာတဲ့ လေးနက်ကိုပါ ခြောက်လှန့်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ လေးနက်ဟိုဘက်မြို့ကို သွားနေတုန်း သူ့ရဲ့တပည့်တပန်းတွေဟာ လေးနက်ခန်းထဲ တိတ်တဆိတ်ဝင်ပြီး တောင်တော်သခင်မ အစွမ်းပြသလိုလိုဘာလိုလိုနဲ့ နံရံမှာ သခင်မပုံ ရေးခြစ်ခဲ့ပါတယ်"

ထိုင်နားထောင်နေကြတဲ့ လူအုပ်ကြီးဆီမှ အာမေဋိတ်သံအမျိုးမျိုး ထွက်လျက်ရှိချေသည်။

လေးနက်ကတော့ ထိုလူအုပ်ကြီးထဲကနေ မန်နေဂျာ ဦးအေးမောင်ကို တွေ့အောင်ရှာပြီး "ကဲ…ဘယ်နှယ့်ရှိစ…" ဆိုတဲ့သဘောနဲ့ မျက်စပစ်ပြလိုက်သေးသည်။

၃-ရဲအုပ် ကျော်ထွဋ်ခေါင် စကားဆက်ပြန်၏…။

"သူတို့ တစ်ဖွဲ့လုံး လေနက်ကို အပြတ်ရှင်းဖို့နည်း အမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြပေမယ့် မရခဲ့ဘူး…လေးနက်အခန်းထဲက မှတ်စုစာအုပ်ပျောက်သွားတာလည်း ဦးငွေဒွန်းလက်ချက်ပါပဲ…။ လေးနက်ဟာ သူတို့အဖွဲ့ကို သတိထားမိနေပြီဆိုတာ ဦးငွေဒွန်းသိနေပါပြီ။ နောက်ပြီး ဒီမြို့လေးက လူတွေရဲ့ရှေးထုံးတမ်းစဉ်လာယုံကြည်မှုကို ခုတုံးလုပ်ပြီး ဦးငွေဒွန်းရဲ့ တပည့်တပန်းတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့မှာ ပယောဂကုဆရာတို့၊ ရှေ့ဖြစ်ဟော ဆရာတို့လုပ်ပြီး အဖွဲ့လိုက် လှုပ်ရှားနေကြတယ်မဟုတ်လား…။ အခု အဲဒီ ဆရာတု ဆရာယောင်တွေအားလုံးကိုလည်း ဖမ်းဆီးထိန်းသိမ်း ပြီးပါပြီ…"

"ကျွန်တော် မသိလို့ မေးပါရစေ ရဲအရာရှိကြီးရဲ့…။ အဲဒီ ပယောဂဆရာတွေ ကုပေးလိုက်ရင် ကျွန်တော်တို့ မြို့ခံတွေ ရောဂါပျောက်သွားကြတာချည်းပဲ..။ ဘာ့ကြောင့်များ ရဲအရာရှိကြီးက သူတို့ကို ဆရာတု ဆရာယောင်လို့ ပြောနိုင်ရတာလဲ…"

ယခု ထမေးသူကတော့ လေးနက်နဲ့ ထော်လာဂျီတစ်စီးတည်းမှာ အတူစီးခဲ့ဖူးတဲ့…အင်း…ဝက်မတကာနဲ့ မကင်းလေသူကြီး၊ ကိုကြီးမျိုးအောင်ရဲ့ သခင် ဦးခင်မောင်ကြီးပင်…။

ဒု-ရဲအုပ် ကျော်ထွန်းခေါင်က တစ်ချက်ပြုံးလိုက်ရင်း…

"သူတို့အဖွဲ့ထဲမှာ အနောက်တိုင်းဆေးပညာအကြောင်း နည်းနည်းပါးပါး တီးမိခေါက်မိတဲ့ ဒေါက်တာရမ်းကုတစ်ယောက် ရှိတယ်။ လူနာတစ်ယောက် ခေါင်းကိုက်၊ နှာစေး၊ ဖျားနာတာလောက်ကို ပြုစားခံရတယ်။ ဘာညာ ဖိန့်လုံးဟိန့်လုံးတွေသုံးပြီး အချိန်ဆွဲကုသပြီးတော့မှ၊ နောက်ဆုံး အင်္ဂလိပ်ဆေးကို အမှုန့်ကြိတ်တိုက်ပစ်လိုက်ပြီး မြို့ခံလူတွေရဲ့ ယုံကြည်မှုကို ယူကြတဲ့သဘောပါ.."

"ဟင်…"

"ဟယ်…"

"ကဲ…မြို့ခံတွေကို လေးနက်ကလည်း ရှင်းပြစရာ တွေ အများကြီးရှိသေးတဲ့အတွက် မှခင်းရေးရာကိစ္စကို ကျွန်တော်



လိုရင်းပဲရှင်းပြပါ့မယ် ခင်ဗျာ…။ ဦးငွေဒွန်းရဲ့အဆိုးဆုံး ယုတ်မာပက်စက်တဲ့ လုပ်ရပ်ကတော့ ဆုသျှူရီပန်တို့ ခြံထဲကို ဝေလီဝေလင်း ခိုးဝင်ပြီး၊ အိုးလုပ်ငန်းသုံး ခြင်းတောင်းတစ်တောင်းထဲကို ငန်းတော်ကြားမြွေတစ်ကောင် ထည့်သွားတဲ့ လုပ်ရပ်ပါပဲ…"

"ဟယ်…အဲဒါ နတ်မြွေကြီး မဟုတ်ဘူးလား…"

"မဟုတ်ပါဘူး…။ ဦးငွေဒွန်းဟာ ဆုသျှူရီပန်ကို နတ်မြွေပေါက်သတ်လိုက်ပြီလို့ ဝါဒဖြန့်ချိချင်တာနဲ့ ငန်းတော်ကျားတစ်ကောင်ကို အိုးလုပ်ငန်းသုံး ခြင်းတောင်းတစ်တောင်းထဲမှာ တိတ်တဆိတ် သွားထည့်ခဲ့ပါတယ်။ ဦးငွေဒွန်းရဲ့ အကြံအစည်က တကယ်လည်း အောင်မြင်ခဲ့ပါတယ်။ ဆုသျှူရီပန် မြွေပေါက်ခံခဲ့ရပါတယ်။ ဒါပေမဲ့ ဟောဒီမြို့မှာ လူစွမ်းကောင်းကလေး ရောက်နေတယ်ဆိုတာကို ဦးငွေဒွန်းမေ့သွားခဲ့ပုံပေါ်ပါတယ်။ ဒီတစ်ခါမှာလည်း လေးနက်ဟာ အချိန်တိုလေးအတွင်းမှာပဲ ထိထိမိမိနဲ့ လူနာကို ဒေသန္တရဆေးခန်းကို ခေါ် ဆောင်သွားခဲ့နိုင်ပြန်ပါတယ်။ ဆုသျှူရီပန်ဟာ လေးနက်ကြောင့် ဒီတစ်ချီလည်း အသက်ချမ်းသာရာ ရခဲ့ပြန်ပါတယ်"

မျက်ဝန်းနှစ်ခုက လေထဲမှာ နူးညံ့သိမ်မွေ့စွာ ဆုံဖြစ်သွားပြန်ပါသည်။ အိုးပုတ်မလေးကတော့ ပြုံးရင်း အသာအယာမျက်လွှာချကာ ခေါင်းငုံ့သွားပါလေတော့၏။

"ဒါကတော့ မြို့ခံလူတွေ သိသင့်တယ်လို့ ထင်လို့ ရှင်းပြရတဲ့ ဦးငွေဒွန်းရဲ့ လုပ်ရပ်တွေပါ။ ရွှေတလုတ်မြို့ဟာ ပယောဂ၊ နတ်ပယောဂကြောင့် ဖြစ်ရတဲ့ မုန်တိုင်းတွေ ပြီးဆုံးသွားပြီ

www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ သတ်မှတ်လိုက်ကြပါ။ ကျွန်တော်စောစောက ရှင်းပြသွားတာ ဟာ တရားခံဘက်က ဝန်ခံသွားကြတဲ့ ထွက်ချက်တွေပါပဲ… တကယ်တော့ ဦးငွေဒွန်းဆိုတာ လူသတ်မှု၊ လုယက်မှုတွေနဲ့ ထောင် အကြိမ်ကြိမ်ကျခဲ့ဖူးတဲ့ ထောင်ထွက်တစ်ယောက်ပါ။ ကဲ…ကျွန် တာကို လေးနက် ဆက်ရှင်းပြပါလိမ့်ဦးမယ်…"

* * *

## အခန်း - ၃၅

"စောစောက သော့ပျောက်နေတဲ့ မော်သေတ္တာလေး ကိစ္စ ပြန်ဆက်ကြရအောင်။ အဲဒီသော့ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာဖွေပြီး ကိစ္စတွေအားလုံး ပြေလည်အောင် ဖြေရှင်းပေးလိုက်တဲ့ အချိန်မှာပဲ။ မော်သေတ္တာကို ဖွင့်တဲ့သော့ဟာ ထွက်လာပါတယ်။ ဟောဒီမှာပါ…"

လေးနက်ဟာ နေမင်းမောင်ဆီက ချော့ပို့နဲ့ ပြန်ရောက်လာ တဲ့ ရှေးဟောင်းပေပုရပိုက်လေးကို အများမြင်အောင် ထောင်ပြ လိုက်သည်။

"ဟောဒီ ပေပုရပိုက်ထဲမှာ၊ မယ်မင်းဖြူဖြူနဲ့ ပတ်သက် သမျှတွေကို အသေးစိပ် ရှင်းလင်းရေးသားထားပါတယ်။ ဝန်ကြီး သတိုး သီဟရာဇာရဲ့ ဖြေရှင်းချက်တစ်ခုပါ။ ဒီမြို့အတွက် အလွန်တရာ အရေးကြီးလှတဲ့ ဟောဒီသော့ကလေးဟာ တောင်းရမ်းစားသောက် သူ အမျိုးသမီးကြီး ဒေါ်ငွေးမိလက်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတယ်..''

''ဟင်...ဒီ ပေပုရပိုက်က ဘယ်လိုဖြစ်လို့ သူတောင်းစားမကြီး လက်ထဲရောက်နေရတာလဲ...''

''အေးဟယ်...ဟုတ်ပ...''

ဒီတော့မှ လူအုပ်ကြားထဲမှာ ယောနှောနှားထောင်နေတဲ့ သူတောင်းစားမကြီး ဒေါ်ဌေးမိလည်း မနေသာတော့ဘဲ...။

''ဒီမှာနော်...ကျုပ်က သူတောင်းစား...သူခိုးထက် သိက္ခာရှိတယ်။ ဘယ်ပစ္စည်းမှ တို့ဖူး၊ ဘတ်ဖူးတာမဟုတ်ဘူး..။ တောင်းစားတာတောင် ခခယယ ပြောဆို တောင်းစားတာ မဟုတ်ဘူး။ အကြွေတစ်ရာ၊ ငွေနှစ်ဆိုတာ မင်းတို့အတွက် လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးတောင်ရှိတာမဟုတ်ဘူး။ ငါ့လှူသွား...မင်းတို့တွေ ကုသိုလ်ရတယ်လို့ ပြောပြီးတောင်းစားတာ။ အဲဒါ ကျုပ်တို့ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာကြတဲ့ အဆင့်မြင့်မြင့်တောင်းရမ်းစားသောက်နည်းပဲ။ အဲဒီပေပုရပိုက်ကလည်း ဟို...စင်ပေါ်က စပ်စုစိန်ပြောသလို ကျုပ်တို့မြို့ရဲ့ သော့တစ်ချောင်တွေ ဘာတွေ ဆိုပြီး သိတာမဟုတ်ဘူး..။ ကျုပ်အဘွား သူတောင်းစားလုပ်တုန်းက ဒီမြို့တစ်ပိုက်မှာ အကြီးအကျယ်လျောင်လှုပ်တာ ကြုံခဲ့ရပြီး ဘုရားပြိုဘုရားပျက်ထဲက ရလာတာ...ဟဲ့...စပ်စုစိန်...နင်အဲဒါပါ ထည့်ရှင်းပြလိုက်ဦး...''

''ဟုတ်ပါတယ်...တကယ်တော့ ဟောဒီတစ်မြို့လုံးဟာ ဒေါ်ဌေးမိကျေးဇူးမကင်းပါဘူး..။ သူက ကျွန်တော့်ကို ဒီပေပုရပိုက် လက်ဆောင်ပေးပါတယ်။ ရှေးခေတ်ပါဠိဘာသာနဲ့ ရေးထား



တော့ ကျွန်တော် မဖတ်တတ်ပါဘူး။ ဒါနဲ့ မြို့က ကျွန်တော့်သူငယ်ချင်းတွေဆီ ဘာသာပြန်နိုင်အောင် ပို့ခဲ့ပါတယ်.။ အခု ဒီပေပုရပိုက်ပါ အကြောင်းအချက်တွေကို မြန်မာလို ဘာသာပြန်ပြီး ကျွန်တော့်ဆီ ပြန်အပို့မှာ ပြဿနာတွေက ပြီးဆုံးသွားပါပြီ။ ဒါပေမဲ့ ဒီပေပုရပိုက်ကလေး ကျွန်တော်တို့ဆီ ပြန်ရောက်လာတာ အချိန်နောက်ကျလှတယ်တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ မသိတဲ့ကိစ္စတော်တော်များများကို ဒီပေပုရပိုက်ထဲမှာ တွေ့ရပါတယ်...''

''အယ်...ရှင်းပါဦး မြို့ကြီးသားရယ်...''

''ဖြစ်ပုံက ဒီလိုပါ..အများသိကြတဲ့အတိုင်း မယ်မင်းဖြူဖြူဟာ သေအံ့ဆဲဆဲမှာတင် အမုန်းမြို့ကို ကျိန်စာတွေတိုက်သွားတဲ့ကိစ္စ၊ သမင်လိုက်တောင်တော်သခင်မဖြစ် နေတဲ့ကိစ္စတွေဟာ မှန်သင့်သလောက်မှန်ပါတယ်''

အဲ...လူတွေ လုံဝမသိကြတဲ့အချက်ကတော့ သေလွန်ပြီးတဲ့နောက်ပိုင်း မိဖုရားခေါင်ကြီး ရှင်ငွေစံဟာ မယ်မင်းဖြူဖြူရဲ့ ဝိဉာဉ်ကို ယုတ်မာကောက်ကျစ်တဲ့ အောက်လမ်းနည်းသုံးပြီး မြေအိုးအစီအရင်နဲ့ နှစ်တစ်ထောင် ချုပ်ခဲ့ပါတယ်...''

''ဗုဒ္ဓေါ...နှစ်တစ်ထောင်...''

''ဟုတ်ပါတယ်...ဒါ့ကြောင့်လည်း မယ်မင်းဖြူဖြူဟာ အမုန်းမြို့ကို နှစ်တစ်ထောင်လုံးလုံး ခြောက်လှန့်နေတော့တာပါ။ ဒီမြေအိုးအစီအရင်ကို လုံခြုံတဲ့နေရာမှာ ဝှက်ခဲ့ဖို့ ဝန်ကြီးကို မိဖုရားခေါင်ကြီးက တာဝန်ပေးခဲ့တယ်။ စိတ်ကောင်းရှိတဲ့ ဝန်ကြီးက မိဖုရားကြီးရဲ့စကားကိုလည်း နားထောင်ရာကျအောင်၊ နောင်းလှု

www.burmeseclassic.com

www.burmeseclassic.com



တို့လည်း ဒီကိစ္စကို သိရှိအဖြေထုတ်နိုင်အောင် ရည် ရွယ်ပြီး သူ့နည်းသူ့ဟန်နဲ့ အိမ်ကြွေးရှင်းတွေ ပေးခဲ့တယ်...''

''ဘာလဲဟ...အိမ်ကြွေးရှင်း...''

''အတိတ်တို့၊ နမိတ်တို့၊ သဲလွန်စတို့ပေါ့ဗျာ..။ အဲဒီ သဲလွန်စတွေကို အခြေခံပြီး ကျွန်တော် မြေအိုးလေးတွေ့ခဲ့တယ် မဟုတ်လား..ဝန်ကြီးဟာ အဲလိုနည်းနဲ့မှ မတွေ့ဘူးဆိုရင် သူစီရင်ခဲ့ ပုံအဆင့်ဆင့်ကို အသေးစိပ်ရေးထားတဲ့ ဟောဒီပေပုရပိုက်ကလေးကို ဘုရားတစ်ဆူအောက်မှာ မြှုပ်ခဲ့ပါသေးတယ်။ ဖြစ်ချင်တော့ အဲဒီ ပေပုရပိုက်ကလည်း ငလျင်တွေ ဘာတွေလှုပ်ရှင်းကနေ အမျိုး သမီးတစ်ယောက်လက်ထဲရောက်သွားရတာပါ...။ တိတိကျကျ ပြောရရင် ဒေါ်ဌေးမိအဘွားဆီပေါ့..''

''ဒါ...ဒါဆို...မြို့ကြီးသား...ကျုပ်တို့မြို့ကို ကျနေတဲ့ အရိပ်ဆိုးကြီး မရှိတော့ဘူးပေါ့နော်...ဟုတ်လား...''

''သေချာတာပေါ့...မြေအိုးအဖုံးကို ဖွင့်လိုက်ကတည်းက အကျဉ်းကျနေတဲ့ ဝိညာဉ်ဟာ သူလိုရာကို သွားနိုင်ခဲ့ပါပြီ။ ခင်ဗျား တို့လည်း သခင်မကို ကြောက်ရွံ့နေကြမယ့်အစား နှစ်တစ်ထောင် လုံးလုံး ချုပ်နှောင်ခံခဲ့ရတဲ့အတွက် ဂရုဏာစိတ်နဲ့ အမျှအတန်းပေး ဝေ မေတ္တာပို့ပေးကြပါဗျာ...''

''စိတ်ချပါ...ကျုပ်တို့က ဒါတွေမှ မသိပဲဗျ...။ ဒီကြား ထဲ မီးလောင်ရာလေပင့်ဆိုသလို ဟို...လူယုတ်မာဦးငွေဒွန်းက ဝင်ရှုပ်လိုက်တော့ အခြေအနေတွေ ပိုဆိုးကုန်တာပေါ့..။ ကျုပ်တို့ တစ်မြို့လုံး စုပြီးသခင်မအတွက် အလှူအတန်းတွေ လုပ်ပေး



ပါ့မယ်...''

''ဟုတ်တယ်...။ ကျုပ်တို့လည်း ကတိပေးတယ်..''

''မြို့ကြီးသား ဝင်ကယ်လိုက်ပေလို့သာပေါ့ဗျာ...။ နို့မို့ ဆို ကျုပ်တို့ မြို့သားတွေ နောက်ထပ် နှစ်တစ်ရာကြာတဲ့အထိ ဒီကျိန်စာကြီးကို သားစဉ်မြေးဆက် ခါးစည်းခံနေကြရဦးမယ်...''

''ကျေးဇူးကြီးပါပေတယ်ဗျာ...''

ရွှေတာလုတ်မြို့ကလေးရဲ့ သတင်းစာရှင်းလင်းပွဲက ထိုသို့ အောင်အောင်မြင်မြင်ပြီးဆုံးခဲ့ပါသည်။

တစ်မြို့လုံးက လူတွေလည်း ပျော်ရွှင်ကြည်နူးနေကြ သည်။

ပင့်သက်ရှိုက်ရင်း ဝေ့ဝဲလာတဲ့ မျက်ရည်ကို ထိန်းနေရသူ ဆိုလို့ နှစ်ယောက်သာ ရှိပါလိမ့်မယ်။

လေးနက်နဲ့ ဆုသျှရီပန်....။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃၆

အိပ်မက်ဆန်ဆန်နဲ့ မြို့ကလေးဆီ ရောက်လာတဲ့ လူငယ်လေးဟာ အိပ်မက်ဆန်ဆန်ပဲ မြို့ကလေးကနေ ထွက်ခွာသွားခဲ့ပါသည်။

ကြာပြီ…။

ကြာတော့ ကြာခဲ့ပြီ…။

အခုနေ သူက မေ့လျော့သွားခဲ့မယ်ဆိုရင်တောင် ဟောဒီမြို့သားတွေကတော့ အသက်ရှိနေသရွေ့ သူ့ကို သတိရနေကြဦးမည်သာ…။

သူ ပြန်မယ့်နေ့က ကားဂိတ်အထိ လူတော်တော်များများ လိုက်ပို့ပေးခဲ့ကြသည်။

ဘုန်းဘုန်းအပါအဝင် ရွှေအုပ်စားပွဲရုံပိုင်ရှင်၊ နေဝန်းနီ တည်းခိုခန်းမန်နေဂျာ၊ တောင်းရမ်းစားသောက်သူ ဒေါ်ဌေးမိ၊ ရဲအရာရှိ ကိုကျော်ထွဋ်ခေါင်၊ အရီးနဲ့ဆုသျှရီပန် ယုတ်စွအဆုံး တစ်



မြို့လုံးက ဝက်မမှန်သမျှနဲ့ မကင်းလေသူ ဝက်သိုးကြီးကိုမျိုးအောင်နဲ့ သခင် ဦးခင်မောင်ကြီးက အစ၊ ကလေးဗိုလ် မောင်အောင်အဆုံးပေါ့…။

"ကြုံရင် ဝင်လာလည်ဦးပေါ့ ကောင်လေးရယ်။ နင်မလာနိုင်တော့ဘူးမှန်း သိပေမယ့် မိုးတွေသည်းလာတိုင်း ငါဇရပ်ပျက်ကြီးပေါ်မှာ ထိုင်ပြီးနင့်ကို မျှော်နေဦးမှာပါ…"

ခပ်ရင့်ရင့် တောင်းစားတတ်သူ ဒေါ်ဌေးမိရဲ့ ပါးပြင်မှာ မကျစဖူး မျက်ရည်တွေ လိမ့်လိမ့်ကျလာသည်။

နေဝန်းနီ တည်းခိုခန်းမန်နေဂျာက အံတင်းတင်းကြိတ်ရင်း…

"နောက်တစ်ခေါက်သာ မင်းပြန်ရောက်လာခဲ့မယ်ဆို ငါတို့ မင်းအပေါ် အရမ်းကို ညှို့ဝတ်ကျေမိကြမှာပါ..။ ကိုယ့်အပေါ် ကူညီဖို့ ရောက်လာတဲ့ မိတ်ဆွေကို ရန်သူလို ဆက်ဆံမိခဲ့တဲ့အပေါ် ပြန်စဉ်းစားတိုင်း၊ စိတ်မကောင်းဘူး လူလေးရာ.."

"အေးကွာ…နောက်တစ်ကြိမ်ဆိုတဲ့ အခွင့်အရေးသာရှိခဲ့တယ်ဆိုရင် ဦးလေးလည်း ဦးလေးရဲ့စားသောက်ဆိုင်မှာ မင်းကို လိုလေသေးမရှိ ပြုစုချင်ပါသေးတယ် လေးနက်ရယ်…"

ကြာတော့ ဘုန်းဘုန်းတို့လဲ မနေသာတော့ဘဲ…

"ကဲ…ကဲ…အိမ်ပြန်ရတော့မယ့် ဧည့်သည်တစ်ယောက်ကို စိတ်မကောင်းစရာတွေ မပြောပါနဲ့တော့ ဒကာကြီးတို့ရယ်… ဒကာလေးလည်း ကားပေါ်တက်တော့…လူစုံနေပြီ…"

"တင်ပါ့ဘုရား…ဘုန်းဘုန်းကို ကန်တော့ခဲ့ပါဦး

www.burmeseclassic.com

www.burmeseclassic.com



မယ်...''

ဆုတွေပေးနေတဲ့ ဘုန်းဘုန်းအသံတွေကလည်း အရင်ကထက် တုန်ခါနေသလို...

အဲဒီအချိန်မှာဘဲ အရီးက 'ဝါး'ကနဲ ချုံးပွဲချ ငိုကြွေးလိုက်ပါရော...။

''ဟောဒီ မျက်မှန်ကြီးရှိနေသရွေ့ မင်းကိုသတိရနေမှာ မောင်ရင်လေးရယ်...ဟီး...''

''မငိုပါနဲ့...မငိုပါနဲ့...အရီးရယ်... ကျွန်တော် ဘယ်စိတ်ကောင်းမလဲ...ကျွန်တော်တို့ အားလုံးဟာ ဒုက္ခရောက်လာကြတဲ့ ဧည့် သည်တွေချည်းပါပဲ...အားလုံးဟာ အနေနဲ့ အမြန်ဆိုသလို ခွဲခွာ ကြရဦးမှာပါပဲ...ဒုက္ခရောက်လာတဲ့ အခိုက်ကလေးမှာ ကိုယ်တတ် နိုင်သလောက်ကလေး ကူညီခွင့်ရရင်းနဲ့ တွေ့ဆုံခဲ့ရတာပါ။ အား လုံးကို ကျွန်တော် သတိရနေမှာပါ...ဩော်...ဒါနဲ့ ဦးလေး ဦးခင်မောင်ကြီး...''

''ပြော...ဗျာ...ကျုပ်နားထောင်နေပါတယ်...''

''ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကိုမျိုးအောင်ကြီးကို မပေါ် (မသတ်)ပါနဲ့တော့ဗျာ...ဒုက္ခတွေခဲ့ရတယ်ဆိုပေမယ့် ကျွန်တော် ဒီကောင်ကြီးကို သံယောဇဉ်ဖြစ်သွားမိလို့ပါ...''

''စိတ်ချပါ...ဦးလေး ကတိပေးပါတယ်...သားကြီးကို ဦးလေး မပေါ်တော့ပါဘူး...''

''တီ...တီ...တီ...တီ...''

အလွှမ်းတွေ သယ်ကောင်းကောင်းနဲ့ သယ်နေလိုက်ကြ



တာ ကားဟွန်းပင် တီးနေလေပြီ...။

''သျှရီ...ညီမလေး...''

တစ်ယောက်နဲ့ တစ်ယောက် အကြာကြီး ကြည့်ဖြစ်နေကြသည်။

အကြည့်တွေထဲမှာ လိပ်ပြာတွေ ဝေ့ဝဲပျံသန်းသွားကြသည်။ အကြည့်တွေထဲမှာ သက္ကရာဇ်တွေ အဆုံးအစမဲ့ ခရီးကို တရွေ့ရွေ့ခရီးနှင်ကုန်သည်။ အကြည့်တွေထဲမှာ စာချုပ်မဲ့ လက်ထပ်ပွဲတစ်ခုကို ပရိသတ်မပါ နှစ်ယောက်တည်း ကျင်းပဖြစ်သွားသည်။ အကြည့်တွေထဲမှာ တစ်ယောက်ကိုတစ်ယောက် ဘာစကားမှ ထပ်ပြောစရာ မလိုလောက်အောင် နားလည်သွားကြသည်။

ဘာစကားမှ မပြောဖြစ်ကြ။

ဘာ...စကား...မှ...မပြော...ဖြစ်...ကြ...။

* * *

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နှစ်အနည်းငယ်ကြာသောအခါ



သူထွက်သွားပြီးတဲ့နောက်ပိုင်း သိပ်မကြာခင်ပင် ရွှေတာလုတ်မြို့က လူတွေ ကြွေးမြီတွေ ကင်းလာပြီး ကြီးစားရင်ကြီးစားသလောက် ချမ်းသာကြွယ်ဝလာကြသည်။

ချောမောလှပတဲ့ လူရွယ်လူငယ်ကလေးတွေ တဖြည်းဖြည်း ပေါ်ထွက်လာပြီး ချစ်သူရည်းစားတွေ ဖြစ်လာကြသည်။

ရင်ခုန်စရာ လက်ထပ်ပွဲကလေးတွေ ကျင်းပလာနိုင်ခဲ့လေပြီ။

တစ်မြို့လုံး ကျိုန်စာအောက်ကနေ လွတ်မြောက်လာခဲ့ပေမယ့် မိန်းကလေးတစ်ယောက်ကတော့..ဘယ်သူနဲ့မှ လက်မထပ်ဖြစ်ခဲ့...။ ဘယ်သူနဲ့မှလည်း ချစ်သူ မဖြစ်ခဲ့ပေ...။

"အဲဒီမိန်းကလေးလေ...မြို့ကြီးသားက ပွဲလန့်တုန်း ဖျာခင်းသွားတာနဲ့ပဲ တစ်သက်လုံး ဒီလိုကြီးနေသွားတာ..."

တချို့ကတော့ သူမအဖြစ်ကို ကြည့်ပြီး အမျိုးမျိုးဝေဖန်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း…။ ကိုက ပွဲလန့်တုန်းဖျာခင်းသွားတဲ့ လူတစ်ယောက်မှ မဟုတ်တာ…။

လမင်းလန့်တုန်း ကြယ်တွေ ခင်းပေးသွားခဲ့တာပါကွယ်..။

လင်းလက်နေတဲ့ ကြယ်ပွင့်ကလေးတွေကို ငေးကြည့်နေရရုံနဲ့ ကျွန်မဘဝ ပြည့်စုံခဲ့ရပါတယ်..။

**ညေး**

၁၄-၉-၂၀၁၃
nyayyy@gmail.com
www.facebook.com/Nyay Nyay

BURMESE CLASSIC .com

www.burmeseclassic.com